မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၇၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ စနေနေ့။

စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၁၅

ဒေသတွင်းပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးကောင်စီဥက္ကဋ္ဌ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း H.E. Professor Dr. Surakiart Sathirathal နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးကောင်စီ၏လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဒေသတွင်းပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးခင်ရီ၊ ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေးကောင်စီဥက္ကဋ္ဌ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း H.E. Professor Dr. Surakiart Sathirathal နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဘဏ်စနစ်ဖြင့် အမျိုးသမီးများအား အိမ်ထောင်စုငွေကြေးလုံခြုံမှုမြင့်မားရေး ငွေစုငွေချေးအဖွဲ့အစည်းငယ်များကို တည်ထောင်ရန် ပြုစုပျိုးထောင်ပေးခဲ့

သတင်း-ခင်ရတနာ
ဓာတ်ပုံ-သွန်းဝဿန်

ရန်ကုန် ဇူလိုင် ၄

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် "စွမ်းရည်"အမည်ရှိ အမျိုးသမီးထု စွမ်းဆောင်မှုမြှင့်တင်ပေးနေသည့်အဖွဲ့က တစ်နှစ်အတွင်း အမျိုးသမီးအရေအတွက် ၂၄၅၀၀ ကို စွမ်းရည် မြှင့်တင်မှုများပြုလုပ်ရန် အကူအညီအပြည့်အဝပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအဖွဲ့ကို ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ကိုကာကိုလာ ကုမ္ပဏီနှင့် ပရဟိတအဖွဲ့အစည်း Pact တို့ပူးပေါင်းကာ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ရန် "စွမ်းရည်ပရောဂျက်"ကိုစတင်ဆောင်ရွက်ခဲ့ပြီး နှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများကို ဘဏ္ဍာရေးဆိုင်ရာ အတတ်ပညာ၊ ကိုယ်ပိုင်စီးပွားလုပ်ဆောင်တတ်မှုနှင့် စီးပွားရေးခန့်ခွဲမှု အတတ်ပညာတို့ကို သင်ကြားပေးကြောင်းသိရသည်။

စွမ်းရည်ပရိုဂရမ်စတင်ပြီး နှစ်နှစ်တာကာလအတွင်း အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များစွာ ပေါ်ထွက်လာကာ စွမ်းရည်အဖွဲ့ဝင်အမျိုးသမီးများနှင့် ၎င်းတို့နေထိုင်သည့် လူမှုအသိုက်အဝန်းနှင့်မိသားစုဘဝများပါ စွမ်းရည်မြှင့်တက်လာသည်ကို အားရဖွယ်မြင်တွေ့ရကြောင်း စွမ်းရည်စီမံချက် တည်ထောင်သူများက သတင်းထုတ်ပြန်ထားသည်။

ယခင်က ကျောက်ခွဲသည့်လုပ်ငန်း လုပ်ကိုင်ကာ ရုန်းကန်နေရသော ကလေး လေးယောက်မိခင် မလင်းလင်း။ (တစ်နှစ်ကျော်ကာလအတွင်း လုံခြုံစိတ်ချရသည့် အရိပ်ကိုပေးနိုင်စွမ်းရှိသော စွမ်းရည်ပြည့်မိခင် တစ်ဦးဖြစ်လာ)

ယခင်က ကျောက်တောင်လုပ်ငန်း (ကျောက်ခွဲသည့်လုပ်ငန်း) လုပ်ကိုင်ကာ ရုန်းကန်နေရသော ကလေးလေးယောက်မိခင် မလင်းလင်းသည် စွမ်းရည်ပရိုဂရမ်တွင် အဖွဲ့ဝင်ပြီးနောက်ပိုင်း လူမှုစီးပွားဘဝများ တိုးတက်လာအောင် စွမ်းရည်ပရိုဂရမ်က စွမ်းရည်မြှင့်တင်ပေးလိုက်သည့်

စာမျက်နှာ ၉ ကော်လံ ၁ ✳

စီးပွားရေးလုပ်ငန်းသစ်များ ဖော်ထုတ်နိုင်ရန် ပြိုင်ပွဲကျင်းပမည်

မြတ်စန္ဒီ

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် စီးပွားရေးတိုးတက်မှု အခြေအနေနှင့်အညီ ကမ္ဘာနှင့်အညီ ရင်ပေါင်တန်းနိုင်မည့် စီးပွားရေးလုပ်ငန်းရှင်လူငယ်များအား စနစ်တကျမွေးထုတ်ပေးနိုင်ရန်နှင့် စီးပွားရေး လုပ်ငန်းသစ်များ ဖော်ထုတ်နိုင်ရန် ရည်ရွယ်လျက် Myanmar Business Model Contest 2014 ပြိုင်ပွဲကျင်းပမည်ဟု သိရသည်။ အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI နှင့် ဂျပန်နိုင်ငံ CIESF အဖွဲ့တို့ ပူးပေါင်းကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❖

နိုင်ငံတကာ

ကမ္ဘာ့ဖလားကျင်းပရာ ဘရာဇီးမြို့တွင် ဆောက်လုပ်ဆဲမိုးပျံလမ်း ပြိုကျမှုဖြစ်ပွား

စာမျက်နှာ ❖ ၄

ဆောင်းပါး

လျှပ်စစ်စွမ်းအားဖြင့် လူမှုစီးပွားရေး တိုးတက်လာမည့် ကချင်ပြည်နယ်

စာမျက်နှာ ❖ ၆

အားကစား

ကမ္ဘာ့ဖလားလက်မှတ်မှောင်ခိုရောင်းချမှု ဖီဖာအဖွဲ့ဝင်တစ်ဦး ပါဝင်ပတ်သက်နေ

စာမျက်နှာ ❖ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အားကျဂုဏ်ယူစေချင်ပါသည်

လူ့ဘဝ အောင်မြင်တိုးတက်ရေး လမ်းကြောင်းတစ်ခုမှာ အောင်မြင်သောသူများကို အားကျဂုဏ်ယူ ကြိုးစားခြင်းပင်ဖြစ်ပါသည်။ အောင်မြင်သူများသည် ရှေ့ဆောင်လမ်းပြကြယ်များပင်ဖြစ်ပါသည်။ အောင်မြင်သူများကိုကြည့်ပြီး ငါတို့လည်းအောင်မြင်သူများဖြစ်အောင်ကြိုးစားမည်ဟူသော ဇွဲစိတ်အရင်းပြုကာ ကြိုးစားသဖြင့် နောက်ဆုံး အောင်မြင်သောသူများ တဖြည်းဖြည်းတိုးပွားလာကြကုန်၏။ စီးပွားရှာသည်ဖြစ်စေ၊ပညာရှာသည်ဖြစ်စေ အောင်မြင်သောသူများကို အားကျကြိုးစားမည်ဆိုလျှင် သင်သည်လည်း တစ်နေ့ မုချအောင်မြင်သူဖြစ်လာမည်ဖြစ်ပါသည်။

ပညာရှာလောကသား ကျောင်းသား ကျောင်းသူများအဖို့ အားကျဂုဏ်ယူစရာမှာ ဂုဏ်ထူးများဖြင့် အောင်မြင်သူများပင်ဖြစ်ပါသည်။ ဂုဏ်ထူးများစွာရသောသူများကို အားကျကြိုးစားခဲ့သော ကျောင်းသားကျောင်းသူများသည် နောက်ဆုံးဂုဏ်ထူးထွက်သော ကျောင်းသားများဖြစ်လာရသည့်သဘောဖြစ်ပါသည်။ မကြာမီက တက္ကသိုလ်ဝင်တန်း တစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးနှင့် အောင်မြင်သော ကျောင်းသား ကျောင်းသူများ၏စာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲ အဆင့်(၁)ရရှိသူမှာ ရန်ကုန်တိုင်းဒေသကြီး အထက(လှေ့ကျင့်ရေး)ကမာရွတ်မှ မသီရိထက်နိုင်ဖြစ်ပြီး ရမှတ် ၅၅၈ မှတ်ဖြင့် ဘာသာစုံဂုဏ်ထူးထွက်ခဲ့ပါသည်။ ထို့အတူ အထက (၁) ဒဂုံမှ မမေမြတ်နိုးက ၅၅၇ မှတ်ဖြင့် သိပ္ပံတွဲဒုတိယရပြီး အထက (၂) လသာမှ မကေခိုင်က အမှတ် ၅၅၄ မှတ်ဖြင့် သိပ္ပံတွဲတတိယ အမှတ်အများဆုံး ရရှိခဲ့ပါသည်။

ထို့အတူဝိဇ္ဇာဘာသာတွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဇလွန် အထက(ခွဲ)ရွှေကျောင်းမှ မတင့်တင့်လှိုင်သည် မြန်မာစာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ ဂုဏ်ထူးငါးဘာသာထွက်ခဲ့ပါသည်။ စုစုပေါင်းရမှတ် ၅၀၀ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဝိဇ္ဇာတွဲ ပထမရခဲ့ပါသည်။ ဝိဇ္ဇာဘာသာတွဲသည် အမှတ်ပြည့် ရရန်ခက်ခဲသော်လည်း ဂုဏ်ထူးငါးဘာသာရအောင် ကြိုးစားနိုင်ခြင်းမှာ အလွန်ပင်ချီးကျူးစရာကောင်းပါသည်။ ထူးခြားသည်မှာ ဝိဇ္ဇာဘာသာတွဲတွင် အဆင့်(၁)မှ(၇)အထိ ဧရာဝတီတိုင်းဒေသကြီး တစ်ခုတည်းမှ ရရှိသွားခဲ့ခြင်းဖြစ်ပါသည်။ ဤသည်မှာ ကျောင်းသားကျောင်းသူများက တိုင်းဧရာ၏ဂုဏ်ကို ဆောင်လိုက်ခြင်းပင်ဖြစ်ပါသည်။ နောင်သောအခါ ဧရာဝတီတိုင်းဒေသကြီးတွင် ဝိဇ္ဇာပညာ ထူးချွန်သောပညာရှင်များ အမြောက်အမြားပေါ်ထွန်းလာမည့် နိမိတ်ရှေ့ပြေးဟုပင် မှတ်ယူနိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကျောင်းများ၊ ကျောင်းသားကျောင်းသူများကလည်း ဂုဏ်ယူအားကျကြိုးစားသင့်ပါသည်။ ယခုအချိန်မှစပြီး ကျောင်းတိုင်းကျောင်းတိုင်းက မိမိတို့ကျောင်းကို အောင်ချက်မြင့်မားသော ကျောင်းများဖြစ်လာရန် ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အောင်ချက်မြင့်မားသော ကျောင်းကောင်းတစ်ကျောင်းဖြစ်လာရန်မှာ ဆရာ၊ မိဘ၊ ကျောင်းသား သုံးပွင့်ဆိုင် လက်တွဲညီညီဆောင်ရွက်မှ ဖြစ်နိုင်ပါသည်။ အထူးသဖြင့် ဆရာ ဆရာမများ၏ စီမံအုပ်ချုပ်မှု၊ သင်ကြားပြသမှုတို့သည် အရေးအကြီးဆုံးဖြစ်ပါသည်။ စည်းကမ်းကောင်းအောင်လုပ်မည်။ သင်ကြားပြသမှုကောင်းအောင် လုပ်မည်ဆိုလျှင် အောင်ချက်မြင့်မားသော ကျောင်းများဖြစ်လာမည် ဖြစ်ပါသည်။ ထိုနှစ်ချက် လျော့ရဲနေမည်ဆိုလျှင် မည်သည့်အခါမှ အောင်ချက်မြင့်မားသော ကျောင်းကောင်းဖြစ်လာမည်မဟုတ်ပါ။ သို့ပါ၍ အားကျဂုဏ်ယူကြိုးစားမည်ဆိုလျှင် အောင်မြင်သော ကျောင်းများအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာအမျိုးသမီးများနေ့အခမ်းအနား မုံရွာမြို့တွင် ကျင်းပ

မုံရွာ ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ ကျောင်းသူလေးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ထူးချွန်ဆုရ အမျိုးသမီးများအား တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးပြီး International School (ILBSM) မှ မအိစံပယ်ထူးက မုံရွေးရည်သီချင်းဖြင့်လည်းကောင်း၊ မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများမှ တိုင်းရင်းသားရိုးရာတေးသရုပ်ဖော်အကများဖြင့် လည်းကောင်း၊ အမက(၂၄) ပွဲစားတန်းကျောင်းမှ ကျောင်းသူ လေးများက ဝတ်စားဆင်ယင်မှုအလှပြဖြင့် လည်းကောင်း၊ ပညာရေးကောလိပ် ကျောင်းသားကျောင်းသူများက ရှမ်းရိုးရာအကဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်းမူကြို ကျောင်းမှ မအိမ့်စုရည်ကျော်က တစ်ပင်တိုင်အကဖြင့် လည်းကောင်း၊ သူနာပြုသင်တန်းကျောင်းမှ ကျောင်းသူ ကျောင်းသားများက ချင်းရိုးရာအကဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်းမူကြို ကျောင်းမှ ကလေးငယ်များက ကိုဘီအေသီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာ အဖွဲ့က ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ ကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

အသွင်သစ်နှင့်သုတပဒေသာ စာစောင်ထွက်ပြီ

ရန်ကုန် ဇူလိုင် ၄

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော စာပေဗိမာန်ထုတ် သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်ဆိုင်ရာ အပြောင်းအလဲများကို မေလထုတ်မှ စတင်လုပ်ဆောင်လျက်ရှိသည်။

အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်း လူငယ်များအား အဓိကဦးတည်ကာ ယခုဇွန်လထုတ် သုတပဒေသာစာစောင်တွင် ဆရာကျော်ဝင်း၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ တက္ကသိုလ်မြတ်သူ၊ ဆရာဆလိုင်းလျန်မှုန်း၊ ဆရာအေးမောင်ကျော်တို့၏ ရှုထောင့်အမြင်အမျိုးမျိုးဖြင့် ရေးသားပုံဖော်ထားသော ဖက်ဒရယ်မူနှင့် ပြည်ထောင်စုစိတ်ဓာတ် မျက်နှာဖုံးဆောင်းပါးများ၊ ဆရာရဲထွဋ်၏ ရွေးကောက်ပွဲနှင့် စတုတ္ထမဏ္ဍိုင် တာဝန်ဆောင်းပါး၊ မောင်မြင့်ကြွယ်၊ ကြည်မင်း၊ တင်ညွန့်၊ ဒေါက်တာညဏ်ဟိန်းလတ်တို့၏ လူငယ်တို့အတွက် အတွေးအခေါ်နှင့်တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကလျာအိအိလွင်၊ ပြည်ကြီး၊ သာလူရှည် အစရှိသော စာရေးဆရာကြီးများ၏ အတွေးအခေါ်၊ နီတိကျင့်ဝတ်နှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးပေါင်းများစွာကို ရောင်စုံ ဖြူ/မည်းသရုပ်ဖော်ပုံများ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။ အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊၀၁-၃၈၁၄၄၈၊ စာပေဗိမာန် စာအုပ်ဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြေအောက်ရေတူးဖော်ရရှိရန်ညှိနှိုင်း

ကျိုက်ထို ဇူလိုင် ၄

ကျိုက်ထိုမြို့နယ် မြေအောက်ရေတူးဖော်ရရှိရန် စီမံချက်ရေးဆွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မြို့နယ်ထွေ/အုပ်ရုံး၌ ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေး ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစောရွှေက ကျိုက်ထိုမြို့နယ်ရှိ ဒေသအားလုံးသည် ရေရှားပါးသော ဒေသများမဟုတ်သဖြင့် တွင်းနက်တူးဖော်မည့်အစား ရေသွယ်တန်းခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်သင့်ကြောင်း တက်ရောက်လာသူများက သဘောတူ ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **ဝင်းမောင် (iprd)**

PUN HLAING HOSPITAL

အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်

အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအမျိုးမျိုး (Plastic Surgery) ကို အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုနယ်ပယ်တွင်အတွေ့အကြုံများစွာရှိသော **ထိုင်းနိုင်ငံမှဆရာဝန်ကြီး** ကိုယ်တိုင် ဇူလိုင်လ ၉ ရက်မှ ၁၂ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၁၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : enquiry.phh@spa.com.mm

ပြည်တွင်းသတင်း

တပ်မတော်သည် တိုင်းပြည်အကျိုးနှင့် အမျိုးသားရေးတာဝန်ကိုသာထမ်းဆောင်နေသဖြင့် ထိုလမ်းကြောင်းပေါ်မှာပင်သွားရန်ရှိ

နေပြည်တော် ဇူလိုင် ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲက ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ဂုဏ်ပြု တပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။ **(ယာပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဆူးလေစေတီတော်ပုံ ကျောက်စီပန်းချီကားတစ်ချပ်တို့ကို လက်ဆောင်ပေးအပ်သည်။ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း အေးချမ်းသာယာမှု အထိမ်းအမှတ် ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံသို့ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည်ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြရာ ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းနိုင်ငံ၏အခြေအနေကို ရှင်းပြပြီး နိုင်ငံရေးအုပ်စုနှစ်စုအား ညှိနှိုင်းပေးခဲ့သော်လည်း ပြေလည်မှုမရရှိသည့်အပြင် ရဲတပ်ဖွဲ့ဝင်များပါ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး နောက်ဆုံးတွင် အင်အားသုံးဖြိုခွဲရမည့် အနေအထားသို့ ရောက်ရှိလာကြောင်း၊ သို့ဖြစ်၍ ထိုင်းဘုရင့်တပ်မတော်က နိုင်ငံတော်အား သွေးထွက်သံယိုမှုမရှိဘဲ ဝင်ရောက် တာဝန်ယူထိန်းသိမ်းခဲ့ကြောင်း၊ တာဝန်ယူထိန်းသိမ်းစဉ် နှစ်ဖက်နိုင်ငံရေးအဖွဲ့အစည်းများမှ နိုင်ငံရေးခေါင်းဆောင်များ၊ တာဝန်ရှိသူများကို လာရောက်သတင်းပို့စေပြီး ၎င်းတို့၏ဆန္ဒများကို ထုတ်ဖော်စေခဲ့ပါကြောင်း၊ တပ်မတော်ကဝင်ရောက်တာဝန်ယူထိန်းသိမ်းခြင်းသည် ဒီမိုကရေစီ ဖော်ဆောင်နိုင်ရန်အတွက်ဖြစ်ပြီး စီးပွားရေးကျဆင်းလာမှုကို ထိန်းသိမ်းပေးခြင်း ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ဘုရင်မင်းမြတ်ထံ တင်ပြသွားမည်ဖြစ်ကြောင်း၊ ထို့နောက် တိုင်းပြုပြည်ပြုလွှတ်တော်ကို ဖွဲ့စည်းပြီး လွှတ်တော်မှ ဝန်ကြီးချုပ်ကို ရွေးချယ်မည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်က ဝန်ကြီးများကိုရွေးချယ်ပြီး ယာယီအစိုးရကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ယာယီအစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရေးဆွဲသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏လိုအပ်ချက်အရ တပ်မတော်သည် ပြည်သူများနှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိကြောင်း၊ တပ်မတော်သည် စည်းကမ်းရှိပြီး ဥပဒေကို လေးစားလိုက်နာကြောင်း၊ စနစ်တကျ ဖွဲ့စည်းထားသော အမိန့်နာခံတတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ရည်မှန်းချက်တာဝန်များကို အပြည့်အဝ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ၁၉၈၈ ခုနှစ်တွင် အလားတူ အခက်အခဲမျိုး ရင်ဆိုင်ခဲ့ရကြောင်း၊ Road Map (၇)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအစိုးရသည် ပါတီစုံဒီမိုကရေစီစနစ်ဖြင့်သွားနေပြီး သက်တမ်းသုံးနှစ်သာရှိသေးကြောင်း၊ ထိုင်းနိုင်ငံသည်လည်း လက်ရှိချမှတ်ထားသော Road Map ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း၊ အဓိကမှာ ပြည်သူများသည် ဥပဒေကိုနားလည်ရန်နှင့် လိုက်နာလက်ခံရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီသည် စည်းနှင့်ကမ်းနှင့် သွားရသည်ဆိုသည့် အမြင်ရှိရန်လိုအပ်ကြောင်း၊ ထိုင်းတပ်မတော်၏ ဆောင်ရွက်ချက်ကို ပြည်သူအများက ထောက်ခံကြသည်ဟု သိရှိရပါကြောင်း၊ တပ်မတော်သည် တိုင်းပြည်အကျိုးနှင့် အမျိုးသားရေး တာဝန်ကိုသာ ထမ်းဆောင်နေခြင်းဖြစ်၍ လမ်းကြောင်းပေါ်မှာပဲ ဖြောင့်ဖြောင့်သွားရန်ရှိပါကြောင်း၊ မိမိတို့တပ်မတော်၏မူဝါဒမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတို့ဖြစ်ပါကြောင်း၊ တပ်မတော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကာလသည် ဒုတိယပိုင်းကာလသို့ရောက်ရှိရန် နှစ်လလိုပါသေးကြောင်း၊ ဒုတိယပိုင်းကာလသည် တစ်နှစ်ကြာမည်ဖြစ်ပြီး စက်တင်ဘာ၊ အောက်တိုဘာလတွင် ယာယီအစိုးရ စတင်အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံဥပဒေကို အတည်ပြုပြီးပါက ရွေးကောက်ပွဲကျင်းပပြီး အာဏာရအစိုးရသို့အာဏာလွှဲပြောင်းပေးမည် ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်၏ မူဝါဒသုံးရပ်ကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တိုးတက်အောင်မြင်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဓိကမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယုံကြည်မှုပင် ဖြစ်ပါကြောင်း၊ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားရပါကြောင်း၊ မြန်မာနိုင်ငံတွင် အခြေပြုပြီး ထိုင်းနိုင်ငံကို ထိခိုက်စေမည့်ကိစ္စရပ်များ ဆောင်ရွက်မှုကို လက်ခံမည်မဟုတ်ပါကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိုလည်း ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ပြောလိုပါကြောင်း၊ ၎င်းတို့တွင် စိုးရိမ်ပူပန်မှုများရှိနေကြပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ၎င်းတို့အား စည်းကမ်းနှင့်အညီဖြစ်အောင် ကူညီပေးမည်ဖြစ်ကြောင်း၊ ထိုင်းတပ်မတော်ကလည်း မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက်ပေးနေကြောင်း သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလုပ်သမားကိစ္စကို မိမိကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ပေးနေပါကြောင်း၊ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း၊ လက်ရှိစီမံချက်အရ တရားဝင်သတင်းပို့ပြီး မှတ်ပုံတင် ထုတ်ပေးထားမည်ဖြစ်ကြောင်း၊ အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန်နှင့် အနိုင်ကျင့်ခံရမှုမရှိစေရန်ဖြစ်ကြောင်း၊ လက်ရှိတာဝန်ယူသည့် ကာလတစ်လနီးပါးတွင် မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်ရာတွင် အဆင်ပြေပါကြောင်း၊ ယခင်က တရားမဝင်ရောက်ရှိနေသူများအတွက် ကြားပွဲစားများ နှောင့်ယှက်နေသဖြင့် တစ်ဦးလျှင် ကုန်ကျစရိတ် ဘတ်ငွေ နှစ်သောင်း၊ သုံးသောင်း ရှိနေသော်လည်း လက်ရှိစီမံချက်အရ သက်သာသော နှုန်းထားဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ One Stop Service အရ တစ်နာရီအတွင်း မှတ်ပုံတင်ဆောင်ရွက်နိုင်ကြောင်း၊ ယခုစမ်းသပ်ဆဲကာလဖြစ်ပြီး နောက်နှစ်ရက်တွင် တစ်နိုင်ငံလုံး One Stop Service Centre များ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒေသစံတော်ချိန် ၁၁ နာရီခွဲတွင် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda နေအိမ်သို့ ရောက်ရှိကြသည်။ ယင်းနောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြရာ General Prem Tinsulanonda က တပ်မတော်ဆိုသည်မှာ နိုင်ငံ၏ခြံစည်းရိုးဟု ထိုင်းစကားပုံရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏လက်ရှိအခြေအနေမှာ ခြံစည်းရိုးအနေဖြင့် မလုံလောက်သဖြင့် ပြည်တွင်းလုံခြုံရေးအတွက်ပါ တာဝန်ယူနေရကြောင်း၊ ထိုင်းနှင့်မြန်မာသည် မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြောင်း၊ လက်ရှိအတိုင်း ဆက်လက် ရပ်တည်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံအတွက် တည်ငြိမ်အေးချမ်းစေရန်နှင့် တည်ငြိမ်အေးချမ်းမှုကို စိတ်ချရသည်အထိ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့်လည်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ဥပဒေနှင့်အညီ အလုပ်လုပ်ကိုင်ခွင့်ရရှိစေရေး၊ နယ်စပ်ဒေသစီးပွားရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

General Prem Tinsulanonda က ယင်းကိစ္စများကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

သန့်ရှင်းသောစွမ်းအင်ရှာပုံတော် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

အမရာဟိုတယ်(နေပြည်တော်)၌ စိမ်းလန်းအမိမြေ (ALARM) အသင်းကဦးဆောင်၍ အမေရိကန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်းကျင်းပသော သန့်ရှင်းသော စွမ်းအင်ရှာပုံတော် (In Search of Clean Energy) အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃၀ ရက်က ကျင်းပခဲ့ရာ ဒုတိယဝန်ကြီး ဦးမော်သာထွေးက မြန်မာနိုင်ငံ၏ လျှပ်စစ်ဆိုင်ရာ အချက်အလက်များ၊ လျှပ်စစ်စွမ်းအင် အရင်းအမြစ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အမေရိကန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကာကွယ်ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးဟောင်း Mr. Bruce Beckheit က "In Search of Clean Energy", Electrical Energy and Environment Myanmar", "Air Pollution" ခေါင်းစဉ်များဖြင့်လည်းကောင်း၊ Mr. Witoon Permpon gsacharoen , (ဒါရိုက်တာ၊ MEE Net)က " The Future of Myanmar Electricity Sector " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ အရပ်ဘက်အဖွဲ့အစည်း Sierra Club မှ Ms. Nicole Ghio, (International and Trade Representative) က "Beyond Coal, Building a Better World Together " ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက Strategy of Coal Power Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊TATA Power Company, Toyo-Thai Coporation Public Company Limited, Diamond Palace Services Company Pvt. Ltd., တို့မှ ကျွမ်းကျင်ပညာရှင်များက ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းပညာများ အသုံးပြုဆောင်ရွက်ထားရှိမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

နိုင်ငံတော်၌ ယခုအချိန်ထိ တပ်ဆင်စက်အင်အား (၄၃၆၂ မဂ္ဂါဝပ်)သာရှိသေးရာ အရှေ့တောင်အာရှနိုင်ငံများအားလုံးထဲမှ အနည်းဆုံးတပ်ဆင်စက်အင်အား ဖြစ်နေသည်။ လူတစ်ဦးချင်းစီအတွက် တစ်နှစ်သုံးစွဲနိုင်သော လျှပ်စစ်ဓာတ်အားယူနစ်မှာလည်း ၁၀၄ ယူနစ်သာ ရှိသေးသည်။ ကမ္ဘာ့ဒီးယားတွင် မြန်မာနိုင်ငံထက် ၁ ဒသမ ၂၅ ဆ၊ လာအိုက လေးဆကျော်၊ အင်ဒိုနီးရှားက ခြောက်ဆခန့်၊ ဗီယက်နမ်က ကိုးဆခန့်၊ ထိုင်းက အဆ ၂၀ ခန့်၊ မလေးရှားက ၃၆ ဆ၊ စင်ကာပူက ၇၈ ဆခန့် လူတစ်ဦးချင်း တစ်နှစ်သုံးစွဲနိုင်သော ဓာတ်အားယူနစ်များ မြင့်နေသည်။ ထို့ကြောင့် နှစ်စဉ် မဂ္ဂါဝပ် ၁၀၀၀ ခန့် တိုးချဲ့တည်ဆောက်ပြီး ဆောင်ရွက်နိုင်မှသာ မီးရပြီးသူရော၊ မီးမရသေးသူများပါ အမြန်ဆုံး တိုးတက်ရရှိလာကြမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လျှင် အချိန် သုံးနှစ်မှ ၁၀ နှစ်အထိ စောင့်ဆိုင်း ဆောင်ရွက်နေရသဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းပညာများလည်း ပေါ်ပေါက်နေပြီဖြစ်သည့်အတွက် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများလည်း ဆောင်ရွက်သွားသင့်ကြောင်း၊ ထိုမှသာ နှစ်အနည်းငယ်အတွင်း ဓာတ်အား လုံလောက်အောင် လုပ်နိုင်မှာဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအတွက်အနိမ့်ဆုံးအဆင့် ကမ္ဘာ့ဘဏ် "စံ" နှုန်းများထက် မနိမ့်သော စည်းကမ်း သတ်မှတ်ချက်များနှင့် ဆောင်ရွက်ကြမည် ဖြစ်ကြောင်း၊ ဆောင်ရွက်မှုများမလုပ်မီ သဘာဝပတ်ဝန်းကျင်နှင့် ထိခိုက်မှုဆန်းစစ်ချက်များလည်း တတိယအဖွဲ့အစည်းငှားရမ်းဆောင်ရွက်စေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စိစစ်ချက်ဖြင့်သာ ခွင့်ပြုမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကိုလည်း အကြိမ်ကြိမ် ရှင်းလင်းတင်ပြပြီးမှသာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ပြောကြား

စိမ်းလန်းအမိမြေ အသင်းမှ ဥက္ကဋ္ဌ ဦးဝင်းမျိုးသူက အကောင်အထည်ဖော်မည့် ကုမ္ပဏီအသီးသီးမှ ပညာရှင်များအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် အစီအစဉ်များ ဆွေးနွေးပေးခြင်း၊ အခြားမေးမြန်းလိုသူများ၏ မေးမြန်းချက်များအပေါ် အလေးထားကာ ပြန်လည်ဖြေကြားပေးခြင်း၊ ဆွေးနွေးပေးခြင်းများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ကမ္ဘာ့ဖလားကျင်းပရာ ဘရာဇီးမြို့တွင် ဆောက်လုပ်ဆဲမိုးပျံလမ်းပြိုကျမှုဖြစ်ပွား



ရီယိုဒီဂျနေးရိုး ဇူလိုင် ၄

ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ် ကျင်းပရာ ဘရာဇီးနိုင်ငံ ဘီလိုဟော် ရီဇွန်တေးမြို့၌ မော်တော်ကားများပေါ် မိုးပျံလမ်းပြိုကျရာ လူနှစ်ဦး သေဆုံးသွားခဲ့သည်။

ဆောက်လုပ်ဆဲ သံကူ ကွန်ကရစ်တံတားသည် ယာဉ်သွားယာဉ်လာ ထူထပ်ရာလမ်းမပေါ်သို့ ပြိုကျခဲ့သည်။ အဆိုပါမြို့သည် ဘရာဇီး အရှေ့တောင်ပိုင်း၌ တည်ရှိပြီး လာမည့် သီတင်းပတ်ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲကျင်းပမည့်မြို့ ဖြစ်သည်။

အဆိုပါ တံတားပြိုကျမှုကြောင့် ဘတ်စ်ကားတစ်စီးပေါ်မှ ယာဉ်မောင်းတစ်ဦးနှင့် အခြားတစ်ဦး သေဆုံးသွားခဲ့သည်။ အခြားဒဏ်ရာရရှိသူ ၂၂ ဦး ရှိသည်ဟု ဆိုသည်။ သို့ရာတွင် ပြားချပ်သွားသော ယာဉ်ငယ်တစ်စီးပေါ်မှ ပုဂ္ဂိုလ်အား သေဆုံးမှုအတွက် အတည်မပြုနိုင်သေးကြောင်း ရဲအဖွဲ့က ပြောသည်။ သို့သော်လည်း ကယ်ဆယ်ရေးအဖွဲ့က ၎င်းအား ကယ်ထုတ်နိုင်ရေး ကြိုးစားလျက်ရှိသည်။

ယင်းကဲ့သို့ မတော်တဆဖြစ်ရမှုအတွက် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း ဘရာဇီးသမ္မတ ဒီမာရိုဆက်က ပြောကြားသည်။ ၎င်းမိုးပျံလမ်းပြိုကျခဲ့မှုအပေါ် စုံစမ်းရေးအဖွဲ့စေလွှတ်ထားပြီဖြစ်ကြောင်း ဆောက်လုပ်ရေးကုမ္ပဏီကပြောကြားသည်။ **(ဘီဘီစီ)**

အိန္ဒိယနိုင်ငံ၌ ကာကွယ်ဆေးသစ်လေးမျိုး အခမဲ့ပေးမည် နှစ်စဉ် ကလေးသေပျောက်မှုနှုန်းလျော့ကျရန်ရည်ရွယ်

နယူးဒေလီ ဇူလိုင် ၄

အိန္ဒိယနိုင်ငံက ကလေးသေပျောက်မှုလျော့ကျစေရန် စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကာကွယ်ဆေးအသစ်လေးမျိုး အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံ၌ နှစ်စဉ် ကလေးထောင်ပေါင်းများစွာ ကူးစက်ရောဂါများကြောင့် သေဆုံးလျက်ရှိရာ သေပျောက်မှု လျော့နည်းအောင် ကြိုးပမ်းသွားမည်ဟု ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ဝမ်းပျက်ဝမ်းလျှော ရောဂါကြောင့် နှစ်စဉ်အိန္ဒိယနိုင်ငံ၌ ကလေးငယ်ထောင်ပေါင်းများစွာ သေဆုံးလျက်ရှိသည်ဟု ဆိုသည်။ ယင်းရောဂါပိုးမှာညစ်ညမ်းသော လက်များနှင့် မျက်နှာများမှတစ်ဆင့် ကူးစက်ခံရခြင်းဖြစ်သည်။ အဆိုပါရောဂါမှာ အာရှနှင့် အာဖရိကတို့တွင်လည်း ဖြစ်လေ့ဖြစ်ထရှိသော ရောဂါဖြစ်သည်။

၎င်းကာကွယ်ဆေးများ အခမဲ့ပေးမှုကြောင့် သေစေနိုင်လောက်သည့်ရောဂါများ တိုက်ဖျက်ရာတွင် အသုံးပြုသည့် ကာကွယ်ဆေး အခမဲ့ပေးခြင်းမှာ ၁၃ မျိုးရှိသွားပြီဖြစ်သည်။

"ယခုလို ကာကွယ်ဆေးသစ်လေးမျိုး အခမဲ့ပေးရတာကတော့ ကလေးသေပျောက်မှု လျော့ကျသွားဖို့ပါပဲ" ဟု မစ္စတာမိုဒီ၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ကာကွယ်ဆေး လေးမျိုးတွင် ပိုလီယိုနှင့် ဂျပန်ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးများလည်း ပါဝင်သည်ဟုဆိုသည်။ ဝမ်းပျက် ဝမ်းလျှောရောဂါကို ဖြစ်စေသော Rotavirus ကြောင့် နှစ်စဉ် အိန္ဒိယနိုင်ငံ၌ ကလေး ၈၀၀၀၀ သေဆုံးလျက်ရှိပြီး တစ်သန်းခန့် ဆေးရုံတက်ရောက်မှု ရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဆက်လက်တိုက်ကျွေး

ဂျပန် ဦးနှောက်အမြှေးရောင်ရောဂါမှာလည်း ပုံမှန်ဖြစ်လေ့ရှိပြီး နှစ်စဉ်ကလေးရာနှင့်ချီ၍ သေဆုံးမှုရှိသည်ဟုဆိုသည်။ ၎င်းကာကွယ်ဆေးအသစ်ကို အဆိုးရွားဆုံး ကြုံတွေ့ရသည့် ပြည်နယ်ကိုးခုမှ ခရိုင် ၁၇၉ ခုသို့ အခမဲ့ပေးသွားမည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံတွင် မတ်လက ပိုလီယိုကင်းစင်ပြီဖြစ်ကြောင်း ကြေညာခဲ့သော်လည်း ယင်းဗိုင်းရပ်စ် လုံးဝပျောက်ကွယ်သွားအောင် ပိုလီယိုကာကွယ်ဆေးများ ဆက်လက်တိုက်ကျွေးမည်ဟုဆိုသည်။

(ဘီဘီစီ)

ဆီးရီးယားသူပုန်ကို လက်နက်တပ်ဆင်ပေးရန် ဗြိတိန်နိုင်ငံက စီစဉ်နေသည်ဟုဆို

လန်ဒန် ဇူလိုင် ၄

ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်အား ဖြုတ်ချသွားရန် သူပုန်တပ်ဖွဲ့ဝင် ၁၀၀၀၀၀ ကို စစ်ပညာများသင်ကြားပေးပြီး လက်နက်တပ်ဆင်ပေးရန် ဗြိတိန်နိုင်ငံက စီစဉ်လျက်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်၌ဖော်ပြသည်။

ဗြိတိန်ဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးကောင်စီက အဆိုပါ ကိစ္စကို အလေးအနက်စဉ်းစားလျက်ရှိသည်။ ထို့အတူ အမေရိကန် တာဝန်ရှိသူများကလည်း စဉ်းစားနေသည်ဟုဆိုသည်။ သို့ရာတွင် ၎င်းကိစ္စသည် အလွန်စွန့်စားရမည့်အလုပ်ဟု ဆိုသည်။ သူပုန်များက မစ္စတာအာဆတ်၏ သစ္စာခံတပ်များကို တိုက်ခိုက်ရာတွင် အရပ်သားများ သွေးချောင်းစီးမှု ပိုမိုပြင်းထန်လာနိုင်သည်ဟု ဗြိတိန်ဗိုလ်ချုပ်ကြီး ရစ်ချက်က ယုံကြည်ထားသည်။

ယင်းကိစ္စကို ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် ရှေ့နေချုပ်ဒေါမနစ်တို့က အလေးအနက်စဉ်းစားလျက်ရှိသည်။ **(ဘီဘီစီ)**

အီဘိုလာရောဂါထိန်းချုပ်သွားရန် အနောက်အာဖရိကနိုင်ငံများ သဘောတူညီ

ဂါနာ ဇူလိုင် ၄

အနောက်အာဖရိကနိုင်ငံ ၁၁ နိုင်ငံမှ ကျန်းမာရေးဝန်ကြီးများသည် ဒေသတွင်း အီဘိုလာရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် ဘုံမဟာဗျူဟာတစ်ရပ် ချမှတ်ဆောင်ရွက်သွားရေး သဘောတူလိုက်သည်။

ဂါနာနိုင်ငံ၌ကျင်းပသော အစည်းအဝေးတွင် ကမ္ဘာ့သေပျောက်မှုအများဆုံးရောဂါဖြစ်လာသည့် အဆိုပါ ရောဂါထိန်းချုပ်နိုင်ရေး ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုပြောဆိုခဲ့ကြသည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ဂီနီ၊ လိုက်ဘေးရီးယား၊ ဆီယာရာလီယွန်းနိုင်ငံတို့ကို လွှမ်းခြုံလျက် ကူးစက်ခံရသူပေါင်း ၇၅၉ ဦးရှိပြီး သေဆုံးသူ ၄၆၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ ဆော်ဩတိုက်တွန်းမှုဖြင့် နှစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်သည်။

မဟာဗျူဟာသစ်အရ ဂီနီနိုင်ငံ၌ ထိန်းချုပ်ရေးစင်တာဖွင့်လှစ်ထားပြီး နည်းပညာအထောက်အပံ့ရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရန် ဟားမတ်စ်အဖွဲ့ကြေညာရန် အသင့်ရှိနေ

ဂါဇာ ဇူလိုင် ၄

ဂါဇာကမ်းမြောင် နယ်စပ်တစ်လျှောက် ဟားမတ်စ်နှင့် အစ္စရေးတို့အပြန်အလှန် ပစ်ခတ်ခဲ့ကြပြီးနောက် အပစ်အခတ်ရပ်စဲရန် ကြေညာမည်ဟု ဆိုသည်။

အီဂျစ်ထောက်လှမ်းရေး တာဝန်ရှိသူများက စေ့စပ်ဖျန်ဖြေမှုဖြင့် အပစ်အခတ် ရပ်စဲမည်ဖြစ်ကြောင်း ပါလက်စတိုင်း စစ်သွေးကြွအုပ်စု သတင်းရပ်ကွက်မှ ပြောကြားသည်။

မကြာမီရက်ပိုင်းက ဂါဇာဘက်မှ ပစ်ခတ်လိုက်သော ဒုံးကျည်များသည် အစ္စရေးတောင်ပိုင်းသို့ ကျရောက်ထိမှန်ခဲ့ပြီး ယင်းကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

ထိုအတောအတွင်း အသတ်ခံရသော ပါလက်စတိုင်း ဆယ်ကျော်သက်တစ်ဦး၏ ဈာပနအတွက် ပြင်ဆင်လျက်ရှိရာ အရှေ့ဂျေရုဆလင်၌ တင်းမာမှုများ မြင့်တက်လျက်ရှိသည်။

မျက်နှာဖုံးစွပ် ပါလက်စတိုင်းနှင့် ရဲတပ်ဖွဲ့ဝင်တို့အကြား ပြန်ပေးဆွဲအသတ်ခံရသည့် အသက် ၁၇ နှစ်အရွယ် မိုဟာမက်အဘူခါဒီယာ သေဆုံးမှုအပေါ် နှစ်ရက်ကြာ အဓိကရုဏ်း ဖြစ်ပွားခဲ့သည်။

ယင်းသေဆုံးမှုသည် မည်သူမည်ဝါ၏လက်ချက်ဟု အတည်မပြုနိုင်သော်လည်း မကြာမီက အနောက်ဘက်ကမ်းဒေသ၌ အစ္စရေး ဆယ်ကျော်သက်သုံးဦး အသတ်ခံရခြင်းအပေါ် လက်တုံ့ပြန်ခြင်းဖြစ်နိုင်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှု ရပ်တန့်ပေးမည်ဆိုလျှင် ဒုံးကျည်များဖြင့် ပစ်ခတ်မှုရပ်ဆိုင်းပေးရန်အသင့်ရှိကြောင်း ဟားမတ်စ်သတင်းရပ်ကွက်က ပြောသည်။

(ဘီဘီစီ)

ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါရုံးပရဝဏ်နှင့် ရုံးပတ်လည်တို့၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်၍ ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာများ၌ ပျဉ်းကတိုးပင်၊ ကုက္ကိုပင်၊ မဟော်ဂနီပင်၊ ခရေပင်၊ ကံ့ကော်ပင်၊ စိန်ပန်းပင်၊ ရေတမာပင်၊ ယင်းမာပင်တို့ကို စိုက်ပျိုးကြပြီး အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်အပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးကြသည်။

ယနေ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ကုက္ကို၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ ရေတမာနှင့် ယင်းမာပင် စုစုပေါင်းအပင် ၄၅၀ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

သမ္မတဦးသိန်းစိန်အား ဂုဏ်ပြုကြိုဆို

ဇွန်လ ၂၈ ရက်ထုတ် အီတလီသတင်းစာတစ်စောင်ဖြစ်သော Corriere della sera တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ တရုတ်နိုင်ငံခရီးစဉ်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်က ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီးရှေ့၌ သမ္မတဦးသိန်းစိန်အား အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆိုသည့် သတင်းရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

ဆန်စပါးဝယ်ယူရေးအတွက် ဗီယက်နမ်နှင့် မြန်မာဘက်သို့ လှည့်လာနိုင်

ဇူလိုင်လ ၁ ရက်နေ့ထုတ် အမေရိကန် သတင်းစာတစ်စောင်ဖြစ်သော International New York Times က ထိုင်းနိုင်ငံသည် လွန်ခဲ့သည့်နှစ်လ ကျော်က အမှောင်ခေတ်ဆီသို့ ခေတ်နောက်ပြန်သွားခဲ့ကြောင်း၊ ဘက်လိုက်သော တရားသူကြီးများက ဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်ထရာအား ရာထူးမှ နုတ်ထွက်ရန် မေလက စီရင်ဆုံးဖြတ်ခဲ့ပြီးနောက် ဘုရင်စနစ်ထောက်ခံသော ဗိုလ်ချုပ်ကြီးများက အိမ်စောင့်အစိုးရထံမှ အုပ်ချုပ်ရေးအာဏာလွှဲပြောင်း ရယူခဲ့ကြောင်း၊ ထိုင်းနိုင်ငံသည် ဆန်နှင့်မော်တော်ကားကဲ့သို့သော အရေးပါသည့် ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် ချိတ်ဆက်မှုပြုထားသည့် နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် ယခုအခါ ဒဏ်ခတ်ပိတ်ဆို့မှုကို ခံနိုင်ရည်မရှိကြောင်း၊ ကုန်ပစ္စည်းဝယ်ယူသူများသည် ယင်းတင်ပို့ရောင်းချရေးလမ်းကြောင်းများအပေါ် မှီခိုနေရကြောင်း၊ သို့သော် ၎င်းတို့သည် ထိုင်းနိုင်ငံ၏ ကုန်ပစ္စည်း ပြောင်းလဲထုတ်လုပ်မှု စောင့်ဆိုင်းခြင်းထက် ဆန်စပါး ဝယ်ယူရေးအတွက် ဗီယက်နမ်နှင့် မြန်မာနိုင်ငံဘက်သို့ ခြေဦးလှည့်ရန်ပို၍ အသင့်ရှိနေနိုင်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

အမေရိကန်၏ငါးတန်စစ်ဆေးရေးအစီအစဉ်ကို ၁၀ နိုင်ငံကန့်ကွက်

ဇွန် ၂၈ ရက်ထုတ် အမေရိကန်ပြည်ထောင်စု သတင်းစာတစ်စောင်ဖြစ်သော International New York Times က အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာနများ၏ ငါးတန်စစ်ဆေးရေးအစီအစဉ်သည် နိုင်ငံတကာဥပဒေ ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု အာရှနှင့်ပစိဖိတ်နိုင်ငံ ၁၀ နိုင်ငံတို့က အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးထံသို့ ကန့်ကွက်မှုများ ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ ကန့်ကွက်မှုများသည် ၂၀၁၅ ခုနှစ်အကုန်တွင် ပစိဖိတ်ကုန်သွယ်ရေးသဘောတူညီချက်ရရှိရေး အိုဘားမားအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်စေနိုင်သည်ဟု သတိပေးခဲ့ကြောင်း၊ ငါးတန်အဓိက ထုတ်လုပ်သည့် နိုင်ငံဖြစ်သော ဗီယက်နမ်က အဆိုပါအစီအစဉ်ကို ကာလကြာရှည်ကတည်းက ကန့်ကွက်လာခဲ့သော်လည်း ယင်းကိစ္စအတွက် နိုင်ငံတကာ ထောက်ခံမှုမရရှိခဲ့ဖူးကြောင်း၊ ဖိလစ်ပိုင်၊ မြန်မာ၊ ထိုင်းနှင့် အင်ဒိုနီးရှားအပါအဝင် ကန့်ကွက် စာလက်မှတ်ရေးထိုးသည့်နိုင်ငံများသည် ကာကွယ်စောင့်ရှောက်ရမည့် ငါးတန်ထုတ်လုပ်ရေးလုပ်ငန်းများ မရှိသဖြင့် ပစိဖိတ်ကုန်သွယ်ရေး ဆွေးနွေးပွဲများတွင် ပါဝင်ခြင်းမရှိကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

ဘာသာပြန် - ထန်ဆွင်း

ပြည်တွင်းသတင်း

ငွေစုဘဏ်နှင့် စာရင်းရှင်စာရင်းသစ် ဖွင့်လှစ်လိုသူများသို့ မေတ္တာရပ်ခံချက်

မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းသစ်ဖွင့်လှစ်လိုသူများ လွယ်ကူလျင်မြန်အဆင်ပြေစေရန်အလို့ငှာ သက်ဆိုင်ရာဘဏ်၌ စာရင်းဖွင့်ထားသော မိတ်ဆက်ထောက်ခံသူ နှစ်ဦးရှာရန် အခက်အခဲရှိပါက ဘဏ်ခွဲမန်နေဂျာထံ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

မိဘပင်စင်စားများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ပင်စင်လစာထုတ်ယူနေကြသော မိဘပင်စင်စားများ ပင်စင်လစာထုတ်ယူရာတွင် ပင်ပန်းမှုမရှိစေဘဲ သက်သာလွယ်ကူစွာ ထုတ်ယူနိုင်ရေးကို အစဉ်အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိဘပင်စင်စားများအနေဖြင့် လစဉ်ပင်စင်လစာကို ၂၁ ရက်နေ့ တစ်ရက်တည်း စုပြုံထုတ်ရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားမည်သည့်နေ့ရက် (ဘဏ်ဖွင့်ရက်) များတွင်မဆို လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ထို့အပြင် မိဘပင်စင်စားများအနေဖြင့် မိမိတို့၏ ပင်စင်လစာကို အောက်ဖော်ပြပါ နည်းလမ်းများဖြင့်လည်း ထုတ်ယူနိုင်ပါသည်-

(က) မိဘပင်စင်စားကိုယ်တိုင် ပင်စင်လစာမထုတ်ယူနိုင်ပါက ကိုယ်စားလှယ်မှတစ်ဆင့် ထုတ်ယူနိုင်ပါသည်။
(ခ) လက်ရှိပင်စင်လစာထုတ်ယူနေသည့်ဘဏ်ခွဲမှ ထုတ်ယူရန် ပိုမိုအဆင်ပြေမည့် မိမိနှစ်သက်ရာဘဏ်ခွဲသို့ ပြောင်းရွှေ့ထုတ်ယူနိုင်ပါသည်။
(ဂ) မိမိပင်စင်လစာထုတ်ယူသည့်ဘဏ်ခွဲ၌ ငွေစုဘဏ်စာရင်း/ စာရင်းရှင်စာရင်း ဖွင့်လှစ်၍ မိမိ၏ ပင်စင်လစာကို အဆိုပါငွေစုဘဏ်စာရင်း/ စာရင်း ရှင်စာရင်းသို့ လစဉ်ထည့်သွင်းပေးရန် ဘဏ်ခွဲသို့ အကြောင်းကြားထားပါက ကိုယ်တိုင်ဘဏ်ခွဲသို့ သွားရန်မလိုဘဲ ဘဏ်ခွဲမှ ဆောင်ရွက်ပေးပါမည်။
(ဃ) မိမိပင်စင်လစာ ထုတ်ယူရာတွင် ဘဏ်သို့သွားရောက်ရသည့် အကြိမ်အရေအတွက်နှင့် အချိန်ကုန်ခြင်းတို့ သက်သာရန်နှင့် လွယ်ကူလျင်မြန်စေရန် E-pension စမတ်ကတ်(Smart Card) များပြုလုပ်၍ ပင်စင်ထုတ်ပေးလျက်ရှိပါသည်။
(င) E-pension စမတ်ကတ်(Smart Card) ဖြင့် ပင်စင်ထုတ်ယူရာတွင်လည်း ကိုယ်စားလှယ်ဖြင့် ထုတ်ယူနိုင်ပါသည်။
(စ) E-pension စမတ်ကတ် (Smart Card) ဖြင့် ပင်စင်လစာထုတ်ယူနေသော ပင်စင်စားသည် မိမိအတွက် ပိုမိုအဆင်ပြေမည့်ဘဏ်သို့ ပြောင်းရွှေ့ထုတ်ယူနိုင်ပါသည်။ သို့သော် စမတ်ကတ် (Smart Card) အတွက် ကတ်တန်ဖိုးငွေ ကျပ် ၃၅၀၀ ထပ်မံပေးသွင်းရပါမည်။

မိဘပင်စင်စားများအနေဖြင့် ပင်စင်လစာများ ထုတ်ယူရာတွင် အခက်အခဲများ တွေ့ရှိပါက သက်ဆိုင်ရာဘဏ်ခွဲမန်နေဂျာများနှင့် ဘဏ်ဝန်ထမ်းအားလုံးသို့ ကိုယ်တိုင်တိုက်ရိုက်တွေ့ဆုံ၍အကူအညီတောင်းခံနိုင်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

ပုသိမ်ကြီးမြို့နယ်၌ ပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၄

ပုသိမ်ကြီးမြို့နယ်၌ ဇူလိုင် ၄ ရက် ည ၉ နာရီမှ စတင်၍ ပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပုသိမ်ကြီးမြို့နယ်
တားမြစ်အမိန့်အမှတ်(၁/၂၀၁၄)
ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်း
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်တွင် ၁-၇-၂၀၁၄ ရက်နေ့နှင့် ၂-၇-၂၀၁၄ ရက်နေ့ညများတွင် လူစုလူဝေးများသည် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်၍ ရုန်းရင်းဆန်ခတ်မှုဖြစ်ပေါ်ခဲ့သည့်အပြင် ပုသိမ်ကြီးမြို့နယ်တွင်လည်း လူစုလူဝေးဖြင့် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားလာသဖြင့် အများပြည်သူ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံမှုအတွက်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရှေးရှု၍လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်တွင် ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးလိုက်နာရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို ကျင့်သုံး၍ အောက်ပါအတိုင်း တားမြစ်အမိန့်ကို ထုတ်ပြန်လိုက်သည်-

(က) မည်သူမဆို အမိန့်တစ်စုံတစ်ရာမရှိဘဲ ည ၉ နာရီမှ နံနက် ၅ နာရီအတွင်း လမ်းများပေါ်သို့ ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လူ(၅)ဦးနှင့် လူ(၅)ဦးထက်ပို၍ ဖြစ်စေ စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရုန်းရင်းဆန်ခတ်မှုပြုခြင်း၊ တုတ်၊ ဓား၊ လက်နက်နှင့် မီးလောင်စေသောအရာများ ကိုင်ဆောင်ခြင်း မပြုလုပ်ရ၊
(ခ) လမ်းများပေါ်တွင် အတားအဆီး ပြုလုပ်ပိတ်ဆို့ခြင်း၊ လူစုလူဝေးဖြင့် ပိတ်ဆို့ခြင်း မည်သူမျှမပြုလုပ်ရ၊
(ဂ) လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကို မည်သည့်နည်းနှင့်မျှ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မည်သူမျှ မပြုလုပ်ရ၊

၂။ ဤတားမြစ်အမိန့်ကို မလိုက်နာသူများအား လုံခြုံရေးတာဝန်ထမ်းဆောင်သူတို့က အင်အားသုံးဖမ်းဆီး၍တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းခံရမည်။

၃။ ဤအမိန့်သည် ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း(၈)ရက်၊ ၂၀၁၄ ခုနှစ် ဇူလိုင်လ (၄)ရက်နေ့ ည ၉ နာရီအချိန်မှစ၍ နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အာဏာသက်ရောက် စေရမည်ဟု ဆင့်ဆိုပြီး ရုံးတံဆိပ်ခတ်နှိပ်လျက် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

ကျော်စိုး
မြို့နယ်အုပ်ချုပ်ရေးမှူး
ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ရုံးအမှတ် ၄၈၊ နေပြည်တော်
လျှောက်လွှာများခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ပြည်ဝင်ခွင့်စနစ်များ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် မကြာမီအချိန်အတွင်း Online Visa/e-Visa စနစ်အား တိုးမြှင့်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းအတွက် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး၊ လစာနှုန်း (၈၇၀၀၀-၁၀၀၀-၉၂၀၀၀) ရာထူးနေရာအတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ၃၁-၇-၂၀၁၄ ရက်တွင် အသက် ၃၀ ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အင်္ဂလိပ်စာ 4 Skills ကျွမ်းကျင်သူဖြစ်ပြီး လုပ်ငန်းသဘောသဘာဝအရ နိုင်ငံခြားသားပညာရှင်နှင့် စစ်ဆေးပြီး ကွန်ပျူတာနှင့် အင်္ဂလိပ်စာ၌ သတ်မှတ်အဆင့်ရှိသူများကိုသာ ရွေးချယ်မည်ဖြစ်သည်။
(င) မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။
(စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းသူဖြစ်ရမည်။

၂။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရုံးအမှတ် ၄၈၊ နေပြည်တော်သို့လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းသည့်ရက်မှစ၍ ၁၄-၇-၂၀၁၄ ရက် ညနေ ၄ နာရီ (ရုံးချိန်အတွင်း) နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ (အရည်အချင်းစစ်စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်းတင်ပြရမည်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (အရည်အချင်းစစ် စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်းတင်ပြရမည်)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဃ) အလုပ်သမားမှတ်ပုံတင်လက်မှတ်မူရင်း
(င) လွန်ခဲ့သော ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ (ဓာတ်ပုံ၏နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းမှ တောင်းခံထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း

၃။ လျှောက်လွှာစိစစ်ရွေးချယ်ရေးအဖွဲ့မှ အတည်ပြုရွေးချယ်သော အရည်အချင်းစစ် ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်းကို ၁၉-၇-၂၀၁၄ ရက်နှင့် ၂၀-၇-၂၀၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာသွားမည်။

၄။ လူတွေ့/လက်တွေ့စစ်ဆေးမည့် အချိန်စာရင်းကို ထပ်မံကြေညာသွားမည်။

၅။ ဝန်ထမ်းအဖြစ်ခန့်အပ်ပြီးပါက လုပ်ငန်းတာဝန်ထမ်းဆောင်မှု စွမ်းရည်အပေါ်မူတည်၍ ရာထူးတိုးမြှင့်ခြင်းကို အထူးကိစ္စအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာန၊ ဦးစီး(ရုံးချုပ်) တယ်လီဖုန်းနံပါတ် ၀၆၇-၄၃၁၀၂၈ နှင့် ၀၆၇-၄၃၁၀၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လျှပ်စစ်စွမ်းအားဖြင့် လူမှုစီးပွားရေးတိုးတက်လာတော့မည့်ကချင်ပြည်နယ်

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်ဆုံးတွင်တည်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များမွေးဖွားရာ တောင်ကုန်း၊ တောင်တန်းများနှင့် အေးခဲသောနှင်းတောင်များဖြင့် လှပဝေဆာနေသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ဧရိယာအကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၃၄၃၈၂ မိုင်ရှိပြီး ခရိုင်လေးခု၊ မြို့နယ်/မြို့နယ်ခွဲ ၃၂ ခုဖြင့် ဖွဲ့စည်းထားပြီး အိမ်ထောင်စုပေါင်း ၂၂၁၀၀၀ နေထိုင်လျက်ရှိပါသည်။

၃ မဂ္ဂါဝပ် သုံးလုံးဖြင့် ပထမစက်တစ်လုံးကို စမ်းသပ်လည်ပတ်ခဲ့ပြီး ၁၃၂ ကေဗွီ ဝိုင်းမော်ဓာတ်အားလိုင်း ၁၀ ဒသမ ၃၈ မိုင်ဆွဲ၍ ၁၃၂/၆၆/ ၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ကာ ဝိုင်းမော်မြို့နှင့် မြစ်ကြီးနားမြို့များသို့ ဓာတ်အားပို့လွှတ်သုံးစွဲနိုင်သဖြင့် ဓာတ်အားသုံးစွဲသူများအတွက် ယခင်ဒီဇယ်အင်ဂျင်များဖြင့် ဖြန့်ဖြူးစဉ်ပေးဆောင်ခဲ့ရသော ဓာတ်အားခပေးဆောင်ရမှု နှုန်းထားများထက် များစွာသက်သာစေခဲ့ပါသည်။

တာပိန်(၁)ရေအားလျှပ်စစ်ဓာတ်အားစက်ရုံ

ကချင်ပြည်နယ်အတွင်းရှိ ဒေသများသို့ ဒီဇယ်စက်များဖြင့် စတင်ဓာတ်အားဖြန့်ဖြူးခဲ့ပြီး ကချင်ပြည်နယ်၏ ပထမဆုံးသော ရေအားလျှပ်စစ်စက်ရုံဖြစ်သော ပူတာအိုမြို့နယ်ရှိ နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံမှ ၂၆-၃-၁၉၈၇ တွင် စက်တပ်ဆင်အင်အား ၁၀၀ ကီလိုဝပ်နှစ်လုံးဖြင့် လည်ပတ်မောင်းနှင်ကာ ပူတာအိုမြို့သို့ ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ပါသည်။ ထို့နောက် ၇-၉-၁၉၉၁ ရက်တွင် ဟိုပင်မြို့နယ်ခွဲရှိ ဂလိုင်ချောင်းရေအားလျှပ်စစ်စက်ရုံမှ စက်တပ်ဆင်အင်အား ၀ ဒသမ ၃၆ မဂ္ဂါဝပ် နှစ်လုံးဖြင့် လည်ပတ်မောင်းနှင်ကာ မိုးညှင်း၊ ဟိုပင်နှင့် နမ္မားမြို့များသို့ ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ပြီး ၁၈-၉-၁၉၉၆ ရက်တွင် မိုးကောင်းမြို့နယ်ရှိ နမ်းခမ်းခရေအားလျှပ်စစ်စက်ရုံမှ စက်တပ်ဆင်အင်အား ၁ ဒသမ ၂၅ မဂ္ဂါဝပ် လေးလုံးဖြင့် လည်ပတ်မောင်းနှင်ကာ မိုးကောင်းနှင့် နမ္မတီးမြို့များသို့ ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ပါသည်။ ၂၃-၃-၂၀၀၇ ရက်တွင် ဘူးဂါးလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းပိုင် မလိရေအားလျှပ်စစ်စက်ရုံမှ စက်တပ်ဆင်အင်အား ၃ ဒသမ ၅ မဂ္ဂါဝပ် သုံးလုံးဖြင့် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့များသို့ ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ပါသည်။

ကချင်ပြည်နယ်အတွင်းသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးရန်အတွက် ၁၃၂ ကေဗွီကျောက်ပုထိုးခွဲရုံမှ တစ်ဆင့် ၆၆ ကေဗွီဓာတ်အားဖြင့် ကျောက်ပုထိုး-ရွှေကူ-ဗန်းမော် ဓာတ်အားလိုင်းတည်ဆောက်၍ ၁၉၉၉ ခုနှစ်မှ စတင်ကာ ရွှေကူမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးခဲ့ပါသည်။

တာပိန် (၁)ရေအားလျှပ်စစ်စက်ရုံမှ ၁၈-၉-၂၀၁၀ ရက်တွင် စက်တပ်ဆင်အင်အား ၆၀ မဂ္ဂါဝပ်လေးလုံးဖြင့် လည်ပတ်မောင်းနှင်လျက် ၁၃၂ ကေဗွီ ဗန်းမော်ဓာတ်အားလိုင်း ၂၂ ဒသမ ၃၁ မိုင်ဆွဲ၍ ဗန်းမော် ၁၃၂/၆၆/၁၁ ကေဗွီ၊ ၄၅ အမ်ဗွီအေခွဲရုံတည်ဆောက်ကာ ဗန်းမော်၊ မိုးမောက်၊ မန်စီမြို့တို့အား ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ပြီး ရွှေကူမြို့အား ၆၆/၃၃ ကေဗွီ၊ ၁၀ အမ်ဗွီအေ နဘားခွဲရုံမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံမှ စက်တပ်အင်အား ၃၃ ဒသမ

ကချင်ပြည်နယ်၏ အရေးပါသော စီးပွားရေးလုပ်ငန်းများဖြစ်သော ကျောက်တူးဖော်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ ခရီးသွားလုပ်ငန်းများနှင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်အခြေခံအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ လျှပ်စစ်ဓာတ်အား ၂၄ နာရီ လုံလောက်ပြည့်ဝစွာ ရရှိရန်ဖြစ်သည်။

ယခုအခါ ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကျိုးရလဒ်အဖြစ် ၂၀၁၃ ခုနှစ်တွင် ၆၆ ကေဗွီ ဝိုင်းမော်-မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း-နဘားဓာတ်အားလိုင်း ၁၄၉ ဒသမ ၃ မိုင်နှင့် ၆၆ ကေဗွီ၊ ၅ အမ်ဗွီအေ မိုးညှင်းဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ၊ ၅ အမ်ဗွီအေ မိုးကောင်းဓာတ်အားခွဲရုံ မြစ်ကြီးနားမြို့အတွင်းတွင် ၆၆ ကေဗွီ၊ ၂၀ အမ်ဗွီအေနှင့် ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ သုံးရုံတို့ကို တည်ဆောက်ပြီး မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ရွှေကူ၊ မန်စီ၊ ဟိုပင်၊ မိုးမောက်၊ မိုးကောင်း၊ ဝိုင်းမော်၊ မိုးညှင်းမြို့များသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးခဲ့ရာ ယခုကာလတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးနှင့် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုအနေဖြင့် သုံးစွဲသူဦးရေစုစုပေါင်း ၆၃၂၅၀ ထိ တိုးတက်လာပြီး သုံးစွဲသူနှင့် အိမ်ထောင်စုဦးရေ အချိုးကျကြည့်ပါက ၃၀ ရာခိုင်နှုန်းခန့် ရောက်ရှိလာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ဒီဇယ်မီးစက်များဖြင့် ဓာတ်အားဖြန့်ဖြူးစဉ်ကထက် များစွာတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့်လည်း ကချင်ပြည်နယ် မြို့နယ်/မြို့နယ် ခွဲ ၃၂ ခုလုံး နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိနိုင်ရေးအတွက် ၆၆ ကေဗွီ ဗန်းမော်-မြို့သစ်- ဒေါ့ဖုန်းယန် ဓာတ်အားလိုင်း ၄၅ မိုင်၊ ၆၆ ကေဗွီ၊ ၂ အမ်ဗွီအေ မြို့သစ်ဓာတ်အားခွဲရုံ၊ ၆၆ ကေဗွီ၊ ၂ အမ်ဗွီအေ ဒေါ့ဖုန်းယန် ဓာတ်အားခွဲရုံတို့ကို ဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားပြည့်ဝကောင်းမွန်စွာရရှိရေးအတွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကိုလည်း တည်ဆောက်ရန် လျာထားလျက်ရှိပါသည်။ ရေမြေတောတောင် ရာသီဥတုအနေအထားအရ ခက်ခဲသော်လည်း ကချင်ပြည်နယ်ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးအတွက် နွေ၊ မိုး၊ ဆောင်းတစ်နှစ်ပတ်လုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသလို ကချင်ပြည်နယ်အတွင်း ရေအားစွမ်းအင်အရင်းအမြစ်များမှနေ၍နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်ကာ ပြည်သူများအတွက် သက်သာသော ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရန်အတွက်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေး“ရေအရင်းခံ စီးပွားရေး” (Water-based Economy) ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ နောက်ကျကျန်ရစ်နေသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်အတွက် မေခ၊ မလိခနှင့် နော်ချမ်းခမြစ်များပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းများဆောင်ရွက်ရန် ဘက်ပေါင်းစုံမှ လေ့လာ၍ မဂ္ဂါဝပ် ၃၄၀၀ ထုတ်ယူနိုင်မည့်ချီဖွေစီမံကိန်း၊ မဂ္ဂါဝပ် ၃၀၀၀ ထုတ်ယူနိုင်မည့် လိုင်ဇာစီမံကိန်း၊ မဂ္ဂါဝပ် ၁၈၀၀ ထုတ်ယူနိုင်မည့် ဝူဆောက်စီမံကိန်း၊ မဂ္ဂါဝပ် ၂၇၀၀ ထုတ်ယူနိုင်မည့် ခေါင်လံဖူးစီမံကိန်း၊ မဂ္ဂါဝပ် ၁၂၀၀ ထုတ်ယူနိုင်မည့် ယိနန်စီမံကိန်း၊ မဂ္ဂါဝပ် ၂၀၀၀ ထုတ်ယူနိုင်မည့်ဖီဇောစီမံကိန်း၊ မဂ္ဂါဝပ် ၁၂၀ ထုတ်ယူနိုင်မည့် ဂေါလန်စီမံကိန်း၊ မဂ္ဂါဝပ် ၁၄၀ ထုတ်ယူနိုင်မည့် ခန်ကန်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ ထုတ်ယူနိုင်မည့် လောင်းဒင်စီမံကိန်းနှင့် မဂ္ဂါဝပ် ၃၄၀ ထုတ်ယူနိုင်မည့် ထုံရှင်းချောင် စီမံကိန်းတို့အား မေခ၊ မလိခနှင့် နော်ချမ်းခမြစ်များ၏ နှစ်စဉ်စီးဆင်းရေများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စနစ်တကျတွက်ချက်၍ ရေရှည်စီမံကိန်းအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ ပြည်သူများအတွက် နောင်လာမည့် နှစ်ပေါင်းများစွာတိုင်အောင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိအောင် ထုတ်ယူဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပါသည်။

ထို့အတူ ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများအား ကချင်ပြည်နယ်နှင့်ပတ်ဝန်းကျင်ဒေသများသို့ လုံလောက်စွာဖြန့်ဖြူးသွားနိုင်ရေးအတွက် ၂၃၀ ကေဗွီ၊ ၆၆ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို အထက်ဖော်ပြပါအတိုင်း ဆောင်ရွက်လျက်ရှိသလို ပိုလျှံသော ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်နှင့်ချိတ်ဆက်ကာ မြန်မာပြည်တစ်ဝန်းသို့ ဖြန့်ဖြူးပေးနိုင်ရန်အတွက်လည်း ၂၃၀ ကေဗွီ ဝိုင်းမော်-နဘား၊ ၂၃၀ ကေဗွီ ဗန်းမော်-နဘား၊ ၂၃၀ ကေဗွီ နဘား-ရွှေဘို၊ ၂၃၀ ကေဗွီ ရွှေဘို-အုန်းတောနှစ်ထပ်မဟာဓာတ်အားလိုင်း စုစုပေါင်း ခန့်မှန်းမိုင် ၃၉၅ မိုင်ခန့်နှင့် ဝိုင်းမော်ဓာတ်အားခွဲရုံတွင် ၂၃၀/၁၁၀ ကေဗွီ ၂×၁၀၀ အမ်ဗွီအေနှင့် ၁၁၀/၆၆/၁၁ ကေဗွီ ၅၀ အမ်ဗွီအေ၊ ဗန်းမော်ဓာတ်အားခွဲရုံတွင် ၂၃၀၊ ၁၁၀ ကေဗွီ ၂×၁၀၀ အမ်ဗွီအေနှင့် ၁၁၀/၆၆/၁၁ ကေဗွီ ၂×၅၀ အမ်ဗွီအေ၊ နဘားဓာတ်အားခွဲရုံတွင် ၂၃၀/၆၆/၁၁ ကေဗွီ ၂×၅၀ အမ်ဗွီအေနှင့် ရွှေဘိုဓာတ်အားခွဲရုံတွင် ၂၃၀/ ၁၃၂ ကေဗွီ ၁၀၀ အမ်ဗွီအေနှင့် ၂၃၀/၃၃ ကေဗွီ ၂×၅၀ အမ်ဗွီအေတို့အား တည်ဆောက်သွားရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

လျှပ်စစ်

နိဂုံးချုပ်အနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပြည့်ဝလုံလောက်စွာ ထုတ်ယူဖြန့်ဖြူးပေးနိုင်ရေးအတွက် ရေအားလျှပ်စစ်စီမံကိန်းများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားစက်ရုံများ၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံများ၊ စွန့်ပစ်လောင်စာသုံး ဓာတ်အားပေးစက်ရုံများ၊ နေစွမ်းအင်သုံး ဆိုလာဓာတ်အားပေးစက်ရုံများ၊ လေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများနှင့် မဟာဓာတ်အားလိုင်း စီမံကိန်းများ၊ ဓာတ်အားခွဲရုံစီမံကိန်းများကို ပြည်တွင်း ပြည်ပပညာရှင်များ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများဖြင့် လိုအပ်ချက်အပေါ်မူတည်၍ ရေတိုရေရှည်တွက်ချက်ကာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ မည်သည့်ဒေသမဆို လျှပ်စစ်ဓာတ်အား ရရှိရေးအတွက်လည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးခြင်းအပြင် နိုင်ငံတော်ဓာတ်အားစနစ်မရောက်ရှိနိုင်သည့်ဒေသများသို့လည်း ဒီဇယ်မီးစက်များ၊ ဂက်စ်အင်ဂျင်များ၊ ဆိုလာဓာတ်အားပေးစက်များ၊ လေစွမ်းအင်သုံး ဓာတ်အားပေးစက်များဖြင့် နည်းလမ်းများရှာဖွေကာ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသဖြင့် ပြည်ထောင်စုသမ္မတ နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် ဖြစ်ပေါ်လာရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားရေးတိုးတက်ရေးတို့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိသည်ကို အလင်းများဝေဖြာ၍ အလင်းပန်းများ ပွင့်ဝေစေမည့် မနောမြေကို သက်သေပြု၍ တင်ပြလိုက်ရပါသည်။ ။

၆၆ ကေဗွီနဘားဓာတ်အားခွဲရုံ

တောင်ငူမြို့တွင် အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျေးရွာများသို့ကွင်းဆင်းကုသ

တောင်ငူ ဇူလိုင် ၄

တောင်ငူတွင် တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဇူလိုင် ၂ ရက် နံနက် ၉ နာရီက တောင်ငူမြို့နယ် ကျောက်တိုင်ကျေးလက်ကျန်းမာရေးဦးစီးဌာန ကွမ်းပင်ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ ကျောက်လုံးကြီးကျေးရွာသို့ ကွင်းဆင်း ဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောကြသည်။

ထိုသို့ကွင်းဆင်းကုသရာတွင် အဆိုပါကျေးရွာများရှိ ကလေးလူနာ၊ သားဖွားမီးယပ်လူနာ၊ အရိုးရောဂါကုလူနာ၊ မျက်စိလူနာ၊ ဓာတ်မှန်လူနာ၊ အထွေထွေလူနာများ စုစုပေါင်း ၅၄၈ ဦးတို့ကို ဆေးဝါးကုသပေးပြီး ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူနှင့်အဖွဲ့သည် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးဝါးများနှင့် တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ လှူဒါန်းသော ဆေးဝါးများကို လှူဒါန်းပေးအပ်ခဲ့သည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ခေါင်းဆောင်သည် ငှက်ဖျားရောဂါအကြောင်းနှင့်တောင်ငူခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်စန်းမြင့်က သွေးလွန်တုပ်ကွေးရောဂါသိကောင်းစရာများအကြောင်းကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

သူရ(တောင်ငူ)

လွှတ်တော်ရေးရာကဏ္ဍ

(၇ ရာခိုင်နှုန်း)ခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါကြောင်း၊ အဓိကကျန်ရှိသော မြေသားတမံတည်ဆောက်ခြင်းလုပ်ငန်းအစီအစဉ်အရ တမံအုတ်မြစ်ပြုပြင်တည်ဆောက်ရန် အချိန်တစ်နှစ်၊ တမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အချိန်နှစ်နှစ်ဖြစ်၍ စုစုပေါင်းကြာမြင့်ချိန် သုံးနှစ်အချိန်ယူဆောင်ရွက်ရန် လိုအပ်ပါသဖြင့် မူလကပြီးစီးရန်လျာထားသော ၂၀၁၅ ခုနှစ်တွင် မပြီးစီးနိုင်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် လိုအပ်သောရန်ပုံငွေများကို အပြည့်အဝစဉ်ဆက်မပြတ် ခွဲဝေရရှိမှသာ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်ကုန်တွင် လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ပေါင်းနက်ချောင်းသည် ချောင်းဖျားမှ ဧရာဝတီမြစ်အထိ ၁၁ မိုင်ရှည်လျားပြီး ချောင်းဖျားမှ ဝင်ဝကျေးရွာအထိ တဖြည်းဖြည်းချောင်းတိမ်ကောလာမှုကြောင့် ချောင်းပေါင်များကျိုးခြင်း၊ လယ်မြေများရေနစ်မြုပ်ခြင်းနှင့် မိုးစပါးစိုက်ပျိုးရေလုံလောက်မှုမရှိသဖြင့် ချောင်း၏ တိမ်ကောနေသည့် နန့်လုန်ကျေးရွာမှ ဝင်ဝကျေးရွာအထိအပိုင်းကို ချောင်းအကျယ် ၁၄ ပေ၊ အနက် ၄ ပေ၊ အလျား ၇ မိုင်ကို ပြန်လည်တူးဖော်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ပေါင်းနက်ချောင်း ပြန်လည်တူးဖော်ခြင်းဖြင့် လယ်ဧက ၁၈၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးစေပြီး ချောင်းရေသွင်း၍ စပါးများစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ ပေါင်းနက်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအတွက် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေတင်ပြတောင်းခံပြီး လုပ်ငန်းများဆောင်ရွက်ပေးရန် စီစဉ်ထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်ဆောင်ရွက်ရန် လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“၁၉၅၁ခု နှစ်ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** အား လွှတ်တော်၏အဆုံးအဖြတ်ကို ရယူအတည်ပြုခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆောင်ရွက်ရာတွင် ထိခိုက်နစ်နာမှုများကိုကြပ်မတ်ရန် စောင့်ကြည့်လေ့လာရေးအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၄

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **“ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ပတ်သက်၍ ရရှိနိုင်မည့် လူမှုရေး၊ စီးပွားရေး အကျိုးကျေးဇူးများနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ တွက်ချက်ထားမှုတို့ကို ပြည်သူများသို့ ရှင်းလင်းတင်ပြပေးနိုင်ခြင်း ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ပထမအဆင့်ဖြစ်သည့် စိတ်ကူးစီမံချက်ရေးဆွဲသည့် လုပ်ငန်းစဉ်ကို Japan Development Institute (JDI) မှပညာရှင်များ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကြံပေးအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့ပေါင်းစုံတို့ ပါဝင်သည့် အဖွဲ့များက ကျောက်ဖြူမြို့သို့ အကြိမ်ကြိမ်သွားရောက်ကွင်းဆင်းလေ့လာခဲ့ပြီး ဒေသခံပြည်သူများနှင့် မိတ်ဖက်အဖွဲ့ပေါင်းစုံ၏ အကြံပြုချက်များနှင့် သဘောထားများကိုရယူပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သဟဇာတဖြစ်ပြီး ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အပါအဝင် ဒေသခံများ၊ နိုင်ငံသားများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဦးစားပေးဆောင်ရွက်နိုင်မည့် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ထွန်းလာနိုင်မည့် စိတ်ကူးစီမံချက်တစ်ခုကို ရေးဆွဲခဲ့ပါကြောင်း။

ထို့အပြင် အထူးစီးပွားရေးဇုန်အကောင်အထည်ဖော် ဆောင်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်တို့တွင် ကျရောက်လာနိုင်သည့် ထိခိုက်နစ်နာမှုများကို လေ့လာစောင့်ကြည့် ကြပ်မတ်ရန်အတွက် ဒေသခံအများစုပါဝင်သည့် မိတ်ဖက်အဖွဲ့ပေါင်းစုံ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအခန်း(၆) ပုဒ်မ (၁၄)၏ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အကြမ်းရေးဆွဲထားသည့် စိတ်ကူးစီမံချက်အပေါ် အခြေခံ၍ ဒုတိယအဆင့်ဖြစ်သည့် အကြံပေးကုမ္ပဏီ (Consulting Firm) အား အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ၂၀၁၃ခုနှစ် ဩဂုတ်မှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီအထိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဒုတိယအဆင့်တွင် အဓိကအောင်မြင်မှုနှစ်ခုအနေဖြင့် အထူးစီးပွားရေးဇုန် ဗဟိုလုပ်ငန်းအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ၏ အကြံပေးအဖွဲ့များနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် လေ့လာစောင့်ကြည့်ရေးဆိုင်ရာ လူထုအခြေပြုအဖွဲ့အစည်းများမှ ဒေသခံအများစုပါဝင်သည့် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ရေးရာနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာများ၊ ဥပဒေပိုင်းဆိုင်ရာတို့တွင် တတ်သိနားလည်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (Bid Evaluation and Awarding Committee) BEAC ကို နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးနိုင်ခဲ့ပြီး ရင်းနှီးတည်ဆောက်သူ ခေါ်ယူရာတွင် BEAC အား အကြံပေး ဝန်ဆောင်မှုပြုမည့်(CPG Consultants Ltd) အားဦးဆောင်သည့် အကြံပေးကုမ္ပဏီအုပ်စုကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စိစစ်ရွေးချယ်နိုင်ခဲ့ပါကြောင်း။

ယခုအခါ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်လုပ်ဆောင်မှု၏ တတိယအဆင့်ဖြစ်သည့် ရင်းနှီးတည်ဆောက်သူ (Developer) များ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိရာတွင် အဓိကအရေးပါသည့် လုပ်ဆောင်ချက်များအနေဖြင့် ငှားရမ်းထားသည့် အကြံပေးကုမ္ပဏီအုပ်စုမှလုပ်ဆောင်ပေးရမည့် စီမံကိန်းဖြစ်နိုင်ခြေအလားအလာများကို စာတွေ့၊ လက်တွေ့လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး ဒေသတစ်ခုလုံးလွှမ်းခြုံသည့် မဟာစီမံချက်ရေးဆွဲခြင်းနှင့် ရင်းနှီးတည်ဆောက်သူများအား အိတ်ဖွင့်တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်များအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့် ရွေးချယ်ခြင်းများအပြင် အထူးစီးပွားရေးဇုန်ကို ကော်ပိုရေးရှင်းများနည်းတူ လည်ပတ်လုပ်

ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြေကြားစဉ်။
(သတင်းစဉ်)

ဆောင်လာနိုင်အောင် စီမံခန့်ခွဲမှုကော်မတီကို စနစ်တကျဖွဲ့စည်းခြင်း၊ စီမံကိန်းနယ်မြေ အတည်ပြုသတ်မှတ်ကြေညာရန် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ကနဦးလေ့လာဆန်းစစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ရေးဆွဲဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေး၊ စီးပွားရေးထိခိုက်လာနိုင်သည့် အခြေအနေများနှင့် ထိခိုက်မှုမရှိအောင်ဆောင်ရွက်ထားရှိသည့် အစီအမံများပါရှိသော လေ့လာဆန်းစစ်မှု အစီရင်ခံစာများ ရေးဆွဲခြင်း၊ စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအတွက် သင့်တင့်မျှတသော လျော်ကြေးငွေပေးခြင်း၊ မူလဝင်ငွေထက် မနည်းသော အလုပ်အကိုင်များ အသက်မွေးဝမ်းကျောင်းမှုများ ဖန်တီးပေးခြင်း၊ မူလအနေအထားထက် တိုးတက်ကောင်းမွန်သော လူနေမှုအဆင့်အတန်းများကိုပိုင်ဆိုင်နိုင်ရန် အစီအမံများပါရှိသည့် ကမ္ဘာ့ဘဏ်၏ Involuntary Resettlement Sourcebook ပါ လမ်းညွှန်ချက်စံချိန်စံညွှန်းများနှင့်အညီ ပြန်လည်နေရာချထားခြင်းဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ စွမ်းရည်မြှင့်တင်မှုသင်တန်းများ၊ ဒေသခံများအတွက် ကျွမ်းကျင်မှုမြှင့်တင်သည့်သင်တန်းများ ညှိနှိုင်းဖွင့်လှစ်ပေးခြင်းတို့ကို စီစဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါတွင် အကြံပေးကုမ္ပဏီများက ကျောက်ဖြူခရိုင်တစ်ခုလုံးလွှမ်းခြုံနိုင်မည့် မဟာစီမံချက် လေ့လာရေးဆွဲလျက်ရှိရာ ကနဦးအဆိုပြုချက်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေး၊ ဒေသခံများ၊ နိုင်ငံသားများ ပါဝင်လုပ်ဆောင်နိုင်ခွင့်ရရေး၊ ရေရှည်တည်တံ့သည့် စီးပွားရေးတစ်ခုဖြစ်ရေးဆိုသည့် မူဝါဒရည်ရွယ်ချက်များကို အကောင်အထည်ဖော်ပေးနိုင်သည့် ရေနက်ဆိပ်ကမ်းကိုအခြေပြုသော ကုန်ထုတ်လုပ်ငန်းများ၊ အဆင့်ဆင့်ကုန်ချောထုတ်လုပ်သည့်လုပ်ငန်းများ၊ သိုလှောင်သယ်ပို့ရေးအပိုင်းကို ဦးစားပေးသည့် ထောက်ပံ့ပို့ဆောင်နိုင်သည့်လုပ်ငန်းများပါဝင်နိုင်သော လုပ်ငန်းအမျိုးအစားများကို စုစည်းကာ ရေနက်ဆိပ်ကမ်း ရင်းနှီးတည်ဆောက်သူ၊ ဆောက်လုပ်ရေးနှင့် ဆိုင်သည့်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများ (CIP-Construction Industrial Package)၊ အထည်အလိပ်လုပ်ငန်းနှင့်ဆိုင်သည့် စက်မှုလုပ်ငန်းများ (TIP-Textile Industrial Package) ပါဝင်သည့် စက်မှုဥယျာဉ် (Industrial Park) ရင်းနှီးတည်ဆောက်သူနှင့် လူနေအိမ်ရာများဆောက်လုပ်ခြင်း (Residential Development)အတွက် ရင်းနှီးတည်ဆောက်သူ စသည်ဖြင့် တင်ဒါ(၃)ခုခွဲ၍ခေါ်ယူမည့် မဟာစီမံချက်မူကြမ်းတွင် ယခင်စိတ်ကူးစီမံချက်ပထမအဆင့်၌ ဧက ၁၀၀၀ စတင်အကောင်အထည်ဖော်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ပထမအဆင့်တွင် ဧက ၄၀၀၀ ခန့်အထိ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် အထူးစီးပွားရေးဇုန်၏ တန်ဖိုးပိုမိုမြင့်မားလာစေရန် ရင်းနှီးတည်ဆောက်သူများကို ပိုမိုဆွဲဆောင်မှုရရှိလာနိုင်ပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ကြောင်း အကြံပြုချက်အပေါ် BEAC အဖွဲ့က ဆွေးနွေးတိုင်ပင်ညှိနှိုင်း ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းသည် ၂၀၄၅ ခုနှစ်အထိ နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည် စီမံကိန်းများချမှတ်ပြီး စီစဉ်ထားပါသဖြင့် စီမံကိန်းများအလိုက် ရွေးချယ်ထားသည့် စက်မှုလုပ်ငန်းများတွင် ကျောက်ဖြူဒေသအပါအဝင် မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို လမ်းဖွင့်ပေး

ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းစဉ်။
(သတင်းစဉ်)

ခြင်းဖြင့် လူမှုရေး၊ စီးပွားရေးအကျိုးရလဒ်များကို မျှဝေခံစားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **“ကချင်ပြည်နယ် ရွှေကူမြို့နယ် ပေါက်နက်ရေလှောင်တမံစီမံကိန်းကို ယခုအစိုးရလက်ထက်တွင် အပြီးသတ်တည်ဆောက်ပေးရေးနှင့် ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်ရေပေးရေးမြောင်းများကို စက်ယန္တရားများဖြင့် တူးဖော်တည်ဆောက်ပေးရေး နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်ရှိ ပေါင်းနက်ရေလှောင်တမံစီမံကိန်းသည် ၂၀၁၃ ခုနှစ်မှ စတင်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း နယ်မြေအခြေအနေနှင့် ရန်ပုံငွေရရှိမှုအခြေအနေအရ ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာနှစ်ကုန်အထိ စီမံကိန်းတစ်ခုလုံး၏ (၂၇ ဒသမ ၅၈)ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

လက်ရှိအချိန်တွင် ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်မှု (၉၅ ရာခိုင်နှုန်း)ခန့်စီနှင့် တမံမြေဖို့ခြင်း

အမျိုးသားလွှတ်တော်အစည်းအဝေး

တယ်လီဖုန်းတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၄

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပပြီး မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆက်သွယ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်း၏ **“မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ရေဆင်း) ကျောင်းသား ကျောင်းသူများ နေထိုင်ရန် အဆောင်များ လုံလောက်စွာထားရှိပေးခြင်း ရှိ/မရှိ၊ အဆင့်မြင့် သုတေသနဓာတ်ခွဲခန်းတစ်ခု**

ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြေကြားစဉ်။
(သတင်းစဉ်)

ဖွင့်လှစ်ထားရှိပေးခြင်း ရှိ/မရှိ နှင့် ကွင်းဆင်းလေ့လာရေး ခရီးစဉ်များတွင် အသုံးပြုရန် မော်တော်ယာဉ်သစ်များ လုံလောက်စွာ ဝယ်ယူဖြည့်တင်းထားခြင်း ရှိ/မရှိ” မေးခွန်းနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ကျောင်းသားကျောင်းသူ ၂၅၀ တိုးမြှင့်လက်ခံခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ စာသင်နှစ်ကို ငါးနှစ်မှ ခြောက်နှစ်သို့ တိုးမြှင့်သင်ကြားခြင်းတို့ကြောင့် ယခုလက်ရှိ ကျောင်းသားကျောင်းသူ ၁၂၇၅ ဦးရှိရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ၁၅၅၂ ဦးအထိ ရှိလာမည်ဖြစ်ပါကြောင်း။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်း မေးမြန်းစဉ်။
(သတင်းစဉ်)

ယခုလက်ရှိတွင် ကျောင်းသား ၄၈၀ နေထိုင်နိုင်သည့် အိပ်ဆောင်ငါးဆောင်၊ ကျောင်းသူ ၃၈၄ ဦး နေထိုင်နိုင်သည့် အိပ်ဆောင်လေးဆောင်ရှိပြီးဖြစ်သည့်အတွက် ကျောင်းသား ၃၈၈ ဦးနှင့် ကျောင်းသူ ၃၀၀ အတွက် ကျောင်းဆောင် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လူဦးရေ ၂၀၀ ဆံ့ အဆင့်မြင့် နှစ်ထပ်အိပ်ဆောင်သုံးဆောင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆင့်မြင့်သုတေသန ဓာတ်ခွဲခန်း (Central Lab) တစ်ခု ဆောက်လုပ်ရန်အတွက်၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး အဆိုပါ အဆင့်မြင့်သုတေသနဓာတ်ခွဲခန်းအတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းအချို့ကို ဝယ်ယူထားရှိပြီးဖြစ်သည့်အပြင် လေ့ကျင့်သင်ကြားပေးမည့် ဆရာ ဆရာမများအား ပိုမိုအရည်အချင်းပြည့်ဝသော ကျွမ်းကျင်ပညာရှင်များ ဖြစ်လာစေရန် မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ ပြည်တွင်း ပြည်ပတွင် လေ့ကျင့်သင်ကြားပေးလျက် ရှိပါကြောင်း၊ ကျောင်းသားကျောင်းသူများ ကွင်းဆင်းလေ့လာရေး ခရီးစဉ်များတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်သစ် လုံလောက်အောင် ဝယ်ယူဖြည့်တင်းပေးရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တပ်မတော်သားကိုယ်စားလှယ်နှစ်ဦး၏ ဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေး၊ သတင်း

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ Royal Thai Air Force Museum သို့ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၄

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃ ရက်ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်တွင် Royal Thai Air Force Museum အတွင်းရှိ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(ယာပုံ)**

ပေးအပ်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် ဒေသစံတော်ချိန် ည ၇ နာရီ ၄၅ မိနစ်တွင် မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ရုံးသို့ ရောက်ရှိပြီး မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့်ဇနီး၊ မြန်မာစစ်သံမှူး (ကြည်း၊ရေ၊လေ)ဗိုလ်မှူးချုပ်ချစ်ဆွေနှင့် ဇနီး၊ ထိုင်းနိုင်ငံရှိ သင်တန်းတက်ရောက်နေသော သင်တန်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍သံအမတ်ကြီးနှင့် ဇနီး၊ သံရုံးဝန်ထမ်းမိသားစုများ၊ စစ်သံမှူးနှင့်ဇနီး ၊ စစ်သံရုံးမိသားစုများအား လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာစစ်သံမှူး (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ချစ်ဆွေနှင့်ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **(မြဝတီ)**

အမျိုးသားလွှတ်တော်မှ

အချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ရှင်းလင်းဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုး၏ **"မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်း(ကြိုးဖုန်း)များ ငှားရမ်းသုံးစွဲခြင်းနှင့် ပတ်သက်သည့်"** မေးခွန်းနှင့်စပ်လျဉ်း၍ အော်တိုတယ်လီဖုန်း(ကြိုးဖုန်း) တပ်ဆင်ပေးရာတွင်သုံးစွဲသူ တစ်ဦးချင်းထံသို့ အိမ်တိုင်ရာရောက် တယ်လီဖုန်း အိတ်ချိန်းမှ တစ်ဆင့် ကြေးနန်းကြိုး (Copper Wire)ဖြင့် သွယ်တန်းတပ်ဆင်ပေးရခြင်းကြောင့် ကနဦးတပ်ဆင်ခမှာ ယင်းကုန်ကျစရိတ်အတွက် ကောက်ခံရခြင်းဖြစ်ပြီး မိုဘိုင်းတယ်လီဖုန်းထက် ကနဦးတပ်ဆင်ခပိုမိုများပြားရခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် အော်တိုတယ်လီဖုန်း၏ ခေါ်ဆိုခမှာ မိုဘိုင်းတယ်လီဖုန်း ခေါ်ဆိုခထက် ပိုမိုသက်သာပါကြောင်း။

အော်တိုတယ်လီဖုန်း(ကြိုးဖုန်း) တပ်ဆင်ပေးနိုင်သည့် အရေအတွက် ကန့်သတ်ချက်မှာ သက်ဆိုင်ရာနယ်မြေရှိ တယ်လီဖုန်းအိတ်ချိန်းနှင့် စက်ပစ္စည်းတို့အပေါ်တွင် မူတည်ပါသဖြင့် လက်ရှိအခြေအနေတွင် တပ်ဆင်ထားရှိသော တယ်လီဖုန်း အိတ်ချိန်းနှင့် တယ်လီဖုန်းအရေအတွက် အရ မူလငှားရမ်းတပ်ဆင်သုံးစွဲခွင့်ပြုထားသောနေရာမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြောင်းရွှေ့တပ်ဆင်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ သို့ရာတွင် နောက်ပိုင်း၌ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဈေးကွက်စီးပွားရေးအရ ယှဉ်ပြိုင်ဆောင်ရွက်လာသည့်အခါ ယင်းကဲ့သို့ ပြောင်းရွှေ့တပ်ဆင်ပေးခြင်းကို ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနေအောင်ဦး၏ **"တယ်လီဖုန်းသုံးစွဲမှု (Teledensity) အတွက် နောင်အနာဂတ်တွင် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ တယ်လီဖုန်း သိပ်သည်းဆ(Teledensity) တိုးတက်မြင့်မားလာစေရန်နှင့် ကျေးလက်နှင့်မြို့ပြ ကွာဟမှုမရှိစေဘဲ ပြည်သူများ တယ်လီဖုန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်စေရန်အတွက် တယ်လီဖုန်းတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ နိုင်ငံတော်လူဦးရေ၏ တယ်လီဖုန်း သိပ်သည်းဆမှာ ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း သိပ်သည်းဆကို ၅၀ ရာခိုင်နှုန်း အထိလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း သိပ်သည်းဆကို ၈၀ ရာခိုင်နှုန်းအထိ လည်းကောင်း တိုးတက်လာအောင် ရည်မှန်းဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပါအဝင် ပြည်တွင်းအော်ပရေတာနှစ်ဦး၊ နိုင်ငံတကာ အော်ပရေတာများ ဖြစ်သည့် Telenor နှင့် Ooredoo ကုမ္ပဏီတို့ဖြင့် ယှဉ်ပြိုင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယင်းသို့ ယှဉ်ပြိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားခြင်းဖြင့် နောင်လာမည့်ငါးနှစ်တွင် မိုဘိုင်းတယ်လီဖုန်းလွှမ်းခြုံမှုဧရိယာမှာ တစ်နိုင်ငံလုံးဧရိယာ၏ ၈၃ ဒသမ ၉ ရာခိုင်နှုန်းခန့် ရှိလာနိုင်မည်ဖြစ်ပါကြောင်းနှင့် တယ်လီဖုန်းသုံးစွဲမှုများနှင့်ပတ်သက်၍ သိရှိသင့်သည်များကို ပြည်သူများသို့ မီဒီယာများမှတစ်ဆင့် အခါအားလျော်စွာ အသိပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၂၅) ရက်မြောက်နေ့ကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တစ်အိမ်ထောင်ချင်းစီးပွားတိုးတက်ရန် အလုပ်လုပ်ခြင်းဖြင့်ဝင်ငွေရအောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၄

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီး ဒေါ်နန်းဖြူဖြူအေးတို့သည် ဇွန် ၃၀ ရက်က ပခုက္ကူမြို့ အမှတ် ၁၀၁ ခြေမြန်တပ်မဌာနချုပ် တပ်နယ်ရိပ်သာကြီးတွင် တပ်မဌာနချုပ်နှင့် တပ်နယ်တပ်ရင်းများအတွက် ဆေးဝါးများနှင့် ဗလာစာအုပ်များကို တပ်မ ၁၀၁ တပ်မမှူး ဗိုလ်မှူးချုပ်သိုက်စိုးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရေစကြိုမြို့နယ် တောင်ဦးကျေးရွာအုပ်စု အင်းဝကျေးရွာတွင် ကျင်းပသည့် ကျေးရွာဆိုလာမီးလင်းခြင်းဖွင့်ပွဲအခမ်းအနားသို့ **(အောက်ပုံ)**တက်ရောက်အားပေးပြီး ပြည်ထောင်စုဝန်ကြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ဆိုလာမီးလင်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း အတွက် ဝမ်းမြောက်ပါကြောင်း၊ မီးလင်းမှုကြောင့် ကျောင်းသားလူငယ်များအတွက် စာပေလေ့လာကျက်မှတ်ရန် အချိန် ပိုမိုရရှိလာသလို ရက်ကန်းလုပ်ငန်းများအတွက်လည်း အချိန်ပိုမိုရရှိလာပြီးဖြစ်ကြောင်း၊ ထို့အတူ တစ်အိမ်ထောင်ချင်း စီးပွားတိုးတက်လာစေရန် အချိန်ကိုအကျိုးရှိရှိ အလုပ်လုပ်ခြင်းဖြင့် ဝင်ငွေပိုမိုရအောင် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျေးရွာနေပြည်သူများအတွက် အိမ်သုံးဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းများနှင့် Sky Net ရုပ်သံဖမ်းစက်၊ ယင်လုံအိမ်သာ တည်ဆောက်ရန်အတွက် ရေအိမ်ဇလုံများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရွာထောင်ကျေးရွာအုပ်စု လက်ပံပင်ကျေးရွာ ဆိုလာမီးလင်းပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျေးရွာနေပြည်သူများအနေဖြင့် ကျန်းမာရေးကို ဂရုတစိုက် စောင့်ရှောက်သွားကြရန်၊ ဒေသတည်ငြိမ် အေးချမ်းစွာဖြင့် အသက်မွေးဝမ်းကျောင်း နေထိုင်ရသည့် ဘဝအခြေအနေသည် အလွန်တန်ဖိုးကြီးပြီး ဝင်ငွေနှင့် ထွက်ငွေ သင့်တင့်မျှတအောင် ချိန်ဆသုံးစွဲကြရန် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း တစိုက်မတ်မတ် ဝါယမစိုက် အားထုတ်ကြိုးပမ်းကာ ပညာရှာမှီးသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာနေပြည်သူများအတွက် အိမ်သုံးဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းများနှင့် Sky Net ရုပ်သံဖမ်းစက်၊ ယင်လုံအိမ်သာ တည်ဆောက်ရန်အတွက် ရေအိမ်ဇလုံများ ပေးအပ်လှူဒါန်းသည်။

အလားတူ အောင်နန်းကျေးရွာအုပ်စု သော်ကဲဘကျေးရွာ ကျေးရွာမီးလင်းပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးပြီး ပတ်ဝန်းကျင်ဂေဟစနစ်ကောင်းများ ပိုမိုကောင်းမွန်တိုးတက်လာစေရန်အတွက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်ပင်များထိန်းသိမ်းစောင့်ရှောက်ခြင်းများ လုပ်ဆောင်ရန်နှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်းတွင် တာဝန်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျေးရွာနေပြည်သူများအတွက် အိမ်သုံးဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းများနှင့် Sky Net ရုပ်သံဖမ်းစက်၊ ယင်လုံအိမ်သာ တည်ဆောက်ရန်အတွက် ရေအိမ်ဇလုံများ ပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံဗန်ကောက်မြို့၌ မြန်မာရွှေ့ပြောင်းလုပ်သားများအား ဖမ်းဆီးနေသည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိ၊ ကောလာဟလဖြစ်ကြောင်း အတည်ပြုနိုင်

နေပြည်တော် ဇူလိုင် ၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရပ်ကွက်အလိုက် စစ်ဆေး၍ ဖမ်းဆီးမှုများ ပြုလုပ်နေသည်ဆိုသည့် သတင်းသည် ကောလာဟလသာဖြစ်ကြောင်း သတင်းများအရ သိရသည်။

ထိုင်းတပ်မတော်က အာဏာသိမ်းပြီးနောက် မေလနောက်ဆုံးပတ်တွင် လက်နက်မှောင်ခိုများအား ထိုင်းနိုင်ငံ အရှေ့မြောက်ဘက်ရှိ ကမ္ဘောဒီးယားနယ်စပ်တွင် စတင်ဖမ်းဆီးရမိပြီးနောက် ဇွန် ၁ ရက်မှ စတင်၍ မဲဆောက်၊ ချင်းမိုင်မြို့တို့တွင် လက်နက်နှင့် မူးယစ်ဆေးဝါး ရောင်းဝယ်သူများနှင့် ဆက်နွယ်သူများအား ရှာဖွေဖမ်းဆီးစစ်ဆေးမှုများကို National Council for Peace and Order (NCPO) က လုပ်ဆောင်ခဲ့သည်။

ဇွန် ၁ ရက်မှ ၄ ရက်အထိ မဲဆောက်သောင်ရင်းမြစ်ကမ်းရှိ ကျူးကျော်တဲများကို ဖျက်သိမ်းပြီး နေထိုင်သူ ၂၆၈ ဦးကို ဖမ်းဆီးစစ်ဆေး၍ တရားမဝင်နေထိုင်သူ (အထောက်အထားမဲ့) ၁၀၃ ဦးကို မြန်မာဘက်ကမ်းဂိတ် (၁၀)သို့ ပို့ဆောင်ခဲ့သဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ဇွန် ၆ရက်တွင် NCPO ဒုတိယ ဥက္ကဋ္ဌနှင့် တွေ့ဆုံညှိနှိုင်းခဲ့သဖြင့် ဇွန် ၇ ရက်တွင် မဲဆောက်ရှိ ဖမ်းဆီးထားသူများကို ပြန်လည်လွှတ်ပေးခဲ့သည်။

ညှိနှိုင်းဆောင်ရွက်

ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ ချင်းမိုင်မြို့တွင် ဖမ်းဆီးမှုများပြုလုပ်ခဲ့ရာ မြန်မာရွှေ့ပြောင်းလုပ်သား ၃၀ ခန့်ပါရှိသဖြင့် မြန်မာသံအမတ်ကြီးက ဇွန် ၁၄ ရက်တွင် NCPO မှ အလုပ်သမားကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဇွန် ၁၅ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့သည်။

ထိုအချိန်တွင် ဗန်ကောက်မြို့၌ ရပ်ကွက်အလိုက်စစ်ဆေး၍ ဖမ်းဆီးမှုများပြုလုပ်နေသည်ဟု ကောလာဟလသတင်းများ ထွက်ပေါ်လာသဖြင့် မဟာချိုင်ရှိ မြန်မာအလုပ်သမားစောင့်ရှောက်ရေး အသင်းဝင်များအား ဆက်သွယ်မေးမြန်းခဲ့ရာ မှန်ကန်မှုမရှိကြောင်း၊ ဖမ်းဆီးမှုများရှိပါက သတင်းထုတ်လွှင့်ရန် စောင့်ဆိုင်းနေသည့် ထိုင်းရုပ်သံမီဒီယာများသာ တွေ့ရှိရသည်ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❀ ***ကျော်ဖုံးမှ***

ကမ္ဘောဇ-ဖွဲ့ကပင်

အမှတ်ပေးပြိုင်ပွဲတွင် အဝေးကွင်း၌ သရေကစားနိုင်ခဲ့သည့် ဖွဲ့ကပင်အသင်းမှာ ယခုပွဲတွင်လည်း ကမ္ဘောဇအသင်းကို အခက်တွေ့အောင် လုပ်နိုင်ပေသည်။

ရောဝတီ- ဇေယျာရွှေမြေ

အမှတ်ပေးချန်ပီယံဆုကို အဆုံးသတ်လုနီးပါးဖြစ်နေသည့် ရောဝတီနှင့်ဇေယျာရွှေမြေအတွက် နောက်ဆုံးဖလားမျှော်လင့်ချက်ဖြစ်နေသည့် ဇေယျာရွှေမြေအသင်းမှာ ယခုရာသီတွင် ရလဒ်များဆိုးနေပြီး ရောဝတီအသင်းမှာ အမှတ်ပေးပြိုင်ပွဲတွင် နှစ်ပွဲဆက် အနိုင်ရရှိထားသည်။ ၂၀၁၂ ရှုံး/ထွက် ချန်ပီယံရောဝတီအသင်း ရလဒ်ကောင်း ရယူနိုင်ခြင်းရှိမရှိမှာ. . .။

စွယ်တော်မြတ်စေတီတော်(ရန်ကုန်)ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်း၌ ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့ ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီတွင် (၁၇)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့နှင့် (၈)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပါသဖြင့် ရဟန်းရှင်လူပြည်သူအများ လာရောက်ကြည်ညိုလှူဒါန်းပူဇော်နိုင်သည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

အမျိုးသမီးတစ်ဦး ဖြစ်လာပြီး မလင်းလင်း၏ဘဝကို အခြေခံကာ ရိုက်ကူးထားသည့် စွမ်းရည်စီမံကိန်း ရုပ်ပုံများအား မြန်မာအမျိုးသမီးများနေ့တွင် Youtube စာမျက်နှာမှတစ်ဆင့် ကမ္ဘာတစ်ခုလုံးသို့ လွှင့်တင်ထားနိုင်ခဲ့ပြီဖြစ်သည်။

မလင်းလင်းအကြောင်း ရိုက်ကူးထားသည့်ဖြစ်ရပ်မှန် မှတ်တမ်းရုပ်ရှင်သည် မြန်မာနိုင်ငံတွင် နေ့စဉ်မိသားစုများအတွက် ရုန်းကန်နေရသည့် မိခင်အမျိုးသမီးများအတုယူဖွယ်ဖြစ်သည်။ နေ့စဉ်ကျောက်ထုခြင်းဖြင့်ရရှိလာသည့်ဝင်ငွေက ၎င်း၏ကလေး လေးဦးအတွက် အဆင်ပြေမှုမရှိသည့် မလင်းလင်းမှာ စွမ်းရည်အဖွဲ့ဝင်ဖြစ်လာသောအခါ စွမ်းရည်သင်တန်းများနှင့် အရင်းအနှီးပေးမှုများကို အခြေခံကာ ထမင်းဆိုင်ငယ်တစ်ခုကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်နှစ်ကျော်ကာလအတွင်း ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ခဲ့ကာ ကလေးငယ်များအတွက် လုံခြုံစိတ်ချရသည့်အရိပ်ကို ပေးနိုင်စွမ်းရှိသော စွမ်းရည်ပြည့် မိခင်တစ်ဦးဖြစ်လာခဲ့ပြီဖြစ်ကြောင်း ဖြစ်ရပ်မှန်ဇာတ်လမ်းတွင် တင်ဆက်ပြသထားသည်။

ရန်ကုန်-မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်ရှိ ကျေးရွာများမှ အမျိုးသမီးပေါင်း ၂၄၅၀၀ ခန့်ကို ငွေကြေးထိန်းသိမ်းနည်းများ၊ စီးပွားရေးအခြေခံသဘောတရားများနှင့်စီမံအုပ်ချုပ်မှုများကို နားလည်စေရန် သင်ကြားကာအထောက်အပံ့များပေးခဲ့သည့် စွမ်းရည်စီမံကိန်းအတွက် ကိုကာကိုလာဖောင်ဒေးရှင်းက ဒေါ်လာသုံးသန်းခန့် ထောက်ပံ့ပေးထားပြီး စုငွေကိုအခြေခံသည့် အဖွဲ့ဘဏ်စနစ်ဖြင့် အမျိုးသမီးများအား အိမ်ထောင်စုငွေကြေးလုံခြုံမှု မြင့်မားစေရန်နှင့် အသေးစားလုပ်ငန်းငယ်များ လုပ်ကိုင်နိုင်စေရန်၊ လိုအပ်သော စာရင်းမှတ်တမ်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ငွေစုငွေချေးအဖွဲ့အစည်းငယ်များကို တည်ထောင်ရန် ပြုစုပျိုးထောင်ပေးခဲ့သည်မှာ ယခုမြန်မာအမျိုးသမီးများနေ့တွင် နှစ်နှစ်တာပြည့်မြောက်ပြီ ဖြစ်သည်။ စွမ်းရည်စီမံကိန်းမှာ ကိုကာကိုလာလုပ်ငန်းစုက တစ်ကမ္ဘာလုံးတွင် ထောက်ပံ့ပေးထားသည့် ပရောဂျက် ၃၀၀၀ ကျော်အနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကိုကာကိုလာသည် ၂၀၂၀ ပြည့်နှစ်တွင် အမျိုးသမီးပေါင်း ငါးသန်းအား စွမ်းရည်မြှင့်တင်ပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကိုကာကိုလာဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ စွမ်းရည်စီမံချက်ကို Pact ပရဟိတအဖွဲ့အစည်းက ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံအတွင်း ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းတိုးတက်မှု၊ အသေးစားချေးငွေလုပ်ငန်းနှင့် စားနပ်ရိက္ခာအစီအစဉ်များကို ၁၉၉၇ ခုနှစ်မှ စတင်လုပ်ဆောင်နေပြီး လက်ရှိတွင် ပြည်တွင်း အဖွဲ့အစည်းများနှင့် ကျေးရွာလူထုအဖွဲ့အစည်းများ စုစုပေါင်း ၁၃၀၀၀ ဖြင့် ပူးပေါင်းကာ လူမှုရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ လူမှုဘဝမြှင့်တင်ရေး စီမံချက်တစ်ခုဖြစ်သော WORTH စီမံချက်ကိုလည်း အကောင်အထည်ဖော်လျက်ရှိပြီး ယနေ့အထိ ငွေစုအဖွဲ့ ၉၀၄ ဖွဲ့နှင့် အဖွဲ့ဝင်ပေါင်း ၂၂၃၁၈ ဦးခန့်ကို လူမှုဘဝမြှင့်တင်ပေးနေပြီး လူမှုအဖွဲ့အစည်းငယ်များ ရေရှည်ရပ်တည်နိုင်ရန်ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အင်းတော်တွင် သက်ကြီးရွယ်အိုများအား ကျန်းမာရေးဝန်ဆောင်မှုပေး

အင်းတော် ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် အသက် ၆၀ ပြည့်ပြီးသူများ မိမိတို့၏ ကိုယ်ခန္ဓာတွင် ဖြစ်ပေါ်နေသော ရောဂါဝေဒနာများကို စမ်းသပ်ကုသမှုခံယူလိုပါက အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အင်းတော်မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်ကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

(၁၅၆)

ဖြည့်စွက်ဖတ်ရှုပါရန်

နေပြည်တော် ဇူလိုင် ၄

ဇူလိုင် ၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၉)ပါ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပသည့် သတင်းတွင် တက်ရောက်သူများစာရင်း၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ အကျိုးစီးပွားကို ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့်အတူ ဇူလိုင် ၂ ရက် နံနက် ၈နာရီတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ စုစုပေါင်းအင်အား ၂၀၀ တို့နှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) အဖြစ် လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲသို့ ပါဝင်တက်ရောက်၍ ဆွေးနွေးအမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍသည် နိုင်ငံတော်၏စီးပွားရေးကဏ္ဍကြီးတစ်ခုလုံး၏ အခြေခံအဓိက မောင်းနှင်အားဖြစ်သည်နှင့်အညီ တောင်သူလယ်သမားထုတစ်ရပ်လုံး၏ ဝင်ငွေတိုးတက်ရေး၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် အဓိကအကျဆုံး၊ အရေးပါဆုံး အခန်းကဏ္ဍဖြစ်သည့် အားလျော်စွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသော အမှုထမ်း၊ အရာထမ်းအားလုံးတို့သည် ယခုတတိယအကြိမ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရာတွင် လက်တွေ့ကျစွာဖြင့် တောင်သူလယ်သမားများကို အခြေခံဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်ရှိနေသော "မျိုးစေ့ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးနှင့် မျိုးကောင်း မျိုးသန့်မျိုးစေ့များကို ဒေသအလိုက် ပျံ့နှံ့အောင် အကောင်အထည်ဖော်ရေးတာဝန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို တစ်နိုင်ငံလုံး အကြားအလပ်မကျန် ပျံ့နှံ့အောင် အကောင်အထည်ဖော်ရေးလုပ်ငန်းတာဝန်၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းတာဝန်၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး (One Village, One Product) စနစ်ဖြင့် တောင်သူလယ်သမားများ ဝင်ငွေ တွက်ခြေကိုက်ပြီး စိုက်ပျိုးသော သီးနှံများကို ဈေးကွက် နှင့် ချိတ်ဆက်ပေးနိုင်ရေးတာဝန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်"များကို အောင်မြင်ကျေပွန်စွာဖြင့် အစွမ်းကုန်ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရေရှည်အမျိုးသား အကျိုးစီးပွားအတွက် ခိုင်ခံ့သော အုတ်မြစ်များချမှတ်စိုက်ထူပေးနိုင်ရေး အမြော်အမြင်ရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် တစ်ပြိုင်တည်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို လက်ငင်းဖြည့်ဆည်းပေးနိုင်ရေး၊ လက်တွေ့ လက်ငင်းလုပ်ငန်းတာဝန်များကို ရည်မှန်းချက် တိတိကျကျဖြင့် လက်တွေ့အကောင်အထည်ဖော်ကြရန် ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်သန်းက မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ရေး (Third Wave) လုပ်ငန်းများဆောင်ရွက်သွားမည့် တိုင်းဒေသကြီးအတွင်း မျိုးစေ့ထုတ်လုပ်ငန်းများနှင့် လယ်ယာထွက်ကုန်များ၏ ဈေးကွက်၊ စိုက်ပျိုးရေရရှိရေးနှင့် ဝင်ငွေတွက်ခြေကိုက်မည့်သီးနှံများ ပုံစံတကျ ရွေးချယ်စိုက်ပျိုးနိုင်ရေးအပါအဝင် တောင်သူများ စိုက်ပျိုးစရိတ်၊ ငွေကြေးအရင်းအနှီးရရှိရေးလုပ်ငန်းများနှင့် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော်သွားမည့် အစီအစဉ်များကို ရှင်းလင်းပါဝင်ဆွေးနွေးသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးဌေးဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးလှမြင့်အောင်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးသန်းထွဋ်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးဝင်းဆန်း၊ စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးအောင်ကျော်ကျော်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးတင်သန်းဆွေ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုင်းမန်နေဂျာ ဒေါ်ခင်ပြုံးရီနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေတို့က ဌာနအလိုက်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိတ်ဓာတ်ကောင်းမွန်ခြင်း၊ စနစ်ကောင်းရှိခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း ပူးပေါင်းဆောင်ရွက်မှု (စည်းလုံးညီညွတ်မှု)ရှိခြင်းတို့ဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာ တိုင်းပြည်အကျိုး သယ်ပိုးဆောင်ရွက်ကြရန်နှင့် မိမိတို့၏ ဇာတိချက်ကြွေမွေးရပ်မြေကဲ့သို့ ခံယူကြပြီးလျှင် ကျရာအခန်းကဏ္ဍမှ ကျရာနေရာ၊ ကျသည့်တာဝန်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သီလင်ကျေးရွာသို့ ရောက်ရှိပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း၏ ရွှေရောင်ဝင်းမှည့် ဖြစ်ထွန်းအောင်မြင်နေမှုများကို ကွင်းဆင်းကြည့်ရှုကာ တောင်သူများအား အမှန်တကယ် အကျိုးပြုသည့် မျိုးကောင်းမျိုးသန့်များ တစ်တိုင်းလုံးပျံ့နှံ့အောင် ဖြန့်ဖြူးနိုင်ရေး တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဝမ်းတွင်းမြို့နယ် ရာသချာကျေးရွာ၌ တောင်သူများစုပေါင်း၍ စိုက်ပျိုးထားရှိသော တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါးဧက ၂၀၀ စိုက်ကွင်းသို့ ရောက်ရှိပြီး ရိတ်သိမ်းရန် စပါးနှံများဝင်းမှည့်အောင်မြင်နေမှုကို လည်းကောင်း၊ ဝမ်းတွင်းမြို့နယ် ရွှေတောင် သုတေသနခြံနှင့် မျိုးပွားခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသော ရွှေတောင်သုတေသန မျိုးပွားခြံမှ ထွက်ရှိသည့် ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့များကိုလည်းကောင်း၊ ချည်မျှင်ရှည်ဝါသီးနှံ၊ ငွေချည် ၉ နှင့် ရွှေတောင် ၈ မျိုးသန့်မျိုးစေ့များကိုလည်းကောင်း၊ အိန္ဒိယမူရင်းမျိုး နှမ်းသီးနှံမျိုးစေ့များကိုလည်းကောင်း၊ စပ်မျိုး မျိုးစေ့ထုတ်လုပ်ရာတွင် အသုံးပြုသော သွင်းအားစုပစ္စည်းများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ရွှေတောင်သုတေသန မျိုးပွားခြံ၌ နိုင်ငံ့ဝန်ထမ်း ပညာရှင်များနှင့် မျိုးစေ့ထုတ်လုပ်ငန်းပူးပေါင်းဆောင်ရွက်လျက်ရှိသော Great Wall ကုမ္ပဏီမှ ဦးတင်မောင်၊ Win All ကုမ္ပဏီမှ ပညာရှင် Mr. Hong Jin တို့အားတွေ့ဆုံ၍ လယ်ယာကဏ္ဍအတွက်လိုအပ်သော မျိုးစေ့ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကအခန်းကဏ္ဍမှ အရည်အသွေးကောင်းပြီး ဈေးကွက်ဝင် တွက်ခြေကိုက်သည့် သီးနှံမျိုးစေ့များကို အာမခံ အရည်အသွေးဖြင့် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပညာရှင်များအပိုင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအပိုင်း၊ တောင်သူလယ်သမားများအပိုင်းတို့မှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျောင်းဝတ်စုံနှင့်ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်း

နေပြည်တော် ဇူလိုင် ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက နေပြည်တော် ကောင်စီနယ်မြေရှိ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါအသင်းရုံးချုပ်၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူတိုင်းအတွက် ပညာရေး (Education For All) အစီအစဉ်တွင် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ယခုနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများအပြင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် လိုအပ်သည့် ကျောင်းဝတ်စုံများ၊ ပညာရေးဆိုင်ရာ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများနှင့် အသင်းမှ ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းရှိ ကလေးငယ်များအတွက် ကျောင်းဝတ်စုံများကို လှူဒါန်းသွားမည်ဖြစ်ပါကြောင်း။

အသင်းအနေဖြင့် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခမဲ့မူလတန်းပညာရေး၊ အလယ်တန်းပညာရေးများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရောက်နိုင်ရေးအပြင် နေပြည်တော် ကောင်စီနယ်မြေအတွင်း၌ စံပြကျောင်းများ ပေါ်ထွန်းလာစေရေး ရည်မှန်းချက်ထားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက စုစုပေါင်း ငွေကျပ် တစ်ရာ့ ငါးသိန်း ငါးထောင်ရှစ်ရာငါးဆယ် တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ရာ သက်ဆိုင်ရာကျောင်းအသီးသီးမှ တာဝန်ရှိသူများက လက်ခံကြသည်။ **(ဝဲပုံ)**

ယနေ့အသင်းမှ ထောက်ပံ့ပေးအပ်လှူဒါန်းမှုမှာ နေပြည်တော် ကောင်စီနယ်မြေရှိ အခြေခံပညာအလယ်တန်းကျောင်း ရှစ်ကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ခုနစ်ကျောင်းတို့အတွက် ဗလာစာအုပ်ဒါဇင်ပေါင်း ၂၆၂၀ နှင့် ကျောင်းဝတ်စုံ ၂၂၀၆ စုံ၊ အသင်းပိုင်မူကြိုကျောင်း ၁၁ ကျောင်း၊ ပြည်ထဲရေးနှင့်ပြန်ကြားရေးဝန်ကြီးဌာနတို့၌ ဖွင့်လှစ်ထားသည့် မူကြိုကျောင်းနေကလေးများအတွက် ကျောင်းဝတ်စုံ ၄၂၀ အပြင် မူကြိုဆရာမ ဝတ်စုံ ၂၇ စုံဖြစ်သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မွန်ပြည်နယ်တွင် ကျင်းပ

မော်လမြိုင် ဇူလိုင် ၄

ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စန်းစန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး အလှူရှင်များက မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စန်းစန်းက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် ပျို့ရွယ်သူ မျိုးဆက်ပွားကျန်းမာရေးအကြောင်း သိကောင်းစရာများကို သရုပ်ပြတင်ဆက်ခြင်း၊ လယ်တောသူအလှမယ်၊ ဆံကေသာအလှမယ်နှင့် ကိုယ်ကာယ ကြံ့ခိုင်မှုပြိုင်ပွဲ (Model Physique) ပြိုင်ပွဲများ ကျင်းပသည်။

အခမ်းအနား ဒုတိယပိုင်းတွင် အရွယ်သုံးပါး ဝတ်စားဆင်ယင်မှု၊ မြန်မာအမျိုးသမီးများနေ့ စာစီစာကုံး ဆုရရှိကြသူများနှင့် ၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်မှ ၂၀၁၄ ခုနှစ် ဇူလိုင် ၂ ရက်အထိ တစ်နှစ်တာကာလအတွင်း ဗဟိုအဆင့် ဆုရရှိကြသော အမျိုးသမီးများနှင့် ဆံကေသာ အလှမယ်များအား ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် လယ်တောသူ အလှမယ်ပြိုင်ပွဲတွင် ပထမဆုကို သထုံမြို့နယ်မှ မအေးပို၊ ဒုတိယဆုကို ပေါင်မြို့နယ်မှ မစုမြတ်အောင်၊ တတိယဆုကို မော်လမြိုင်မြို့နယ်မှ မနွေဦးတို့ကလည်းကောင်း၊ ကိုယ်ကာယကြံ့ခိုင်မှု ကာယအလှမယ်ပြိုင်ပွဲတွင်ပထမဆုကို မုဒုံမြို့နယ်မှ မယဉ်စနိုင်း၊ ဒုတိယဆုကို မော်လမြိုင်မြို့နယ်မှ မယမင်းသိန်းစိုး၊ တတိယဆုကို ရေးမြို့နယ်မှ မိသိုက်ထောတို့က လည်းကောင်း ရရှိခဲ့ကြပြီး ယင်းဆုများကို မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်က ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်များက ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ခင်းကျင်းပြသထားသည့် အမျိုးသမီးရေးရာ လုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများကို လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများ Mobile Team အဖွဲ့များစစ်ဆေးမည်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း ဒေသကြီးတွင် Mobile Team အဖွဲ့များဖွဲ့၍ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များ၊ ပြည်တွင်းကုန်သည်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကို လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် အဆိုပါခန်းမ၌ ပြည်တွင်းပြည်ပ Media အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကိုလည်းကောင်း Mobile Team အဖွဲ့ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ရှင်းလင်းတင်ပြမှုတွင် Mobile Team အဖွဲ့များက လက်ရှိ တာဝန်ယူ ဆောင်ရွက်နေသော စစ်ဆေးရေးဂိတ်များ၊ တားဆီးစစ်ဆေး၍ ဖမ်းဆီးရမိသော ပစ္စည်းများစာရင်းနှင့် ငွေကြေးတန်ဖိုးများ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ အကောက်ခွန်ဥပဒေများနှင့် အခြားအဖွဲ့အစည်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။

ထိုသို့ ရှင်းလင်းတင်ပြချက်များအရ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်းကမ်းရိုးတန်းသွားဆိပ်ကမ်းများဖြစ်သော ဝါးတန်း၊ ဗားကရာ ၊ ချောင်းဝ၊ ဘုရင့်နောင်၊ သာကေတနှင့် ယုဇနဆိပ်ကမ်းများသို့ Mobile Team အဖွဲ့များ ဝင်ရောက်စစ်ဆေးနေပြီး ဇူလိုင် ၂ ရက်မှစ၍ ဗိုလ်အောင်ကျော်၊ ဆူးလေ၊ MIP, AsiaWorld၊ ထီးတန်းဆိပ်ကမ်းများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ စစ်ဆေးမည် ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်တို့ကို ဇူလိုင် ၂ ရက်မှ ၃၁ရက်အထိ ပညာပေးကာလအဖြစ် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်မြင့်အေး(ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကျင်းပ

တနိုင်း

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခန္တီး

ခန္တီးမြို့ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ချန်လော(iprd)

မန်စီ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက်က အခြေခံပညာ အထက်တန်းကျောင်း ဖုန်ကန်ဒူဝါခန်းမ၌ ကျင်းပပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပူတာအို

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပပြီး မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဖုန်ကန်(ပူတာအို)

ရွှေကူ

ကချင်ပြည်နယ် ရွှေကူမြို့ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ယန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်ခန်းမ၌ ကျင်းပပြီး မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ကာ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရပ်စောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က ရပ်စောက်မြို့ အင်းခေါင်းကန် ရေထွက်အနီး လွယ်ကိုးကျေးရွာ ဘောလုံးကွင်းတောင်ဘက်၌ စုပေါင်းစိုက်ပျိုးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ရောဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရောဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ၂၄ ခန်းတွဲ ၁၈ ထပ် အဆောက်အအုံများတည်ဆောက်ရာ၌ ပထမအဆင့် ဦးစားပေးဆောင်ရွက်နေသော အဆောက်အအုံ ၂၀ လုံးအတွက် Precast Panel များတွင် ပူးတွဲတပ်ဆင်ရန် UPVC door and Window Frame တံခါးချပ်များ တပ်ဆင်ဆောင်ရွက်မည့် လုပ်ငန်းတွင်အသုံးပြုရန် door and window များကို ပေးသွင်းနိုင်သည့် ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၄ ခုနှစ် ဇူလိုင် ၇ရက်
တင်ဒါပိတ်မည့်ရက် - ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရောဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းရုံး၊ အမှတ်(၆၂)ရပ်ကွက်၊ ပြည်ထောင်စုလမ်းနှင့် အမက(၃)ကျောင်းလမ်းထောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဖုန်း-၀၁-၅၉၀၀၈၈၊ ၀၁-၈၁၀၀၇၁၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနတွင် အသုံးပြုမည့် သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း (၄၈)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်။

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်၍ Open Tender ပုံစံများကို ၇-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၈-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန် အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စပယ်ခြံ ၁ လမ်း၊ အမှတ် ၇၅၊ ပထမထပ်(ညာဘက်ခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးဇော်နိုင်ထွန်း ၁၂/လမန(နိုင်)၀၁၃၄၃၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

မိဘအမည်မှန်

သာကေတမြို့နယ်၊ အမှတ် ၁၈၊ အမက ဒုတိယတန်းမှ မနန်းတုတုဝေ၏ မိဘအမည်မှန်မှာ ဦးမောင်မျိုးနှင့် ဒေါ်မေဇင်သက်ဇော် ဖြစ်ပါကြောင်း။

ဦးမောင်မျိုး ၁၀/ကထန(နိုင်)၁၃၇၃၅၆
ဒေါ်မေဇင်သက်ဇော်၁၂/ဒပန(နိုင်)၀၅၇၃၂၂

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းရွာ၊ အထက(ခွဲ)တွင် ပညာသင်ကြားနေသော ဦးသိန်းဇော်၏သား မောင်မင်းဘုန်းခိုင်အား မောင်မင်းဘုန်းလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းဘုန်းလွင်**

World Cup Expo 2014 ပြပွဲဖွင့်

ရန်ကုန် ဇူလိုင် ၄

ဘရာဇီးနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားဘောလုံးပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် Myanmar promotional Services Co.,Ltd.က ကြီးမှူးကျင်းပသော World Cup Expo 2014 ပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇူလိုင် ၃ ရက် နံနက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြပွဲတွင် ကမ္ဘာ့ဖလားဘောလုံးပွဲကြီးနှင့် ပတ်သက်သော အကြောင်းအရာမျိုးစုံ၊ ရှုထောင့်မျိုးစုံတို့ကို တင်ဆက်ပြသမည်ဖြစ်သည်။ လေးနှစ်တစ်ကြိမ် ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များနှင့် နာမည်ကျော်အားကစားသမားများ၊ နည်းပြအသင်းအဖွဲ့များနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာမျိုးစုံကို တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲနှင့်အတူ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် လာရောက်ကြည့်ရှုသူများအား တွေ့ဆုံနှုတ်ဆက်ဆွေးနွေးမှုများ၊ အားကစားသမားများ၏ အားကျဖွယ်ရာ ဘဝဖြတ်သန်းမှုများကိုလည်း မိတ်ဆက်ပြောကြားမည်ဖြစ်ကာ ပြပွဲလာရောက်ကြည့်ရှုအားပေးသူများကို ကမ္ဘာ့ဖလားတွင်ကန်သည့်ဘောလုံးအစစ်များ နေ့စဉ် မဲဖောက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို ဇူလိုင် ၃ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြသသွားမည် ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

❖ *ရှေ့ဖုံးမှ*

ပြိုင်ပွဲကို အဆင့်နှစ်ဆင့်ခွဲခြားထားပြီး Leve 1 တွင် ကျောင်းသားလူငယ်များအတွက် ရည်ရွယ်၍ အသက် ၂၅ နှစ်အောက် မည်သူမဆိုပါဝင်နိုင်ပြီး Level 2 တွင် လုပ်ငန်းအတွေ့အကြုံရှိသော အသက် ၃၂ နှစ်အောက် လူငယ်များအား ရည်ရွယ်ကြောင်းသိရသည်။ ပြိုင်ပွဲတွင် တစ်ဖွဲ့လျှင် အဖွဲ့ဝင်နှစ်ဦးမှ သုံးဦးအထိ ပါဝင်နိုင်ကြောင်း သိရသည်။

Myanmar Business Model 2014 ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ယခုလ ၂၇ ရက်နေ့မှစတင်၍ သတ်မှတ်ပုံစံများကို ကုန်သည်/စက်မှုအသင်းချုပ်တွင် လာရောက်ထုတ်ယူ၍ ယှဉ်ပြိုင်မည့် Business Model အကျဉ်းနှင့်အတူ ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရမည်ဟု သိရသည်။ ပြိုင်ပွဲနှင့်ပတ်သက်သည့် ရှင်းလင်းပွဲတစ်ရပ်ကို ဇူလိုင် ၅ ရက်၌ ကုန်သည်/စက်မှုအသင်းချုပ်တွင် ပြုလုပ်မည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် လေ့လာနိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ၂၀၁၁ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်က မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့သည့် Level 1 အဆင့် ပထမဆုကို အမေရိကန်ဒေါ်လာ ၁၀၀၀ နှင့် Level 2 အဆင့် ပထမဆုကို အမေရိကန်ဒေါ်လာ ၃၀၀၀ ဆုချီးမြှင့်မည်ဟု သိရသည်။ ပဏာမအနေဖြင့် Level တစ်ခုစီအလိုက် ၁၀ ဖွဲ့စီ ရွေးချယ်သွားမည်ဖြစ်ပြီး ပညာရှင်များက သင်တန်းများပို့ချကာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲ၌ ဆုမရရှိခဲ့သော်လည်း စိတ်ကူးစိတ်သန်းကောင်းမွန်ပါက ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် အခွင့်အလမ်းများလည်း ရရှိနိုင်ကြောင်း သိရသည်။

အသေးစိတ် သိရှိလိုပါက Human Resource Development Department UMFCCI Office Tower အမှတ် ၂၉ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ (Ph: 2014344~9, 217480, Ext:133,134) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မှတ်ပုံတင်မဲ့လျှပ်စစ်မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် နိဗ္ဗာန်ယာဉ်များအား မှတ်ပုံတင်ဆောင်ရွက်ပေးမည်

နေပြည်တော် ဇူလိုင် ၄

နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသော လျှပ်စစ်မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့်နာရေးကူညီမှုအသင်းများတွင် အသုံးပြုနေသော နိဗ္ဗာန်ယာဉ်များအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ One Stop Service အဖြစ် ပူးပေါင်း၍ တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၇ ရက်မှ ၃၁ ရက်အထိ အလုပ်လုပ်ရက် ၁၈ ရက်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်ဆောင်ရွက်ပေးရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးစိုက်ရာမြို့များတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အလှမ်းဝေးသည့်ဒေသများအတွက်လည်း သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်း၍ နယ်လှည့်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

လျှပ်စစ်မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်တစ်စီးလျှင် သတ်မှတ်တန်ဖိုး၏ ၅ ရာခိုင်နှုန်းအား အကောက်ခွန်စည်းကြပ်ခွန်၊ သတ်မှတ်တန်ဖိုး၏ ၅ ရာခိုင်နှုန်းအား ကုန်သွယ်လုပ်ငန်းခွင်၊ သူတစ်ပါးထိခိုက်မှုအာမခံ တစ်နှစ်လျှင် ၈၀၀ ကျပ်၊ မှတ်ပုံတင်ကြေး ၂၂၀၀၀ ကျပ်နှင့် ဘဏ်ဆောင်ရွက်ခ ၅၅၀ ကျပ် ပေးသွင်းရမည်ဖြစ်သည်။ လျှပ်စစ်မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များမှာ ထုတ်လုပ်သည့်နိုင်ငံ ထုတ်လုပ်သည့်ခုနှစ်ပေါ်မူတည်၍ ပေးသွင်းရမည့် အခွန်ငွေကွဲပြားနိုင်သည်။

နိဗ္ဗာန်ယာဉ်များမှာ အကောက်ခွန်၊ စည်းကြပ်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမပြုဘဲ ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။ သူတစ်ပါးထိခိုက်မှုအာမခံတစ်နှစ်လျှင် ၁၅၀၀ ကျပ်၊ မှတ်ပုံတင်ကြေး ၂၇၁၀၀ ကျပ်နှင့် ဘဏ်ဆောင်ရွက်ခ ၅၅၀ ကျပ် ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါယာဉ်များအား လက်ဝယ်ပိုင်ဆိုင်ထားသူများအနေဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးမည့်ရက်အတွင်း တရားဝင်မှတ်ပုံတင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာသို့ အချိန်မီတင်ပြဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ အတွေ့အကြုံများအရ သတ်မှတ်ကာလအစောပိုင်းတွင် လာရောက်ဆောင်ရွက်ခြင်းမပြုဘဲ သတ်မှတ်ရက်ကုန်ဆုံးခါနီးမှ အများအပြားလာရောက် ဆောင်ရွက်သဖြင့်လုပ်ငန်းအခက်အခဲများ ဖြစ်ပေါ်ရကြောင်း သိရှိရသည်။

ယခုမှတ်ပုံတင်ဆောင်ရွက်ပေးခြင်းသည် ဥပဒေနှင့်အညီဖြစ်စေရန် နောက်ဆုံးအကြိမ်အဖြစ် အခွင့်အရေးပေးခြင်းဖြစ် ပြီးသတ်မှတ်ရက်ကျော်လွန်သွားပါက မှတ်ပုံတင်မဲ့ယာဉ်အဖြစ် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ပျဉ်းမနား ဇူလိုင် ၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂ ရက် နံနက် ၈ နာရီခွဲခန့်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၄) ဆင်းပွဲကို ကျင်းပသည်။

အခမ်းအနားတွင် စက်ချုပ်သင်တန်းမှ ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ စက်ချုပ်သင်တန်းဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းတက်ရောက်ချိန်တွင်လည်း စက်ချုပ်သင်တန်းဘာသာရပ်များအပြင် ကျန်းမာရေးဗဟုသုတရရှိစေရန်အတွက် HIV/AIDS ရောဂါအကြောင်း၊ သားဆက်ခြားခြင်းအကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးအကြောင်း စသည်များကို ဟောပြောပွဲများပြုလုပ်၍ အသိပညာများပေးခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)အလုပ်အမှုဆောင်စီးပွားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အမာ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ဝင်းရွှေ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မိမိစိုး၊ ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

Junction Centre Maw Tin

"လေးစားစွာအသိပေး အကြောင်းကြားခြင်း"

Junction Centre များတွင် စဉ်ဆက်မပြတ် ဝယ်ယူအားပေးလျက်ရှိသော ဈေးဝယ်သူများ၊ Junction Centre များနှင့် လက်တွဲဆောင်ရွက်လျက်ရှိသော Business Partner များအတွက် ပိုမိုကောင်းမွန်သော Service & Facilities များ ဆောင်ရွက်ပေးရန် ရည်ရွယ်၍ Junction Centre Mawtin တွင် အကြီးစားပြင်ဆင်မှုလုပ်ငန်းများအား ၂၀၁၄ခုနှစ်၊ ဇူလိုင်လ မှ အောက်တိုဘာလအထိ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အကြီးစားပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း Junction Centre Mawtin အား ခေတ္တယာယီ ပိတ်ထားမည်ဖြစ်ပါကြောင်း ဈေးဝယ်သူများ၊ Junction Centre များနှင့် လက်တွဲဆောင်ရွက်လျက်ရှိသော BusinessPartner များသို့ ခင်မင်လေးစားစွာ အကြောင်းကြားအပ်ပါသည်။

Junction Centre Mawtin ခေတ္တယာယီ ပိတ်ထားချိန်တွင် ဆက်လက်ဖွင့်လှစ်မည့်ဆိုင်ခန်းများ

City Mart Supermarket, mDrive (authorised seller),

Swensen's (ice cream), FITNESS XPRESS (Body Fitness)

For more information

Please contact us : 01 218161, 09 73120648 Email : mawtincentre@gmail.com

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒေသဝမ်းစာမဖူလုံသည့် အိမ်ထောင်စုများကို ထောက်ပံ့ငွေခွဲဝေပေးအပ်

ရှိခေါဒါရ် ဇူလိုင် ၄

ချင်းပြည်နယ် ဖလမ်းခရိုင်ရှိခေါဒါရ်မြို့နယ်ခွဲအတွင်းရှိ ဒေသဝမ်းစာဖူလုံမှုမရှိသည့် အိမ်ထောင်စုများအား ထောက်ပံ့ပေးရေးအတွက် ဒေသဝမ်းစာဖူလုံမှုရန်ပုံငွေကျပ် ၁၅ သိန်းခွဲဝေချထားပြီးကြောင်း သိရသည်။

ထိုသို့ ဒေသဝမ်းစာဖူလုံမှုရန်ပုံငွေဖြင့် ရှိခေါဒါရ်မြို့ပေါ် ရပ်ကွက်နှစ်ခုရှိကျေးရွာအုပ်စုများမှ ဒေသဝမ်းစာမဖူလုံသည့် အိမ်ထောင်စု ၅၀ တို့ကို တစ်အိမ်ထောင်စုလျှင် ငွေကျပ် ၃၀၀၀၀စီဖြင့် ခွဲဝေထောက်ပံ့ပေးရန် မြို့နယ်ခွဲအဆင့် ကော်မတီသုံးခုမှ စီစဉ်ဆုံးဖြတ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ထောက်ပံ့ငွေများ ခွဲဝေပေးအပ်ရေးအတွက် မြို့နယ်ခွဲဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ခွဲကော်မတီသုံးခုမှ ကော်မတီဝင်များကို အုပ်စု/နယ်မြေခွဲဝေသတ်မှတ်ပေးပြီး ရပ်ကွက်/ကျေးရွာများသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ကာ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

Junction Centre Mawtin အကြီးစားပြင်ဆင်ရန် ယာယီပိတ်

ရန်ကုန် ဇူလိုင် ၄

လမ်းမတော်မြို့နယ် အတွင်း အနော်ရထာလမ်းမနှင့် လမ်းသစ်လမ်းထောင့်ရှိ Junction Centre Mawtin တွင်ပိုမိုကောင်းမွန်သောဝန်ဆောင်မှုနှင့် အဆင်အပြင်များဆောင်ရွက်ပေးရန်အတွက် အကြီးစားပြင်ဆင်မှု လုပ်ငန်းများ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ ပြုလုပ်သွားမည်ဖြစ်၍ ယင်းကာလအတွင်း ခေတ္တယာယီ ပိတ်သွားမည်ဟု ဖော်ပြပါရှိသော အကြောင်းကြားစာများ ယင်းအဆောက်အအုံတွင် မြင်တွေ့ရပြီးနောက် ဝင်ပေါက်များကို အကာအရံများဖြင့် ကာရံနေသည်ကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက မြင်တွေ့ရသည်။

ယခုနှစ် စက်တင်ဘာလဆိုလျှင် ယင်းအဆောက်အအုံ ဖွင့်လှစ်သည်မှာ လေးနှစ်ပြည့်ပြီဖြစ်ကြောင်း၊ လေးနှစ်မပြည့်မီလပိုင်းအလို အကြီးစားပြင်ဆင်မှုအတွက် ခေတ္တယာယီပိတ်မည့် အစီအစဉ်တွင် ယခင်မော်တင်ဈေးအဖြစ် ဖွင့်လှစ်ခဲ့သောစည်ပင်သာယာ ဈေးဆိုင်ခန်းများဖြစ်သည့် အထည်၊ ကုန်မျိုးစုံ၊ ဆန်နှင့် အခြားစက်ချုပ်ဆိုင်များ၊ သားငါးဈေးတန်းများမပါဝင်ဘဲ ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ကြောင်း မြေအောက်ထပ်တွင် သားငါးရောင်းချသူများက ဆိုသည်။

မြေအောက်ထပ်နှင့် မြေညီထပ် တစ်စိတ်တစ်ဒေသတွင် ဖွင့်လှစ်သော City Mart Supermarket , City Care Health & Beauty Saloon, Beauty & Uနေရာများ ခေတ္တပိတ်ထားမှု မပါဝင်ဘဲ ဈေးဝယ်သူများ မြေအောက်ထပ်ရှိ Basement ဝင်ထွက်ပေါက်မှ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဝယ်ယူအားပေးနိုင်သည့် ကြော်ငြာများလည်း ဖတ်ရှုရကြောင်း ဈေးဝယ်တစ်ဦးက ဆိုသည်။ သို့သော် ယင်း Mawtin Jun-ction အပေါ်ဆုံးထပ်ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများမှာမူ ဖွင့်လှစ်ပြသခြင်းမရှိကြောင်း လုံခြုံရေးဝန်ထမ်းတစ်ဦးကဆိုသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၉၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၉၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၉၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၈၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၅၀၀-၄၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၁၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၈၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၅၀၀-၁၃၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၀
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၄၂
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၂
ထိုင်း	တစ်ဘတ်	၃၀.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆.၅
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၅

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ဿဟဿ)	တစ်အိတ်	၁၇၆၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၆၅၀၀-၃၀၀၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၅၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၆၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၂၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၆၀၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၂၀၀-၄၆၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပဲတီစိမ်းစိုက်တောင်သူများ ပဲထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရ

ရမည်းသင်း ဇူလိုင် ၄

ပဲတီစိမ်းပေါ်ချိန် ဖြစ်သောကြောင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယခုလရာသီ ပဲစိုက်တောင်သူများ ခြွေလှေ့စက်များ၊ နေ့စားအလုပ်သမားများ ပုံမှန်ဝင်ငွေရ အဆင်ပြေကြသည်ဟု သိရသည်။

မြို့နယ်အတွင်းတွင် ပဲစိုက်ပြီးနောက်ပိုင်း မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် မြို့နယ်၏ အနောက်ဘက်ခြမ်းကျေးရွာများတွင် ပဲပင်များဖြစ်ထွန်းအောင်မြင်မှုနည်း၍ ပဲတီစိမ်းထွက်နှုန်း နည်းသော်လည်း၊ မြို့အရှေ့ဘက်ခြမ်းရှိ ကျေးရွာများတွင် မိုးရွာသွန်းရက်ပိုသောကြောင့် အပင်များဖြစ်ထွန်းမှု အားကောင်းသဖြင့် ပဲတီစိမ်းထွက်နှုန်းလည်း ယခင်နှစ်ကထက်ပိုသည်ဟု သိရသည်။

ပဲကောက်နေ့စား တစ်ဦးလျှင် နေ့တွက်လုပ်အားခ တစ်နေ့ပုံမှန်ဝင်ငွေ ငွေကျပ် ၂၀၀၀ ရရှိသည်။ စက်ခြွေတစ်တင်းလျှင် ငွေကျပ် ၄၀၀ မှ ၅၀၀ ဝန်းကျင်ပေးရသည် (ဒေသတစ်နေရာနှင့်တစ်နေရာ ဈေးနှုန်းအတန်ငယ်ကွဲလွဲမှု ရှိသည်)။ ခြွေလှေ့ရန် ပဲတောင့်ရှိပါက တစ်နေ့လျှင် တင်းတစ်ရာကျော်ပြီးအောင် ခြွေလှေ့နိုင်သောကြောင့် ပဲတီစိမ်းပေါ်ချိန်တွင် ခြွေလှေ့စက်ထူထောင်၍ အငှားလိုက်ပဲခြွေကြသူများ အဆင်ပြေကြသည်။

ယခုနှစ်တွင် မိုးလေဝသရာသီဥတု အခြေအနေကြောင့် ပဲတီစိမ်းထွက်နှုန်း နည်းသော်လည်း ယခင်နှစ်က ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၂၂၀၀၀ သာ ရောင်းရပြီး ယခုနှစ်ယနေ့ပေါက်ဈေး ပဲတီစိမ်းတစ်တင်းလျှင်ငွေကျပ် ၃၇၀၀၀ ဝန်းကျင်ရောင်းရသောကြောင့် ပဲစိုက်တောင်သူများ ဈေးကောင်းရ၍ အဆင်ပြေကြသည်ဟု သိရသည်။

အက်ကလေး(ရမည်းသင်း)

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သော S.C Artistry Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်-

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် ထိုင်းနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလီမိတက်တစ်ခုဖြစ်ပြီး 22 Soi Viphawadi Rangsit 38, Ladyao, Jatujak, Bangkok 10900 တွင် အခြေစိုက်တည်ထောင်ဖွင့်လှစ်ထားပါသည်။

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် အလှကုန်ပစ္စည်းများကို LOLANE ကုန်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် ကုမ္ပဏီလီမိတက်ဖြစ်ပါသည်။ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် ၁၉၈၉ ခုနှစ်မှစတင်ပြီး ထိုင်းနိုင်ငံအခြေစိုက် S.C Sereechai Beauty Co.,Ltd. နှင့် အကျိုးတူပူးပေါင်းကာ LOLANE ကုန်အမှတ်တံဆိပ်ဖြင့် အဆိုပါအလှကုန်ပစ္စည်းများကို ထိုင်းနိုင်ငံနှင့်အခြားသော ကမ္ဘာအနှံ့ နိုင်ငံအမြောက်အမြားတွင် LOLANE Beauty Products တို့ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းများပြုလုပ်ခဲ့ပါသည်။

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် LOLANE Beauty Products ကို မြန်မာနိုင်ငံတွင် ၁၉၉၄ခုနှစ်မှစ၍ဖြန့်ဖြူးရောင်းချခဲ့ပါသည်။၁၉၉၅ခုနှစ်တွင် ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆၇)လမ်း၊ အမှတ် (၄၀)တွင် တည်ထောင်ထားသည့် Grand Wynn Enterprise Co.,Ltd. (GWE) နှင့် LOLANE Beauty Products ဖြန့်ဖြူးရောင်းချရေးကိစ္စရပ်များကို နှစ်ဦးသဘောတူ သီးခြားပဋိညာဉ်စာချုပ်များဖြင့် စဉ်ဆက်မပြတ် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။

နှစ်ဦးသဘောတူ ပဋိညာဉ်စာတမ်းပါ စည်းကမ်းသတ်မှတ်ချက်များအရ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း LOLANE Beauty Product များကို အောင်မြင်စွာဖြန့်ဖြူးနိုင်ရန် အရောင်းမြှင့်တင်ပွဲများပြုလုပ်ခဲ့ရာတွင် ကျသင့်သောကုန်ကျစရိတ်ကို ကျွန်ုပ်အမှုသည်ကုမ္ပဏီမှ GWE ကုမ္ပဏီကို လိုအပ်သလို အပြည့်အဝထောက်ပံ့ပေးခဲ့ပါသည်။

နောက်ဆုံးလက်မှတ်ရေးထိုးခဲ့သော နှစ်ဦးသဘောတူ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအရ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် LOLANE Beauty Products ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ GWE ကုမ္ပဏီအား ၉-၁၀-၂၀၁၃ရက်တွင် တရားဝင်အပြီးအပိုင်ရပ်စဲလိုက်ကြောင်း ကျွန်ုပ်၏အမှုသည်ကုမ္ပဏီ၏ ရှေ့နေမှတစ်ဆင့် ၁၂-၉-၂၀၁၃ ရက်စွဲပါ တရားဝင်ရေးသားအကြောင်းကြားစာဖြင့် ပေးပို့အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် လူကြီးမင်း GWE Co.,Ltd. သည် ၉-၁၀-၂၀၁၃ရက်မှစ၍ ကျွန်ုပ်အမှုသည် ကုမ္ပဏီကထုတ်လုပ်သည့် LOLANE အမှတ်တံဆိပ်ပါ Beauty Product များကို ဖြန့်ဖြူးရောင်းချသူအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိတော့ကြောင်း အသိပေးအကြောင်းကြားလိုက်ပါသည်။

ကျွန်ုပ်၏အမှုသည်ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း LOLANE Beauty Product များ ဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အမှတ် (၉၁) တွင် ဖွင့်လှစ်တည်ထောင်ထားသည့် Futrue Glow Co.,Ltd. ကို ၁၄-၃-၂၀၁၄ရက်မှစ၍ မြန်မာနိုင်ငံ၏ တစ်ဦးတည်းသောဖြန့်ဖြူးရောင်းချသူကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

LOLANE Beauty Product များကို ဝယ်ယူအားပေးမည့် အများပြည်သူများအား အထူးအကြံပေးပြောကြားလိုသည်မှာ LOLANE ကုန်အမှတ်တံဆိပ်အစစ်အမှန်ကို သေချာစွာကြည့်ရှုပြီး၊ ကျွန်ုပ်အမှုသည်၏ တရားဝင်ဖြန့်ဖြူးရောင်းချသူအဖြစ် ခန့်ထားသည့် Futrue Glow Co.,Ltd. ထံမှသာ ဝယ်ယူအားပေးခြင်းပြုကြရန် လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သန်းစိုး
B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃)
အမှတ် (၁၂)၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၀၁-၂၉၂၂၆၄၊ ၀၉-၅၁၇၁၀၃၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)တွင် အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Wood Free)(Sticker)(၁.၅" ×၁.၂")အရွယ်အစား ဆင်ဆာလက်မှတ်(Sticker) ခုရေ ၆၆၀၀၀၀(ခြောက်ဆယ့်ခြောက်သိန်းတိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါသွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၅-၇-၂၀၁၄ ရက်မှ ၁၈-၇-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

(ခ) **တင်ဒါတင်သွင်းရန်နေရာ** - မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၂၁-၇-၂၀၁၄ရက် နံနက်(၁၀:၀၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှတ်(၁၆)၊ ဝဏ်ပါလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဖုန်း-၀၁-၅၄၄၂၇၀၊ ၀၁-၅၄၄၂၇၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါ သည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂) ပဲခူး (ဘုရားကလေး)
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
(တင်ဒါအမှတ် ၁/၂၀၁၄-၂၀၁၅)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)မှ ဆောင်ရွက်နေသည့် ကျိုက်မရောမြို့နယ်၊ မုဒုံ-မြဝတီလမ်းပေါ်ရှိ အတ္တရံတံတား (ချောင်းနှစ်ခွ) တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ပါပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁)	ဘိလပ်မြေ	၅၀၀ ဒသမ ၀ တန်
(၂)	သံချောင်းလုံးရှယ်စုံ	၁၆၀ ဒသမ ၀ တန်
(၃)	ခွဲကျောက်(Chipping)(ဆိုဒ်မှန်)	၅၀၀ ဒသမ ၀ ကျင်း
(၄)	သစ် (အခြားသား)(ရှယ်စုံ)	၅၀ ဒသမ ၀ တန်
(၅)	မြစ်သဲ (ကွန်ကရစ်လုပ်ငန်းသုံး)	၂၅၀ ဒသမ ၀ ကျင်း

- **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၇-၂၀၁၄ ရက်
- **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်**- ၂၁-၇-၂၀၁၄ ရက် ညနေ ၄:၃၀ နာရီ
- **တင်ဒါဖွင့်မည့်ရက်** - ၂၂-၇-၂၀၁၄ ရက် နံနက် ၁၀ နာရီ
- တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)ရုံး၊ မုဒုံမြို့နယ်၊ မော်လမြိုင်ခရိုင်တွင် ၇-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်အခမဲ့ ထုတ်ယူတင်သွင်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
(ရုံးချိန်အတွင်း) ဖုန်း-၀၉-၄၂၀၃၀၅၉၈၈၆၊
၀၉-၄၃၀၁၀၅၂၁၊ ၀၉-၇၃၁၅၃၃၇၁

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ညီညီဇော် ၁၂/ဥကတ (နိုင်)၁၆၃၄၂၀၏ 4 Ticket လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ကိုညီညီဇော် ဖုန်း-၀၉-၄၃၀၃၀၆၅၈

ပျောက်ဆုံးကြောင်း

ကျွန်မ သဲမာထွန်း ၁၂/ဥကတ(နိုင်) ၁၅၄၄၈၄၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၀၀၇၈၈၄

အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး ယာဉ်တိုက်မှုဖြစ်သဖြင့် ဒဏ်ရာရ

ရန်ကုန် ဇူလိုင် ၄

သာကေတမြို့နယ်အတွင်း ဇူလိုင် ၃ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃ ရက် နံနက် ၁၁ နာရီခွဲက သာကေတမြို့နယ် ယမုံနာလမ်းအတိုင်း အနောက်မှ အရှေ့သို့ ပုဇွန်တောင်မြို့နယ်နေ ယာဉ်မောင်း ကိုတင်မောင်မြင့် (၃၅နှစ်) မောင်းနှင်လာသော DD/.... တိုယိုတာပက်ဆိုဗင် အနက်ရောင် အငှားယာဉ်သည် အောင်သစ္စာလမ်း အလွန်အရောက် အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ၈က/. . . နစ်ဆန်းဒီဇယ် ကွန်တိန်နာယာဉ်ကို တိုက်မိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ကိုတင်မောင်မြင့်တွင် ဒဏ်ရာများရရှိ၍ ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာ(မစိုးရိမ်ရ) အဖြစ် တင်ပို့ကုသခဲ့ရသဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူအား သာကေတမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်လာသူဖမ်းမိ

နောင်ချို ဇူလိုင် ၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့တွင် ဇူလိုင် ၁ ရက်က ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားအမြောက်အမြား သယ်ဆောင်လာသူ နှစ်ဦးကို မူးယစ်ရဲတပ်ဖွဲ့ဝင်များက ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁ ရက် ညနေ ၄ နာရီခန့်က အမှတ်(၂၄) မူးယစ်ရဲတပ်ဖွဲ့စု(လားရှိုး)၊ နောင်ချိုလှုပ်ရှားအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်ဂိတ်အနီးတွင် သတင်းအရ မူဆယ်မှ မန္တလေးဘက်သို့ ယာဉ်မောင်းဇော်နန် မောင်းနှင်လာပြီး မမာထန် စီးနင်းလိုက်ပါလာသည့် Hilux Surf အမျိုးအစား မော်တော်ယာဉ်အမှတ် 5F/.... နံပါတ်တပ်ဆင်ထားသော မော်တော်ယာဉ်ကို ရပ်တန့်စေ၍ စစ်ဆေးရှာဖွေစဉ် ဇော်နန်မှာ ယာဉ်ပေါ်မှဆင်းပြီး ထွက်ပြေးသွားခဲ့သည်။ တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ ကိုက် ၆၀၀ ခန့်အကွာ လယ်ကွင်းထဲတွင် အမောဖောက်၍ လဲကျစဉ် ဇော်နန်ကို ဖမ်းဆီးရမိခဲ့သည်။ ယာဉ်ကို အသေးစိတ်ရှာဖွေစစ်ဆေးရာ နောက်ဖုံးအတွင်း သိုဝှက်ထည့်သွင်းသယ်ဆောင်လာသည့် ရောင်စုံဆပ်ပြာခွက် ၆၅ ခွက်အတွင်းမှ ဘိန်းဖြူမှုန့် အလေးချိန် ဂရမ် ၉၁၀ ဒေသတန်ဖိုး ၁၇၂ ဒသမ ၉ သိန်းဖိုးနှင့် ပလတ်စတစ်အိတ်ငယ်များဖြင့် ထည့်သွင်းထားသည့် ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၇၄၀၀၊ အလေးချိန် ၇၄၀ ဂရမ် ဒေသတန်ဖိုး ၁၄၈ သိန်းဖိုးတို့ကို ရှာဖွေတွေ့ရှိ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးများသယ်ဆောင်လာသူ ဇော်နန် (၂၃နှစ်) ကွတ်ခိုင်မြို့နယ် နမ့်စုံကျေးရွာနေသူနှင့် မမာထန် (၄၅နှစ်) ကောင်းစိုင်းရပ်ကွက် မူဆယ်မြို့နေသူတို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

နေမျိုးနွယ်

ဖျော်ရည်စုပ်ပိုက်အတွင်းမှ ဘိန်းဖြူများဖမ်းမိ

ပြင်ဦးလွင် ဇူလိုင် ၄

ဇူလိုင် ၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့နယ် မူးယစ်တပ်ဖွဲ့စု ၁၆ ရဲတပ်ကြပ်ကြီး စိန်မြင့်၊ ရဲတပ်ကြပ်ကြီး ရှိန်းအောင်ပိုင်၊ ရဲတပ်ကြပ်အောင်အောင်၊ ရဲဒုတပ်ကြပ်တင်စိုးဦး၊ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေး၌ာနမှ ဒုရဲအုပ်ကျော်မိုးလွင်၊ ပြင်ဦးလွင်မြို့မရဲစခန်းမှ နယ်ထိန်းရဲမေ ဒုတပ်ကြပ်မိုးမိုး၊ ရကက(၁) ရာအိမ်မှူး ဦးလှမိုး၊ ဦးမြင့်သိန်းတို့နှင့်အတူ သတင်းအရ ပြင်ဦးလွင် ကန်တော်မင်းလမ်းနေ ဒေါ်အေးကွယ်နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းရှိ ခုတင်ခေါင်းရင်းအောက်ခြေ၌ ရောင်စုံပလတ်စတစ်ပိုက် (ဖျော်ရည်ပိုက်)တို့ဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသောအဖြူမှုန့် အလေးချိန်တစ်ခုလျှင် ၀ ဒသမ ၄ ဂရမ် ခန့်ပါ ၄၄ ပိုက် စုစုပေါင်းအလေးချိန် ၁၇ ဒသမ ၆ ဂရမ်ကို ရှာဖွေသိမ်းဆည်းရရှိခဲ့သဖြင့် ပိုင်ရှင်ဒေါ်အေးကွယ် (၃၉နှစ်) အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၄၇)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လူနှစ်ဦး မြေကျင်းပိသေဆုံး

ကသာ ဇူလိုင် ၄

ဗန်းမောက်မြို့နယ် ဒယူးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာ၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာ ရွှေမျှောကျင်းဟောင်းတွင် ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီခန့်က လူနှစ်ဦးမြေပိသေဆုံးသွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လှိုင်က လာရောက်အကြောင်းကြားသဖြင့် စခန်းမှူး ဒုတိယရဲမှူးခင်မောင်ဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ အခင်းဖြစ်အရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မြေပိသေဆုံးသူနှစ်ဦးမှာ တင့်ဆွေ (၁၇ နှစ်) မြင်သာရွာ ဗန်းမောက်မြို့နယ်နှင့် မိုးဒီ (၁၉ နှစ်) ဒယူးရွာမ ဗန်းမောက်မြို့နယ်တို့ဖြစ်ကြပြီး ရွှေမျှောကျင်းဟောင်းတွင် ရွှေရှာရင်း ရုတ်တရက် မြေပြိုကြကာ သေဆုံးခဲ့ကြောင်း သိရသည်။

ဦးရဲ(ကသာ)

နေအိမ်တဲသုံးခန်းဖျက်ဆီးသူများအား တိုင်တန်း

ရေး ဇူလိုင် ၄

မွန်ပြည်နယ် ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာဆိပ်ကမ်းသာရပ်နေ ဦးစံအေး၊ ဒေါ်ငွေသိန်း လက်ရှိအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်တွင် တစ်ရွာတည်းနေ အောင်မြင့်(ခ)အဗစ်ဆိုသူက ၎င်းလည်းပိုင်ဆိုင်သည်ဆို၍ အမည်မသိ ကိုရင်ကြီးတစ်ပါးအား ကျောင်းဆောက်လုပ်သီတင်းသုံးနေထိုင်စေခဲ့သည်။ ဇွန် ၃၀ ရက် ည ၉ နာရီက ကိုရင်ကြီးကျောင်း၌ အောင်မြင့်(ခ) အဗစ်၏ဆွေမျိုးသားချင်း လူငယ်အချို့နှင့် ဦးစံအေး၊ ဒေါ်ငွေသိန်းပိုင် နေအိမ်တန်းလျား၌ နေထိုင်သည့် မိန်းမပျိုအချို့တို့ စကားအချေအတင်အငြင်းပွားခဲ့ရာ ဇီးဖြူသောင်အုပ်ချုပ်ရေးမှူးရုံး၌ ညှိနှိုင်းပြေလည်ခဲ့ပြီးနောက် ည ၁၀ နာရီခွဲတွင် အောင်မြင့် (ခ) အဗစ်ဆွေမျိုးသားချင်းနှင့် လူငယ် ၁၀ ဦးခန့်က ဦးစံအေး၊ ဒေါ်ငွေသိန်းပိုင် ဥယျာဉ်ခြံအတွင်းရှိ နေအိမ်တဲသုံးခန်းကို ရိုက်ဖြိုခဲ့ကြောင်း ဦးစံအေး၊ ဒေါ်ငွေသိန်းတို့က ရေးမြို့မရဲစခန်း၌ တိုင်တန်းခဲ့ကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

အမျိုးသမီးအလောင်း ပိုင်ရှင်တွေ့ပြီ

ပုဏ္ဏားကျွန်း ဇူလိုင် ၄

ဇွန် ၁၄ ရက်က မြန်မာ့အလင်းသတင်းစာပါ ပုဏ္ဏားကျွန်းမြို့ မြောက်ဘက် စမြုံတော်ဓာတ်စေတီခြေရင်းရှိ သိမ်တော်ရင်ပြင်တွင် ဇွန် ၅ ရက်က တွေ့ရှိခဲ့သော အမျိုးသမီးအလောင်းနှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့မရဲစခန်းမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့် သေဆုံးသူ အမျိုးသမီး၏အမည်နှင့် နေရပ်လိပ်စာများကို ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

သေဆုံးသူမှာ ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာနေသူဖြစ်ကြောင်း သိရသည်။ သေဆုံးသူ အသက်သုံးနှစ်အရွယ်တွင် မိခင်သေဆုံးပြီး အဒေါ်ဖြစ်သူက မွေးစားခဲ့ကြောင်း၊ ဖခင်ဖြစ်သူမှာ နောက်မိန်းမနှင့် ရွာမှထွက်သွားခဲ့ပြီး သေဆုံးသူ အသက် ၁၆ နှစ်အရွယ်တွင် နေအိမ်မှ ထွက်ခွာသွားခဲ့ရာ ဆွေမျိုးသားချင်းများ စုံစမ်းရှာဖွေသော်လည်း မတွေ့နိုင်ဘဲ နှစ်နှစ်ခန့် ကြာမြင့်ပြီး ၂၀၁၃ ခုနှစ်က စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာသားတစ်ဦးနှင့် အိမ်ထောင်ကျပြီး မွေးစားမိခင်ရှိရာ ယိုးတရုတ်ကျေးရွာသို့ နှစ်ကြိမ်ခန့်ရောက်ခဲ့ပြီး ပျောက်နေသည်မှာ ယခုသေဆုံးချိန်အထိဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်ချက်များအရ သိရသည်။

သူ(ပုဏ္ဏားမြို)

ကံကောင်း
PH-09-49300967
09-420185599

“မွေးနေ့မင်္ဂလာဆုတောင်းလွှာ”

ချစ်သားလေး မောင်ကောင်းထက်ထူးနိုင်၏ ၂-၇-၂၀၁၆ ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော မိသားစုနှင့်အတူ နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးကို သယ်ပိုးထမ်းရွက်နိုင်သော သားကောင်းရတနာလေးဖြစ်ပါစေ။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်
ဖေဖေ-ဦးကျော်ထူးနိုင်-မေမေ ဒေါ်ငြိမ်းချမ်းသူ
Autumn Dream Group of Companies





ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/4777 (၆င/၄၇၇၇)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၃၁၂၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

မီးသတိပြု

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၅/B၊ မြေကွက်အမှတ်(၅၃/က)၊ မြေကွက်တည်နေရာအပိုင်း ၁၆၊ သုခလမ်း၊ ပေါက်ကုန်းရပ်ကွက်၊ မခင်ညွန့် အမည်ပေါက် 'က'မြေ၊ ၃(က)ရပြီးမြေအား အမည်ပေါက် မခင်ညွန့် ကွယ်လွန်သဖြင့် (၁)ဒေါ်သိန်းကြည် ၁၂/မဂဒ(နိုင်)၀၇၄၀၄၈၊ (၂) ဦးကျော်မြင့် ၁၂/မဂဒ(နိုင်)၀၇၀၉၂၀၊ (၃) ဒေါ်စမ်းနွဲ့ ၁၂/မဂဒ(နိုင်)၀၁၀၃၄၉တို့က သမီးနှင့်မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး၌ာန အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ အမည်ပေါက်နှင့်အမည်ပေါက်၏ သမီးနှင့်သမက်တို့ သေဆုံးကြောင်း ထောက်ခံချက်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု၌ာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက်လိုအပ်သည့် အောက်ဖော်ပြပါ ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်(တန်)	ပေးသွင်းရမည့်နေရာ
၁။	ကတ္တရာ(၈၀/၁၀၀)	၂၆၂.၀၀	စစ်တွေမြို့
၂။	။	၁၇၀.၀၀	မြောက်ဦးမြို့
၃။	။	၉၉.၀၀	ဘူးသီးတောင်မြို့
၄။	။	၃၀၅.၀၀	ကျောက်ဖြူမြို့
၅။	။	၃၀၆.၀၀	သံတွဲမြို့
၆။	။	၁၇၈.၀၀	ကျိန္တလီမြို့
၇။	။	၁၄၃.၀၀	ဂွမြို့
၈။	။	၂၈၅.၀၀	တောင်ကုတ်မြို့
၉။	။	၃၆၅.၀၀	အမ်းမြို့ပြင်
၁၀။	။	၂၁၉.၀၀	ရေကြည်မြို့
၁၁။	။	၅၂၅.၀၀	တောင်ကုတ်မြို့ပြင် (၅၉/၀)မိုင်
၁၂။	။	၄.၅၀	အမ်းမြို့
	စုစုပေါင်း	၂၈၆၁.၅၀	

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့်ကတ္တရာများအား ထုတ်လုပ်သည့်နိုင်ငံအမည်၊ ကတ္တရာတစ်တန်တွင်ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty) ပေးဆောင်ထားပြီးဖြစ်ကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ကတ္တရာအရည်အသွေးစစ်ဆေးထောက်ခံချက် (ဘဏ္ဍာနှစ်အတွင်းထောက်ခံချက်)တို့နှင့်အတူ လျှောက်ထားရမည်။

၃။ **တင်ဒါတင်သွင်းရမည့်ရက် - ၈-၇-၂၀၁၆ရက်မှ ၁၇-၇-၂၀၁၆ရက်အထိ**
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၁၈-၇-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ အစည်းအဝေးခန်းမ၊ စစ်တွေမြို့

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၇-၇-၂၀၁၆ရက်မှစ၍ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃-၂၃၃၆၅၊ ၂၂၁၅၃၊ ၀၉-၈၅၂၂၃၇၆

နိုင်ငံတကာအားကစားသတင်း

အာဂျင်တီးနားကို မကြောက်တဲ့ ဘယ်လ်ဂျီယံ

အာကာကျော်

ကမ္ဘာ့ဖလားကွာတား ဖိုင်နယ်ပွဲတွေကတော့ စတင်ပါပြီ။ မက်ဆီဦးဆောင်တဲ့ အာဂျင်တီးနားနဲ့ဘယ်လ်ဂျီယံအသင်းတို့ ကွာတားဖိုင်နယ်ပွဲအဖြစ် စနေနေ့မှာ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ကွာတားအဆင့်အထိ တက်လာနိုင်တဲ့ ဒီအသင်းတွေဟာ တောင့်တင်းခိုင်မာတဲ့ အသင်းတွေချည်းပါပဲ။ ရှုံးထွက်အဆင့်မှာ အချို့အသင်းတွေဟာပြိုင်ဘက်တွေကို အချိန်ပိုတွေကစားပြီး ခက်ခက်ခဲခဲ ကစားခဲ့ရတာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း အာဂျင်တီးနားကို လုံးဝမကြောက်ပါဘူးလို့ ဘယ်လ်ဂျီယံနောက်တန်းလူ ဗာတွန်ဂန် က စိန်ခေါ် ပြောကြားလိုက်ပါပြီ။

"ကျွန်တော်တို့ အသင်းဟာ ခက်ခဲတဲ့အသင်းနဲ့ ကစားရမှာပါ။ ဒါပေမယ့် ကျွန်တော် လုံးဝမကြောက်ပါဘူး။ ကျွန်တော်တို့ အနိုင်ကစားမှာပါ။ ဘယ်လ်ဂျီယံအသင်းဆိုတာ ဘယ်လိုအသင်းလဲဆိုတာ သိသွားစေရမယ်"လို့ ဗာတွန်ဂန်က ပြောကြားလိုက်ပါတယ်။

"မက်ဆီက ကျွန်တော်တို့ နောက်တန်းတစ်ယောက်ကို လိမ်ခေါက်သွားမယ်ဆိုရင် ဒုတိယနဲ့တတိယ ကစားသမားတွေက သူ့ရဲ့ခြေလှမ်းတွေကို ရပ်တန့်ပစ်မှာပါ"ဟုလည်း ဗာတွန်ဂန်က ကြုံးဝါးထားပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူးမက်ဆီဟာ ယခုကမ္ဘာ့ဖလားလေးပွဲကစားရာမှာ လေးဂိုးသွင်းယူထားတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာသူကိုယ်တိုင် ဂိုးသွင်းသလို အခြားကစားသမားတွေကိုလည်း ဂိုးပေါက်ဖန်တီးပေးရာမှာ အလွန်တော်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ရှုံးထွက်အဆင့်မှာ ဆွစ်ဇာလန်ကို သွင်းသွားတဲ့ အနိုင်ဂိုးတစ်ဂိုးဟာ မက်ဆီဖန်တီးပေးတဲ့ ဘောလုံးဖြစ်ပါတယ်။

အာဂျင်တီးနား အသင်းခေါင်းဆောင် မက်ဆီဟာ ဒီပွဲမှာ ဘယ်လ်ဂျီယံအသင်းကို အဓိကခြိမ်းခြောက်ကစားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဘယ်လ်ဂျီယံအသင်းဟာ မက်ဆီရဲ့ တိုက်စစ်လမ်းကြောင်းကို ဖြတ်တောက်ဖို့ အသင့်ပြင်ထားတဲ့ အနေအထားရှိပါတယ်။

ဒါပေမယ့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုလေးကြိမ် ဆွတ်ခူးထားတဲ့ မက်ဆီကို ထိန်းချုပ်ဖို့တော့ မလွယ်ပါဘူး။ သူဟာနောက်တန်းလူနှစ်ယောက်လောက်ကို လိမ်ခေါက်ဂိုးသွင်းနိုင်တဲ့ ကြောက်စရာကောင်းတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်လ်ဂျီယံနောက်တန်းလူ ဗာတွန်ဂန်ကတော့ သူ့ကို လုံးဝမကြောက်ပါဘူးတဲ့။ သူ့ရဲ့ ထိုးဖောက်လာမယ့် လမ်းကြောင်းတွေကို ရပ်တန့်ပစ်ဖို့ အသင့်ပါပဲလို့ ဆိုပါတယ်။

ကွာတားဖိုင်နယ်ရဲ့ ဖျက်မြင်းများ

သီဟ

ကွာတားဖိုင်နယ်ရဲ့ အစောပွဲဖြစ်တဲ့ အာဂျင်တီးနားနဲ့ ဘယ်လ်ဂျီယံပွဲကို ဇူလိုင်၅ ညသ၀း၃၀တွင် ကစားကြမှာဖြစ်ပြီး အာဂျင်တီးနားအသင်းက ၁၉၈၆ ခုနှစ်က ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်မှာ ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ကစားထားပါတယ်။ ဘယ်လ်ဂျီယံအသင်းကလည်း ၁၉၈၂ခုနှစ်က ကမ္ဘာ့ဖလားအုပ်စုပွဲမှာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဖူးပါတယ်။ နှစ်သင်းစလုံးက လေးပွဲစလုံး အနိုင်ရထားတဲ့အသင်းတွေဖြစ်ပြီး အာဂျင်တီးနားက ကမ္ဘာ့ဖလားအစဉ်အလာရှိပေမယ့် ဘယ်လ်ဂျီယံကိုလွယ်လွယ်နဲ့ အနိုင်မကစားနိုင်ပါဘူး။

နောက်ပွဲစဉ်တစ်ခုဖြစ်တဲ့ နယ်သာလန်နဲ့ ကော်စတာရီကာ အသင်းတို့က ဇူလိုင်၆ နံနက် ၂း၃၀တွင် ကစားမှာဖြစ်ပြီး နှစ်သင်းစလုံးက တွေ့ဆုံမှုမရှိသေးတဲ့ အသင်းတွေပါ။ ကော်စတာရီကာက ဒီနှစ်မှာ ဖျက်မြင်းအသင်းတစ်သင်းဖြစ်ပြီး နယ်သာလန်ကလည်း တိုက်စစ်စွမ်းရည်ထက်မြက်နေတဲ့ အသင်းပါ။ တိုက်စစ်ပိုင်းမှာ နာမည်ကြီးနေတဲ့ နယ်သာလန် ကော်စတာရီကာအသင်းကို ကျော်ဖြတ်နိုင်ပါ့မလားဆိုတာ ပရိသတ်များ စောင့်ကြည့်ကြပါစို့။

အာဂျင်တီးနား	Vs	ဘယ်လ်ဂျီယံ
ရဂိုး-၇ဂိုး/ပေးဂိုး-၃ဂိုး		ရဂိုး-၆ဂိုး/ပေးဂိုး-၂ဂိုး
မက်ဆီ-၄ဂိုး		ကီဗင်ဒီဘရိုင်း-၁ဂိုး
နယ်သာလန်	**Vs**	**ကော်စတာရီကာ**
ရဂိုး-၁၂ဂိုး/ပေးဂိုး-၄ဂိုး		ရဂိုး-၅ဂိုး/ပေးဂိုး-၂ဂိုး
ရော်ဘင်-၃ဂိုး		ဘရိုင်ယန်ရုဇ်-၂ဂိုး

ကောင်းမြတ်သူ-စုစည်းသည်

ဘိုချတ်နှင့်ပစ်တိုဗား ဝင်ဘယ်ဒန်ဖလားလုမည်

ဗြိတိန်နိုင်ငံ၌ ကျင်းပလျက်ရှိသော ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ကနေဒါနိုင်ငံမှ အသက် ၂၀ သာရှိသည့် ယူဂျင်းဘိုချတ်က ရိုမေးနီးယားတင်းနစ်မယ် ဆီမိုနာလက်ကို အနိုင်ရပြီး ဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ သူသည် ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲတွင် ကနေဒါနိုင်ငံမှ ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ မွန်ထရီရယ်မြို့သူလေး ဘိုချတ်သည် ဆီမိုနာလက်အား ၇-၆၊(၇-၅)၊ ၆-၂၊ ဖြင့် အနိုင်ရလိုက်ခြင်း ဖြစ်သည်။ သူသည် စနေနေ့တွင် ၂၀၁၁ ခုနှစ် ချန်ပီယံပက်ထရာဗစ်တိုးဗားနှင့် ဗိုလ်လုရမည်ဖြစ်သည်။ ကမ္ဘာ့အဆင့် ၁၃ ရှိ ဘိုချတ်သည် ၂၀၁၂ ခုနှစ်တွင် ဂျူနီယာဖလားဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ဩစတြေးလျနှင့်ပြင်သစ်တို့၌ ကျင်းပသော ဂရင်းဆလမ်ပြိုင်ပွဲများတွင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့ဖလားလက်မှတ်မှောင်ခိုရောင်းချမှု ဖီဖာအဖွဲ့ဝင်တစ်ဦး ပါဝင်ပတ်သက်နေ

ကျင်းပလျက်ရှိသော ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ထောင်ပေါင်းများစွာသော တရားမဝင်လက်မှတ်များရောင်းချနေသည့် နောက်ကွယ်တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ ထင်ရှားသော အဖွဲ့ဝင်တစ်ဦး ပါဝင်နေကြောင်း ပရက်စ်တီဗွီသတင်းတွင်ဖော်ပြသည်။

ဘရာဇီးရဲအဖွဲ့က ဖီဖာ၏ခွင့်ပြုချက်မယူဘဲ စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာမှ ယင်းကဲ့သို့တရားမဝင်လက်မှတ်များ တွေ့ရှိခဲ့သည်ဟု ဆိုသည်။ အဆိုပါ ဖီဖာအဖွဲ့ဝင်၏အမည်ကို ထုတ်ဖော်မပြောနိုင်သေးကြောင်း သို့ရာတွင် ဖီဖာအဖွဲ့၏ လက်မှတ်အရောင်းအေဂျင်စီတစ်ဦးဖြစ်ကြောင်း ဘရာဇီးရဲအဖွဲ့က ပြောသည်။ ဘရာဇီးရဲအဖွဲ့က မကြာသေးမီရက်များအတွင်း လက်မှတ်မှောင်ခိုရောင်းချမှုများကို စုံစမ်းဖော်ထုတ်ခဲ့ပြီး အနည်းဆုံးလူ ၁၁ ဦး ဖမ်းဆီးထားသည်။

စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ ။)

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **စံချိန်စံညွှန်း** ဆိုသည်မှာ နယ်ပယ်တစ်ခုတွင်ရှိသော သက်ဆိုင်ရာ ကဏ္ဍတစ်ခု၌ အနိမ့်ဆုံးသတ်မှတ်ချက်ပြည့်မီစေရန် ရည်ရွယ်၍ စံချိန်စံညွှန်းဆိုင်ရာ သက်ဆိုင်သည့် လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းက အများသဘောတူညီချက်ကိုအခြေခံ၍ ပြုစုရေးဆွဲအတည်ပြုထားသည့် ယေဘုယျနှင့်အကြိမ်ကြိမ် အသုံးချနိုင်သော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များ၊ ဆောင်ရွက်မှုသွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အကျိုးဆက်များကို ဖွင့်ဆိုရှင်းပြသည့် သတ်မှတ်ချက်များကို ဆိုသည်။

(ဂ) **စံချိန်စံညွှန်းသတ်မှတ်ခြင်း** ဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်မည့် ကိစ္စတစ်ခုတွင် ထုတ်လုပ်သူများနှင့် စားသုံးသူများ၊ သုံးစွဲသူများ၏ အကျိုးအတွက် လက်တွေ့အသုံးဝင်မှုအခြေအနေနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး စီးပွားရေးတိုးတက်မြင့်မားစေရန် သက်ဆိုင်ရာ ကျွမ်းကျင်သူများ စုပေါင်းပါဝင်၍ စံချိန်စံညွှန်းရေးဆွဲသတ်မှတ်သည့် ဆောင်ရွက်မှုလုပ်ငန်းများကို ဆိုသည်။

(ဃ) **မြန်မာနိုင်ငံစံချိန်စံညွှန်း** ဆိုသည်မှာ အမျိုးသားစံချိန်စံညွှန်းကောင်စီကသတ်မှတ်သော အမျိုးသားစံချိန်စံညွှန်းကို ဆိုသည်။

(င) **ပြည်ပနိုင်ငံစံချိန်စံညွှန်း** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခုတွင် ဥပဒေအရလုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းကသတ်မှတ်သော ယင်းနိုင်ငံ၏ အမျိုးသားစံချိန်စံညွှန်းကိုဆိုသည်။

(စ) **ဒေသဆိုင်ရာစံချိန်စံညွှန်း** ဆိုသည်မှာ ဒေသဆိုင်ရာစံချိန်စံညွှန်းအဖွဲ့က သတ်မှတ်သော စံချိန်စံညွှန်းကိုဆိုသည်။

(ဆ) **ဒေသဆိုင်ရာစံချိန်စံညွှန်းအဖွဲ့** ဆိုသည်မှာ အာဆီယံဒေသဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ဥရောပဒေသဆိုင်ရာအဖွဲ့အစည်းကဲ့သို့သော အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းအဖွဲ့ကို ဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်း** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းအဖွဲ့တစ်ခုခုက သတ်မှတ်သော စံချိန်စံညွှန်းကို ဆိုသည်။

(ဈ) **မဖြစ်မနေလိုက်နာရမည့်စံချိန်စံညွှန်း** ဆိုသည်မှာ လူ့ကျန်းမာရေး၊ ပုဂ္ဂလိကပစ္စည်းလုံခြုံရေးနှင့်စပ်လျဉ်း၍ အမျိုးသား စံချိန်စံညွှန်းကောင်စီက ဤဥပဒေအရ မဖြစ်မနေလိုက်နာရမည်ဟု သတ်မှတ်သည့် စံချိန်စံညွှန်းကိုဆိုသည်။

(ည) **ဆန္ဒအလျောက်လိုက်နာနိုင်သည့် စံချိန်စံညွှန်း** ဆိုသည်မှာ မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းတွင် အကျုံးမဝင်သော စံချိန်စံညွှန်းကို ဆိုသည်။

(ဋ) **အသိအမှတ်ပြုလွှာ** ဆိုသည်မှာ အရည်အသွေးထောက်ခံချက် ထုတ်ပေးနိုင်ရေးအတွက် နည်းပညာဆိုင်ရာစစ်ဆေးမှု၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုနှင့် လိုအပ်သော အခြားဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်စွမ်းရှိကြောင်း အသိအမှတ်ပြုသော ဤဥပဒေအရ ထုတ်ပေးသည့် အထောက်အထားလက်မှတ်ကို ဆိုသည်။

(ဌ) **အရည်အသွေးထောက်ခံချက်** ဆိုသည်မှာ ထုတ်ကုန်၊ ထုတ်လုပ်မှုနည်းစဉ်၊ ဝန်ဆောင်မှုဆိုင်ရာ စံချိန်စံညွှန်းနှင့်ကိုက်ညီကြောင်း ဤဥပဒေအရထုတ်ပေးသည့် ထောက်ခံချက်လက်မှတ်ကိုဆိုသည်။

(ဍ) **စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ်** ဆိုသည်မှာ အသိအမှတ်ပြုကြောင်း အမှတ်တံဆိပ်နှင့်အရည်အသွေးအမှတ်တံဆိပ်များဖြစ်သော ထုတ်ကုန်အရည်အသွေးအမှတ်တံဆိပ်၊ ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ အရည်အသွေးအမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုအရည်အသွေးအမှတ်တံဆိပ်တို့ ပါဝင်သည်။

(ဎ) **ဥပဒေအရတိကျစွာတိုင်းတာခြင်းနည်းပညာ** ဆိုသည်မှာ တရားဝင် ထိန်းချုပ်ရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သော သင့်တင့်လျောက်ပတ်သည့်အရည်အသွေးနှင့် ယုံကြည်စိတ်ချရသော တိုင်းတာမှုများကို ပြည့်စုံတိကျစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကသတ်မှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာနှင့်နည်းပညာပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အစီအစဉ်တစ်ရပ်လုံးကိုဆိုသည်။

(ဏ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အမျိုးသားစံချိန်စံညွှန်းကောင်စီကိုဆိုသည်။

(တ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီကို ဆိုသည်။

(ထ) **ဦးစီးဌာန** ဆိုသည်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန် တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ယင်းတို့၏ ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကိုမြင့်မားစေပြီး ပြည်ပပို့ကုန်မြှင့်တင်ရေး အထောက်အကူပြုနိုင်ရန်၊

(ဂ) သွင်းကုန်များနှင့်ထုတ်ကုန်များသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းအောက်မနိမ့်ကျကြောင်းနှင့်လုံခြုံမှုရှိပြီး ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံခြင်းဖြင့် စားသုံးသူများနှင့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန်၊

(ဃ) ထုတ်ကုန်များနှင့်လည်းကောင်း၊ ထုတ်လုပ်မှုနည်းစဉ်များနှင့်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်လည်းကောင်း ဆက်စပ်နေသော ပတ်ဝန်းကျင်ကို အန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အထောက်အကူပြုနိုင်ရန်၊

(င) သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်မကိုက်ညီသည့် အရည်အသွေးပြည့်မီခြင်းမရှိသောကုန်ပစ္စည်းများ၊ ဘေးဥပဒ်မကင်းသော ကုန်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ကို ထိခိုက်နိုင်သော ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် နိုင်ငံအတွင်းသို့တင်သွင်းခြင်းမှ ကာကွယ်နိုင်ရန်၊

(စ) အပြည်ပြည်ဆိုင်ရာလွတ်လပ်သော ကုန်သွယ်မှုဒေသများထူထောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအတားအဆီးများကိုလျှော့ချနိုင်ရန်၊

(ဆ) မြန်မာ့အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့်အညီ မြန်မာနိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် စံချိန်စံညွှန်းများကို အသုံးချ၍ တိုင်းပြည်၏နည်းပညာလွှဲပြောင်းပေးမှုနှင့် နည်းပညာတီထွင်မှုတို့ကို လွယ်ကူချောမွေ့စေရန်။

အခန်း(၃)

အမျိုးသားစံချိန်စံညွှန်းကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်-

(က) အမျိုးသားစံချိန်စံညွှန်းကောင်စီကို အဖွဲ့ဝင် ၁၀ ဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁)	အစိုးရအဖွဲ့က တာဝန်ပေးသော ပြည်ထောင်စုဝန်ကြီးတစ်ဦး	ဥက္ကဋ္ဌ
(၂)	ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ	အဖွဲ့ဝင်များ
(၃)	အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ	အဖွဲ့ဝင်များ
(၄)	ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များ	အဖွဲ့ဝင်များ
(၅)	ဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်	အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ကောင်စီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသောကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ၊ ဒေသဆိုင်ရာစံချိန်စံညွှန်းများနှင့် ပြည်ပနိုင်ငံစံချိန်စံညွှန်းများအနက် သင့်လျော်သော စံချိန်စံညွှန်းများကို လက်ခံ၍ဖြစ်စေ၊ မြန်မာနိုင်ငံ၏အခြေအနေနှင့်အညီ ပြောင်းလဲ၍ဖြစ်စေ မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ကုန်ကြမ်းပစ္စည်း၊ စက်ကိရိယာတန်ဆာပလာ၊ ထုတ်ကုန်၊ ထုတ်လုပ်မှုနည်းစဉ်၊ စမ်းသပ်စစ်ဆေးနည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဃ) သွင်းကုန်ပစ္စည်းနှင့် ပို့ကုန်ပစ္စည်းများအတွက် မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(င) မြန်မာနိုင်ငံစံချိန်စံညွှန်းများတွင် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများကို သတ်မှတ်ခြင်း၊

(စ) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို သက်ဆိုင်ရာ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများက လက်ခံကျင့်သုံးရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်သုံးစွဲခွင့် ရယူထားသော ဌာန၊ အဖွဲ့အစည်းက သက်ဆိုင်ရာ စံချိန်စံညွှန်းပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စမ်းသပ်စစ်ဆေးရန် ကော်မတီသို့ အခါအားလျော်စွာ ညွှန်ကြားခြင်း၊

(ဇ) အသိအမှတ်ပြုလွှာနှင့် အရည်အသွေးထောက်ခံချက်များ ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဈ) အသိအမှတ်ပြုလွှာနှင့် အရည်အသွေးထောက်ခံချက်များနှင့် စပ်လျဉ်း၍ ကော်မတီ၏တင်ပြချက်ကို အဆုံးအဖြတ်ပေးခြင်း၊

(ည) အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းကထုတ်ပေးမည့် အရည်အသွေးထောက်ခံချက် အမျိုးအစားတစ်ခုစီ၏ စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်များကိုအတည်ပြုခြင်း၊

(ဋ) ဥပဒေအရ တိကျစွာ တိုင်းတာခြင်းနည်းပညာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ကော်မတီသို့ လိုအပ်သလို ညွှန်ကြားခြင်း၊

(ဌ) အသိအမှတ်ပြုလွှာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အသိအမှတ်ပြုလွှာရရှိသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အားသတိပေးခြင်း၊ အသိအမှတ်ပြုလွှာကိုကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဍ) မြန်မာနိုင်ငံစံချိန်စံညွှန်းဆိုင်ရာကိစ္စများနှင့် ရန်ပုံငွေဆိုင်ရာကိစ္စများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း။

အခန်း(၄)

စံချိန်စံညွှန်းလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ကောင်စီသည်-

(က) ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခြားသင့်လျော်သည့် ပညာရှင်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ သိပ္ပံနှင့်အင်ဂျင်နီယာဆိုင်ရာပညာရှင်များနှင့် ဥပဒေပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို သတ်မှတ်တာဝန်ပေးအပ်ပြီး လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို ရေးဆွဲ၍ ကောင်စီသို့ တင်ပြခြင်း၊

(ခ) စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန် လိုအပ်သည့် နည်းပညာ၊ ထုတ်လုပ်မှုနည်းစဉ်နှင့် စက်ကိရိယာတန်ဆာပလာများကို သတ်မှတ်ခြင်း၊

(ဂ) ထုတ်ကုန်များကို အခါအားလျော်စွာ စစ်ဆေး၍ မဖြစ်မနေလိုက်နာရမည့် မြန်မာနိုင်ငံ စံချိန်စံညွှန်းနှင့်ကိုက်ညီမှု ရှိ၊ မရှိ ဆုံးဖြတ်ခြင်း၊

(ဃ) သွင်းကုန်ပစ္စည်းနှင့် ပို့ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိမရှိ စစ်ဆေးနိုင်ရန် ညှိနှိုင်းစီစဉ်ပေးခြင်း၊

(င) အသိအမှတ်ပြုလွှာထုတ်ပေးရန်နှင့် သက်တမ်းတိုးမြှင့်ပေးရန် ကိစ္စရပ်များကို ထပ်ဆင့်စိစစ်၍ ကောင်စီသို့ တင်ပြခြင်း၊

(စ) ဥပဒေအရ တိကျစွာတိုင်းတာခြင်း နည်းပညာနှင့်စပ်လျဉ်းသည့် ကိစ္စရပ်ကိုကောင်စီသို့တင်ပြခြင်းနှင့်ကောင်စီ၏ညွှန်ကြားချက်နှင့်အညီဆောင်ရွက်ခြင်း၊

(ဆ) ထုတ်ကုန်၊ အသုံးပြုသောကုန်ကြမ်းပစ္စည်း၊ နည်းပညာ၊ ထုတ်လုပ်မှုနည်းစဉ်နှင့်စက်ကိရိယာတန်ဆာပလာများသည် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့်ကိုက်ညီခြင်း ရှိမရှိ သိရှိနိုင်ရန် အရည်အသွေးထောက်ခံချက်ရရှိသူ၏ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းနှင့် စစ်ဆေးစေခြင်း၊

(ဇ) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာသင်တန်းများနှင့်ဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဈ) မြန်မာနိုင်ငံစံချိန်စံညွှန်းကို ဈေးကွက်နှင့် အခြားအခြေအနေများအရ လိုအပ်ပါက ပြင်ဆင်နိုင်ရန် ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(ည) မြန်မာနိုင်ငံစံချိန်စံညွှန်းများကိုရေးဆွဲ၍ မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့်ဆန္ဒအလျောက် လိုက်နာနိုင်သည့် စံချိန်စံညွှန်းများကို အကြံပြုချက်ဖြင့် ကောင်စီသို့ ခွဲခြားတင်ပြခြင်း၊

(ဋ) ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် နည်းပညာ ဆပ်ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဌ) ကောင်စီကအခါအားလျော်စွာ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၈။ ကော်မတီသည်-

(က) မူဝါဒနှင့်သက်ဆိုင်သော အရေးကြီးသည့်ကိစ္စများကို ကောင်စီသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူဆောင်ရွက်ရမည်။

(ခ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကိုသတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြရမည်။

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

အခန်း(၅)
အသိအမှတ်ပြုလွှာလျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၉ ။ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရရှိလိုသောပြည်တွင်း၊ ပြည်ပမှဌာန၊ အဖွဲ့အစည်းတစ်ခုခုသည်လည်းကောင်း၊ အရည်အသွေးထောက်ခံချက် ထုတ်ပေးခွင့်ရှိသည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့်ဆက်နွှယ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လိုသောပုဂ္ဂိုလ်တစ်ဦးဦးသည်လည်းကောင်းအသိအမှတ်ပြုလွှာရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် အသိအမှတ်ပြုလွှာရရှိရန် ပုဒ်မ ၉အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ လျှောက်ထားသောဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များကနည်းပညာဆိုင်ရာစစ်ဆေးမှုများ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်းရှိ၊ မရှိသတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ကော်မတီမှတစ်ဆင့် ကောင်စီသို့တင်ပြရမည်။

၁၁။ ကောင်စီသည် ဦးစီးဌာန၏ သဘောထားမှတ်ချက်ကို စိစစ်သုံးသပ်၍ အသိအမှတ်ပြုလွှာထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန်ဆုံးဖြတ်ပြီး ကော်မတီမှတစ်ဆင့်ဦးစီးဌာနသို့ အကြောင်းကြားရမည်။

၁၂။ အသိအမှတ်ပြုလွှာရရှိသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များသည် အသိအမှတ်ပြုကြောင်း အမှတ်တံဆိပ်ကို သုံးစွဲခွင့်ရှိသည်။

၁၃။ ဦးစီးဌာနသည် ကောင်စီ၏ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ (က) အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်များသည် အသိအမှတ်ပြုလွှာကို သက်တမ်းတိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ကော်မတီမှတစ်ဆင့် ကောင်စီသို့ တင်ပြရမည်။

၁၅။ (က) ကောင်စီသည် ပုဒ်မ၁၄၊ ပုဒ်မခွဲ (ခ) အရတင်ပြချက်ကို စိစစ်ပြီး အသိအမှတ်ပြုလွှာ သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် အသိအမှတ်ပြုလွှာသက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ကောင်စီသည် အသိအမှတ်ပြုလွှာသက်တမ်း၊ အသိအမှတ်ပြုလွှာကြေးနှင့် အသိအမှတ်ပြုလွှာ သက်တမ်းတိုးမြှင့်ခများကို သတ်မှတ်ရမည်။

၁၆။ အသိအမှတ်ပြုလွှာရရှိသောဌာန၊ အဖွဲ့အစည်းသည်-

(က) ထုတ်ပေးနိုင်သည့် အရည်အသွေးထောက်ခံချက် အမျိုးအစားတစ်ခုစီအတွက် စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်ကို ကောင်စီ၏ အတည်ပြုချက်ရယူပြီး ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) အရည်အသွေးထောက်ခံချက် ထုတ်ပေးသည့် လုပ်ငန်းများစာရင်းကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြရမည်။

အခန်း(၆)
အရည်အသွေးထောက်ခံချက်ရရှိရန် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၇။ အရည်အသွေးထောက်ခံချက်ရရှိလိုသူသည် ဦးစီးဌာန၏ အသိအမှတ်ပြုလွှာရရှိသော ဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားရမည်။

၁၈။ အသိအမှတ်ပြုလွှာရရှိသောဌာန၊ အဖွဲ့အစည်းသည် သတ်မှတ်ချက်များနှင့်အညီ စမ်းသပ်စစ်ဆေး၍ စည်းကမ်းချက်များပါရှိသည့် အောက်ပါအရည်အသွေးထောက်ခံချက်အမျိုးအစားများကို ထုတ်ပေးခွင့်ရှိသည်-

(က) ထုတ်ကုန်အရည်အသွေးထောက်ခံချက်၊

(ခ) ထုတ်လုပ်မှုနည်းစဉ်အရည်အသွေးထောက်ခံချက်၊

(ဂ) ဝန်ဆောင်မှုအရည်အသွေးထောက်ခံချက်။

အခန်း(၇)
ကော်မတီ၏အရေးယူပိုင်ခွင့်

၁၉။ အရည်အသွေးထောက်ခံချက်ရရှိသူက သက်ဆိုင်ရာထောက်ခံချက်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီသည် အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အရည်အသွေးထောက်ခံချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) အရည်အသွေးထောက်ခံချက်ကို ပယ်ဖျက်ခြင်း။

၂၀။ အသိအမှတ်ပြုလွှာရရှိသူက သက်ဆိုင်ရာ အသိအမှတ်ပြုလွှာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီသည် အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) အသိအမှတ်ပြုလွှာကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(ဂ) အသိအမှတ်ပြုလွှာကို ပယ်ဖျက်ခြင်း။

အခန်း(၈)
အယူခံခြင်း

၂၁။ ကော်မတီက ပုဒ်မ ၁၉သို့မဟုတ် ပုဒ်မ၂၀အရ ဆုံးဖြတ်ဆောင်ရွက်ခဲ့သော အရေးယူမှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီကချမှတ်သော အခြားဆုံးဖြတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၂၂။ ကောင်စီသည် ကော်မတီ၏ အရေးယူဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

၂၃။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

အခန်း(၉)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို အသိအမှတ်ပြုလွှာမရရှိဘဲ အရည်အသွေးထောက်ခံချက်ကို ထုတ်ပေးကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်-

(က) စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်တစ်ခုခုကို အတုပြုလုပ်ခြင်း၊

(ခ) ကောင်စီက သုံးစွဲခွင့်ပြုထားခြင်း သို့မဟုတ် အတည်ပြုထားခြင်းမရှိသော စံချိန်စံညွှန်းဆိုင်ရာ အမှတ်တံဆိပ်ကို အသုံးပြုခြင်း၊

(ဂ) ကောင်စီကသတ်မှတ်သည့် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း မရှိကြောင်းသိလျက်နှင့်ဖြစ်စေ၊ သိရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ ထုတ်ကုန်တစ်ခုခုကိုကြော်ငြာခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်း၊ ဝန်ဆောင်မှုတစ်ခုခုကို ကြော်ငြာခြင်း၊ ဝန်ဆောင်မှုတစ်ခုခုကို ဆောင်ရွက်ခြင်း။

၂၆။ အရည်အသွေးထောက်ခံချက်ရရှိသူ မည်သူမဆို သက်ဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော ထုတ်ကုန်ပေါ်တွင်ဖြစ်စေ၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ စံချိန်စံညွှန်းဆိုင်ရာအမှတ်တံဆိပ်ကို အသုံးပြုလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

အခန်း (၁၀)
ရန်ပုံငွေထူထောင်သုံးစွဲခြင်း

၂၇ ။ ကော်မတီသည်မိမိ၏ရန်ပုံငွေကို အောက်ပါရငွေများဖြင့်ထူထောင်ပြီး ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲရမည် -

(က) စံချိန်စံညွှန်းများ၊ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် အခြားစာအုပ်စာတမ်းများကို ရောင်းချရငွေများ၊

(ခ) အဖွဲ့ဝင်ကြေးများ၊

(ဂ) ဝန်ဆောင်မှုအတွက် ရရှိငွေများ၊

(ဃ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ။

၂၈။ ကော်မတီ၏ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အစိုးရအသိအမှတ်ပြု စာရင်းစစ်များက စစ်ဆေး၍ စာရင်းစစ်အစီရင်ခံစာကို ကောင်စီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဘဏ္ဍာရေးနှစ်အလိုက် တင်သွင်းရမည်။

အခန်း(၁၁)
အထွေထွေ

၂၉။ အရည်အသွေးထောက်ခံချက်ရရှိသူ၊ ယင်း၏ ကိုယ်စားလှယ်နှင့် လုပ်ငန်းဆက်ခံသူတို့သည် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများကို လိုက်နာရမည်။

၃၀။ (က) ဝန်ကြီးဌာနသည် ကောင်စီဝင်များနှင့်ကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကိုပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ သတ်မှတ်သော ချီးမြှင့်ငွေနှင့်စရိတ်များကိုလည်းကောင်း၊ ကောင်စီနှင့်ကော်မတီတို့၏ ရုံးလုပ်ငန်းများကိုလည်းကောင်း တာဝန်ယူ စီစဉ်ဆောင်ရွက်ရမည်။

၃၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ်သတ်မှတ်သည်။

၃၂။ ဤဥပဒေအရတရားစွဲဆိုသောပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကိုတရားရုံးရှေ့သို့တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကိုတရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲမည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကော်မတီနှင့်ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအတိုင်းကျင်းပပါမည်။ အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ စုံညီစွာကုသိုလ်ယူနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက် ၁၃-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ပဋ္ဌာန်းကျောင်းတိုက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ် (စိုက်ပျိုးရေးမှတ်တိုင်အနီး)
ဆက်သွယ်လှူဒါန်းရန် - ဦးတင်မြင့် ဖုန်း-၀၉-၅၁၇၈၀၆၂၊ ၀၁-၆၄၀၂၆၂
ဦးသိန်းဝင်း ဖုန်း-၀၉-၃၁၅၂၂၄၄၅၊
ဦးထွေး ဖုန်း-၀၉-၄၄၈၀၀၆၇၉၅

အမှုဆောင်အဖွဲ့

ပြောင်းလဲခေါ်ပါရန်

လားရှိုးမြို့ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဥ္စမတန်း(ခ)တွင် ပညာသင်ကြားနေသော ဦးလှထွန်း၏သား မောင်သန့်ဇင်ဖြိုးအား မောင်သန့်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၂)၊ ထ(ခွဲ) အဋ္ဌမတန်း(က)တွင် ပညာသင်ကြားနေသော မောင်အောင်ဟိန်းဦး၏ ဖခင်အမည်မှန်မှာ ဦးအိုက်ကြာ ၁၃/လရန(နိုင်)၀၉၉၉၉၇ ဖြစ်ပါသည်။

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၂၀၂၁ 8E/2021 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ဃ/၆၇၈၀၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၁၃/တကန(နိုင်)၁၈၉၀၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

လှိုင်မဟာစည် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားခြင်း

လှိုင်မဟာစည်၏ (၃၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မိဂဒါဝုန်ဝိပဿနာသင်တန်း ၁၇ ရက်တရားစခန်းသိမ်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လှိုင်မဟာစည်ယောဂီများ၊ အကျိုးတော်ဆောင်များ၊ ဖြတ်ပိုင်းအကျိုးတော်ဆောင်များ၊ စုဘူးအလှူရှင်များ၊ ဝေယျာဝစ္စလုပ်အားအလှူရှင်များ၊ ဓမ္မမိတ်ဆွေများအားလုံး မပျက်မကွက် (ဆက်ဆက်)ကြွရောက်တော်မူကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၃၇၆ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာနေ့) ၁၁-၇-၂၀၁၄ရက်၊ သောကြာနေ့
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီတိတိ (နံနက် ၈း၃၀နာရီအရောက် ကြွရောက်တော်မူကြပါရန်)
ကျင်းပမည့်နေရာ - သာသနာ့မာရ်အောင်ဓမ္မာရုံတော်ကြီး၊ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်၊ ယောဂီကျောင်းလမ်း၊ ၁၁ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀၊ ၅၂၁၁၀၇။

ပဋ္ဌာန်နိကာယ်ကျောင်းတိုက်
ဝါဆိုသင်္ကန်းကပ်လှူပွဲဖိတ်ကြားလွှာ

ရန်ကင်းမြို့နယ်၊ ပဋ္ဌာန်နိကာယသာသနဗိမာန်ကျောင်းတိုက်တွင် ယခုနှစ်ဝါဆိုတော်မူကြမည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)အမှူးရှိသော စာချ-စာသင် သံဃာတော်အရှင်မြတ် ၃၀၀ တို့နှင့် အစိုးရစာမေးပွဲအောင် သံဃာတော်အရှင်မြတ်တို့အား (၃၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက် ၁၂-၇-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ပဋ္ဌာန်နိကာယဓမ္မသဘင်၌ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင်များ
ပဋ္ဌာန်နိကာယသာသနာနုဂ္ဂဟအဖွဲ့
ဖုန်း-၅၆၄၄၅၆၊ ၅၆၄၄၅၅

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)မှ ပန်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၃)ရပ်ကွက်၊ ကျန်စစ်သားလမ်းရှိ တိပိဋ္ဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော ရေစကြိုဆရာတော် တိပိဋ္ဋကရေ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာ ၁၆၅ပါးတို့အား (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်မြို့ရောက် ရေစကြိုမြို့နယ်သူ/သားများမှ တက်ရောက်ကြည်ညို လှူဒါန်းပူဇော်နိုင်ရန် အသိပေး ပန်ကြားအပ်ပါသည်။

(နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။)

အလုပ်အမှုဆောင်အဖွဲ့
ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)

တအန်း(ပလောင်)မိသားစု
(၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

တအန်း(ပလောင်)မိသားစုများနှင့် နမ့်ဆန်သူ/သားများ၊ ကျောင်း၊ ရဟန်း၊ အလှူရှင် ဒါယကာ ဒါယိကာမများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်တိုက်၊ ဗောဓိနမ့်ဆန်ကျောင်း၌ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်းနှင့် ရန်ကုန်မြို့နေ တအန်း(ပလောင်)မိသားစုဝင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပါ၍ ၉-၇-၂၀၁၄ ရက်ထက်နောက်မကျဘဲ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖုန်း-၀၉-၅၀၆၀၆၅၉၊ ၀၁-၅၀၀၇၉၄တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျင်းပရေးကော်မတီ

မိုင်းလင်းအုပ်စုတွင် ၂၄ နာရီ ရေအားလျှပ်စစ်မီးလင်းပြီ

တာလေ ဇူလိုင် ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေ မြို့နယ်ခွဲရှိ မိုင်းလင်း(အနောက်) အုပ်စု မအန်ခမ်ကျေးရွာ၌ ဇွန် ၂၈ ရက် နံနက် ၈ နာရီခွဲက ရေအား လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးရုံး၌ ဟိန်းဟိန်းဟိန်း မိုင်းလင်း(အရှေ့/ အနောက်)ကျေးရွာ ရေအားလျှပ်စစ် ဖြန့်ဖြူးရေးရုံးဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကိုပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင် မေထွန်း၊ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးထွန်း နေဦး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နောက် ပြည်နယ်လျှပ်စစ်နှင့် စက်မှု လက်မှု ဝန်ကြီးဦးစိုင်းထွန်းရင်က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးသည်။ ဆက်လက်၍ ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက အမှာစကားပြောကြားပြီး မန်နေ ဂျင်းဒါရိုက်တာ ဦးထွန်းနေဦးက လျှပ်စစ်မီး သွယ်တန်းနိုင်ခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းများ အကြောင်း ပြောကြားသည်။

အဆိုပါ ရေအားလျှပ်စစ်မီး သွယ်တန်းခြင်းကို တာလေမြို့နယ်ခွဲ မိုင်းလင်း(အရှေ့/အနောက်)ကျေးရွာ အုပ်စုတွင် ကီလိုဝပ် ၁၅၀၊ နမ့်မွေ ချောင်း ၂၄ နာရီ ရေအားလျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း အတွက် ဟိန်းထက်အောင် ဆောက် လုပ်ရေးမိသားစုက ၂၀၁၀ ပြည့်နှစ် တွင် တာဝန်ယူတည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် မတ် ၂၄ ရက်တွင် တာ လေငလျင်ဘေးဒဏ်ကြောင့် အိမ်ခြေ ၃၅ လုံးနှင့် ဌာနဆိုင်ရာ အဆောက် အအုံ ၁၃ လုံးကိုသာ လျှပ်စစ်ဓာတ် အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်ဇန်နဝါရီမှမတ်လအတွင်း ဆည် များ၊ ရေသွယ်မြောင်းများ၊ စက်ပိုင်း ဆိုင်ရာများကို ပြန်လည်ပြုပြင်ခဲ့ရာ ၂၀၁၄ ခုနှစ်အထိလေးနှစ်တာကာလ အတွင်း စီမံကိန်းအတွက် ငွေကျပ် သိန်း ၂၅၀၀ ရင်းနှီးမြှုပ်နှံထားရှိပြီး လျှပ်စစ်ဓာတ်အား ဗို့ ၂၂၀ မြှင့်ပေး နိုင်ခဲ့သည့်အတွက် မီတာဘောက် ၆၈ လုံး အိမ်ခြေ ၂၀၀ ခန့်အထိ တိုးမြှင့် ဖြန့်ဝေခဲ့ကြောင်း သိရ သည်။

မြင့်မိုရ်(တာချီလိတ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများအား ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန် ဇူလိုင် ၄

ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုး ရေးရန်ပုံငွေမှချမှတ်ပေးသော ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် စေတနာ့ ဝန်ထမ်းအဖြစ် တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြသော ရပ်ကွက် အထောက်အကူပြုကော်မတီဝင်များ နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား မြို့နယ်အထောက်အကူပြုကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဇွန် ၃၀ ရက် ညနေ ၃ နာရီက ရန်ကုန် အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပ ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးကျော်စိုးတက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ပြုလွှာများ ပေးအပ် ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

ရန်ကုန်တိုင်းဒေသကြီး လွှတ် တော်ကိုယ်စားလှယ် ဒေါက်တာ စောလှထွန်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးတို့က ဂုဏ်ပြုအမှာ စကားများ ပြောကြားကာ ဒေသဖွံ့ ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး ခြင်း၊ ဆောင်ရွက်ခဲ့မှုများကို အသေး စိတ်ပြန်လည်စိစစ်ခြင်းနှင့် ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ရခြင်းတို့ကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး က ရှင်းလင်းတင်ပြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ရပ်ကွက်(၂၀)တွင် တစ် ရပ်ကွက်လျှင် ငွေကျပ်သိန်း ၅၀ ဖြင့် ရပ်ကွက်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း များ၊ ရေစီးမြောင်းပေါင်များ ပျက်စီး ချွတ်ယွင်းခြင်း၊ တံတားများ၊ စုပေါင်း အိမ်သာများ၊ လူသွားလမ်းများ၊ အများသုံး ရေလှောင်ကန်များ၊ ပြုပြင်တည်ဆောက်ခြင်းများ ဆောင် ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရ သည်။

အောင်သန်း
(မင်္ဂလာတောင်ညွန့်)

ပြည် ရွှေဆံတော်နိဗ္ဗာန်ဆော် မြို့တွင်းလှည့်လည်အလှူခံမည်

ပြည် ဇူလိုင် ၄

ပြည်မြို့ လေးဆူ ဓာတ်ပျော် ရွှေဆံတော် စေတီမြတ်ကြီး ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ ဝါတွင်း နိဗ္ဗာန်ဆော်အဖွဲ့ကြီး သည် ၁၃၇၆ ခုနှစ် (၄၃) ကြိမ်မြောက်အဖြစ် ဝါဆိုလပြည့်နေ့မှ သီ တင်းကျွတ်လပြည့်နေ့ အထိ ဝါတွင်းသုံးလ ဥပုသ်နေ့ အကြို အဖိတ်နေ့တိုင်း ပြည် မြို့တွင်းသို့ လှည့်လည် အလှူခံမည် ဖြစ် ကြောင်း သိရသည်။

(လ/၀၁၉)

ဇမ္ဗူသီရိမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများပညာပေးဟောပြော

ဇမ္ဗူသီရိ ဇူလိုင် ၄

နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေးအဖွဲ့တို့ပူးပေါင်း၍ သွေးလွန် တုပ်ကွေးရောဂါ အသိပညာပေးဟောပြောပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထက(၆)သီရိမင်္ဂလာခန်းမတွင် ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက အမှာစကားပြောကြားပြီး ကျန်းမာ ရေးဝန်ကြီးဌာနမှ ဒေါက်တာဒေါ်နီနီအေးနှင့် ဒေါက်တာလှိုင်လှိုင်ဌေးတို့က ၎င်းတို့ ဖြစ်ပွားနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အကြောင်းကို ကျောင်းသား ကျောင်းသူများအား အသေးစိတ်ရှင်းလင်း ပြောကြားပြီး တတ်ရောက်လာကြသူများကို သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်နီနီအေးနှင့်အဖွဲ့ဝင်များက ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်ရှိ ရေကန်၊ သန့်စင်ခန်း၊ ပန်းအိုး စသည်တို့ကို အဘိတ်ဆေးများခတ်ပေးကာ မူလတန်း ကျောင်းသား ကျောင်းသူများကို သွေးလွန်တုပ်ကွေးရောဂါနှင့် အထွေထွေ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက အထက(၅)တွင် ဆက်လက်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိ ရသည်။

မင်းမင်းလတ်(ရှုပဗေဒ)

စက်မှုဝန်ကြီးဌာန
အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက်ရုံများ အတွက် လိုအပ်သောအောက်ဖော်ပြပါ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလို ပါသည်-

စဉ်	စက်ပစ္စည်းအမည်	အရေအတွက်	
(က)	Hydrogen Plant Equipment	1 Lot	ကစစ(၃၆) (ကျောက်ဆည်)
(ခ)	Melting Furnace Equipment	1 Lot	
(ဂ)	Deep Process Equipment	1 Lot	
(ဃ)	Nitrogen Plant Equipment	1 Lot	
(င)	UPS (60kVA)	1 Set	မှန်ထုတ်လုပ်ရေးဌာန (ပုသိမ်)

၂။ တင်ဒါပိတ်ရက်မှာ ၆-၈-၂၀၁၄ရက် ၁၅း၀၀နာရီ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက စီမံရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)၊ မြိတ်မြို့

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းဆောက်လုပ် ရေးစီမံကိန်း အထူးအဖွဲ့(၆)၊ မြိတ်မြို့မှ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေနှင့် သာမန်အသုံး စရိတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါ ပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားမည့် လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) လမ်းခင်းကျောက်(ရွယ်စုံ)
(ခ) မြစ်သဲ
(ဂ) သစ်ခွဲသား
(ဃ) ဘိလပ်မြေ
(င) သံချောင်း(ရွယ်စုံ)
(စ) ကျောက်ရောမြေ
(ဆ) သဲရောချောင်းကျောက်
(ဇ) ချောင်းကျောက်စရစ်
(ဈ) ကျောက်စရစ်

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၇-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၇-၂၀၁၄ ရက် ၁၇း၀၀ နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၂-၇-၂၀၁၄ ရက် ၁၃း၃၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လေယာဉ်ကွင်းအထူးအဖွဲ့(၆)၊ မြိတ်မြို့၊
ကန်ဖျားလမ်းမကြီး (ဘောလုံးကွင်းအရှေ့)၊ ဖုန်း-၀၅၉-၄၁၉၁၈

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဟိုလိုဂရမ်များအား မြန်မာကျပ်ငွေ ဖြင့် အပ်နှံဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၇-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာ ကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက် များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် ၂၉၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၆၅
သံသုမာလမ်း၊ မြင်သာ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်နှင့် အပေါ့စားမီးသတ်စက်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရုံးသုံး စက်ကိရိယာများ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများအား ကရင်ပြည်နယ် မီးသတ်ဦးစီးဌာန၊ ဘားအံမြို့တွင် ၇-၇-၂၀၁၄ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါများကို ၂၅-၇-၂၀၁၄ရက် ၁၆း၃၀နာရီ ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ ဘားအံမြို့သို့ နောက်ဆုံးထားပေးပို့ရန်နှင့် ၂၇-၇-၂၀၁၄ရက် နံနက် ၀၉း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါများကို စိစစ်ရွေးချယ်ပါမည်။ သတ်မှတ်ရက်ထက် ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၁၅၀၂၊ ၀၅၈-၂၂၆၀၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကရင်ပြည်နယ် တင်ဒါကြီးကြပ်ရေးအဖွဲ့
ဘားအံမြို့

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော် မြို့နယ်၊ အထက(မော်လူး)တတိယတန်း(A) မှ မအေးမြတ်ပွင့်၏ ဖခင်အမည်မှန်မှာ ဦးလှမောင် ၅/အတန(နိုင်)၀၁၉၀၁၁ ဖြစ် ပါသည်။ **ဦးလှမောင်**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော် မြို့နယ်၊ အထက(မော်လူး) တက္ကသိုလ်ဝင် တန်း(D)မှ မပပဝင်း၊ ဆဋ္ဌမတန်း(A)မှ မောင်ဇင်ပိုင်တို့၏ဖခင်အမည်မှန်မှာ ဦးသက် လွင် ၅/အတန(နိုင်)၀၉၃၉၇၇ ဖြစ်ပါသည်။
ဦးသက်လွင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့တွင် အောက် ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) 27'x18' Steel Structure Open Shack ၁ လုံး
(ခ) ပင်မတံခါးဝင်ပေါက်နှင့် အုတ်တံတိုင်း (၁၆၃ ပေ)တည်ဆောက်ခြင်း လုပ်ငန်းတစ်ရပ်

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁-၇-၂၀၁၄ ရက်မှ ၂၉-၇-၂၀၁၄ ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်** - ၃၀-၇-၂၀၁၄ ရက် ၁၆း၀၀ နာရီအထိ
(ဂ) **တင်ဒါဖွင့်ရက်** - ၆-၈-၂၀၁၄ ရက်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၃၂၅၄၊ ၀၇၁-၂၃၆၂၄၊ ၀၉-၄၄၂၀၇၄၁၀၀တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ညောင်ရွှေမြို့နယ်၌ ပုလဲသွယ်စပါး စံကွက်ရိတ်သိမ်း

ညောင်ရွှေ ဇူလိုင် ၄

၂၀၁၃-၂၀၁၄ ခုနှစ် နွေစပါး စိုက်ပျိုးမှုတွင် ပုလဲသွယ်အထူးအထွက်တိုး စံပြကွက် ၁၀ ဧက စံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု ကွင်းအမှတ် ၄၂၊ ဦးပိုင် ၉၆ ရှိ တောင်သူဦးရွှေဘ၏ လယ်မြေတွင် ရိတ်သိမ်းရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းအောင်နှင့်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းလှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက အထူးအထွက်တိုး ပုလဲသွယ်စပါးတစ်ဧက ပျမ်းမျှတင်း ၂၀၀ အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုလဲသွယ်အထူးအထွက်တိုးစပါးကို သက်တမ်း ၁၄၈ ရက်သားတွင် ရိတ်သိမ်း၍ စံကွက်ယူခဲ့ရာ တစ်ဧက အစိုအထွက်နှုန်း ၂၅၃ ဒသမ ၈၁ တင်း၊ အခြောက်အထွက်နှုန်း ၂၃၀ ဒသမ ၉၇ တင်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် သက်ကြီးအဘွား ၃၀ ကို ပူဇော်ပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၁ ရက်က ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က သက်ကြီးအဘွားသုံးဦးအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သက်ကြီးအဘွားသုံးဦးကို ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ ရပ်ကွက်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက သက်ကြီးအဘွား ၂၄ ဦးကို ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး မြို့နယ်ကျန်းမာရေးဌာနမှ သက်ကြီး အဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးစဉ်။ သန်းမောင်(ရန်ကင်း)

မြစ်ရေတိုက်စားမှု ကာကွယ်ရေး သဲအိတ်တံတားပြုလုပ်

မကွေး ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး ဘုံးကျွန်းကျေးရွာတွင် မြစ်ရေတိုက်စားမှုနှစ်စဉ်ကြုံတွေ့နေရသဖြင့် မြစ်ရေတိုက်စားမှုဒဏ်မှ ကာကွယ်နိုင်ရန်အတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် သဲအိတ်တံတားပြုလုပ်နေကြောင်း သိရှိရသည်။

ကျေးရွာရှိ တာဝန်ရှိသူများ၊ လူငယ်များ၊ ကျောင်းသား ကျောင်းသူများက ယင်းတံတားကို ရဟန်းရှင်လူ ပြည်သူ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရန်အတွက် ဆန်ပွဲရုံများရှိ ဆန်အိတ်ခွံများကိုဝယ်ယူပြီး သဲများထည့်၍ တံတားဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

(လ/၀၄၇)

ပုဏ္ဏားကျွန်းမြို့ (၁၀၉)နှစ်မြောက်အထိမ်းအမှတ် နေ့ကလေးထိန်းမှူကြိုကျောင်းဖွင့်

ပုဏ္ဏားကျွန်း ဇူလိုင် ၄

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့တည်နှစ် (၁၀၉) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး သမံတလင်းခင်းအုတ်ထရံကာ ကိုယ့်အားကိုယ်ကိုးနေ့ကလေးထိန်း မူကြိုကျောင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါကျောင်းဆောင်သစ်ကို မတည်အလှူငွေကျပ် သိန်း ၉၀ ဖြင့် ဆောက်လုပ်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်းခန့်ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး အချောသပ်ဆောက်လုပ်ပြီးစီးနိုင်ရေးအတွက် ငွေကျပ်သိန်း ၂၀၀ ကျော် ခန့်မှန်းကုန်ကျမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ စေတနာရှင်များ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သူ(ပုဏ္ဏားမြို)

ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအား အခြေခံပညာမူလတန်းကျောင်းခွဲဖွင့်

ငွေဆောင် ဇူလိုင် ၄

ပုသိမ်ခရိုင် ငွေဆောင်မြို့နယ်ခွဲ သဇင်ကျေးရွာအုပ်စု Royal Orbit Company Limited, Rubber Plantion Project ရော်ဘာခြံရှိ ကိုယ့်အားကိုယ်ကိုး အမကကျောင်းကို အခြေခံပညာ မူလတန်းကျောင်း(ခွဲ)အဖြစ် ပုသိမ်မြို့နယ် ပညာရေးမှူးဦးကျင်သောင်း၊ ငွေဆောင်မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးနိုင်မင်းထွန်း၊ Royal Orbit Company Limited မှ Managing Director ဦးနီသိန်းဦး၊ ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ဌေးတို့က ဇွန် ၂၇ ရက် နံနက် ၈ နာရီ၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဒီဂျစ်တယ်ကင်မရာနှင့် ကင်မရာအပိုပစ္စည်းဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံဓာတ်ပုံအသင်းက စီစဉ်ကျင်းပသည့် (၁၄)ကြိမ်မြောက် မိုးရာသီ ဒီဂျစ်တယ်ကင်မရာနှင့် ကင်မရာအပိုပစ္စည်းဈေးရောင်းပွဲတော်ကို (၃၅) လမ်းအောက် ကျောက်တံတားမြို့နယ် မြန်မာနိုင်ငံဓာတ်ပုံအသင်းခန်းမ၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချသွားမည်ဟု သိရသည်။

"ဈေးပွဲတော်မှာ Sony၊ Cannon၊ Nicon စတဲ့ နာမည်ကြီး ကင်မရာကုမ္ပဏီတွေက ကင်မရာပစ္စည်းမျိုးစုံ ပြသရောင်းချသွားမယ်။ ဒါ့အပြင် စိတ်ဝင်စားသူတွေရော ဓာတ်ပုံအသင်းသူ အသင်းသားတွေအတွက်ပါ မိမိရောင်းချလိုတဲ့ ကင်မရာနဲ့ ဆက်စပ်ပစ္စည်းတွေကို ဒီပွဲမှာ ရောင်းချလို့ရအောင်စီစဉ်ထားပါတယ်။ ရောင်းချလိုသူတွေအနေနဲ့ ဇူလိုင် ၇ ရက် မှ ၉ ရက်အတွင်း ဓာတ်ပုံအသင်းခန်းမကို ပေးပို့ရပါမယ်"ဟု မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးဖေမြင့်ဦးက ပြောကြားသည်။

မိမိလိုချင်သော မှန်ဘီလူးအမျိုးအစားနှင့် ဆိုက်မျိုးစုံကိုလွယ်ကူစွာ ဝယ်ယူနိုင်ခြင်း၊ မိမိနှစ်သက်သောကင်မရာနှင့် မှန်ဘီလူးပြောင်းလဲအသုံးပြုနိုင်ခြင်း၊ တစ်နေရာတည်း၌ ဆက်စပ်ပစ္စည်းများကို အဆိုပါအရောင်းပွဲတွင်ရရှိနိုင်ကြောင်း ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

မြတ်စန္ဒီသင်းဇော်

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မိုးမောက် ဇူလိုင် ၄

ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက လွယ်ဂျယ်-မိုးမောက်ကားလမ်း စိန်လုံ စစ်ဆေးရေးဂိတ်တွင် ရဲတပ်ဖွဲ့ဝင်များက ယာဉ်မောင်း ဇော်တူးဂျာ မောင်းနှင်လာသည့် ယာဉ်အမှတ် 5D/------ အဖြူရောင် နီဆန်း ဟာရီယာကားပေါ်တွင် ပါလာသူအမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးအား မသင်္ကာသဖြင့် ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်အတွင်းပိုင်း အံဝှက်များမှ ဆပ်ပြာခွက်များတွင် ထည့်ထားသော ဘိန်းဖြူ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစိမ်းများကို ရှာဖွေဖမ်းဆီးခဲ့သည်။

ဖမ်းဆီးမိရာတွင် ဘိန်းဖြူထည့်ထားသော တစ်ခွက်လျှင် ၁၂ ဒသမ ၅ ဂရမ်ပါ ဆပ်ပြာခွက် ၃၀ အလေးချိန် ၃၇၅ ဂရမ်၊ အပြာရောင် ပလတ်စတစ်အိတ်တွင် ထည့်ထားသော ၈၈/၁ တံဆိပ်ပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား တစ်ထုပ်လျှင် ၂၀၀စီပါရှိသော အထုပ်ပေါင်း ၆၅ ထုပ်၊ ၁၉၅ ပြားပါရှိသော အထုပ်ပေါင်း ငါးထုပ် စုစုပေါင်းအလေးချိန် ၁၃၉၇ ဒသမ ၅ဂရမ်၊ အနက်ရောင် ကြွပ်ကြွပ်အိတ်တွင် ထည့်ထားသော ဘိန်းစိမ်း ၁ ပိဿာ ၁ကျပ်သား စုစုပေါင်း တန်ဖိုး ငွေကျပ်သိန်းပေါင်း ၅၃၀၆၁၉၉၅ ကျပ်ရှိကြောင်း သိရသည်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ကြသူ ယာဉ်မောင်း ဇော်တူးဂျာ (၂၆နှစ်) မိုင်းယုရွာ ကွတ်ခိုင်မြို့နယ်၊ မဘောက်ပါ (၄၅နှစ်) ရပ်ကွက် ၁ ကွတ်ခိုင်မြို့နယ်၊ ဇော်ယော် (၂၁နှစ်) မိုင်းယုကျေးရွာ ကွတ်ခိုင်မြို့နယ်၊ တူးအောင် (၃၉နှစ်) ပန်လော့ကျေးရွာ ကွတ်ခိုင်မြို့နယ်နေသူ လေးဦးတို့အား စိန်လုံရဲကင်းမှူးရဲအုပ် ထွန်းထွန်းဝင်းက ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံ ပစ္စည်းများကို တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် မိုးမောက်မြို့ မြို့မရဲစခန်းက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရင်ငြိမ်းပန်း(နမ့်ခမ်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
မုံရွာမြို့

လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် ၁/၂၀၁၄
၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်
(၂၀၁၄ခုနှစ် ဇွန် ၂၆ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီး/ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်(သစ်လွင်)ရာထူး(လစာနှုန်း-၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀) နေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

ရာထူး	လစ်လပ်	ပညာအရည်အချင်း
လက်ထောက်ဆရာဝန်	(၁၀၂)နေရာ	ဆေးပညာဘွဲ့ (MBBS) (၂၀၁၃ခုနှစ် ဒီဇင်ဘာလထိ ဘွဲ့ရရှိပြီး ဖြစ်ရမည်။)

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံထားရသည့် (MBBS) ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) ၃၁-၇-၂၀၁၄ရက်တွင် အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်း ဆေးလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။
(င) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၅-၇-၂၀၁၄ရက်အရောက် လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားရမည်။ ရေးဖြေစာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ဖြေဆိုရမည်။ လျှောက်လွှာပိတ်ရက် ၂၅-၇-၂၀၁၄ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေးငွေ ၅၀၀၀/-အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေစာရင်းအမှတ် MD-022102 သို့ ပေးသွင်းရမည်။

၅။ ရေးဖြေ၊ နှုတ်ဖြေ၊ စစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၇-၆-၂၀၁၃ရက်စွဲပါစာအမှတ် ၃၁၇/ရွေးချယ်ရေး(အဓိက)/၂၀၁၃ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ ရေးဖြေစာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ကျင်းပမည်။ ၂-၈-၂၀၁၄ရက် (စနေနေ့) ၁၀း၀၀နာရီတွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာများကိုလည်းကောင်း၊ ၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) ၁၀း၀၀နာရီတွင် အင်္ဂလိပ်စာဘာသာကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ၃၀-၇-၂၀၁၄ရက်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၄၁၇၀၊ ၀၇၁-၂၂၇၇၃၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန ဖုန်း-၀၇၁-၂၂၆၁၅၊ ၀၇၁-၂၂၇၁၅နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဖုန်း-၀၇၁-၂၂၉၇၂တို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇)ကျောင်းဆင်းအရာရှိများ

ညစာစားပွဲဖိတ်ကြားခြင်း

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇) ကျောင်းဆင်းအရာရှိများ၏ (၁၇)နှစ်မြောက် မိတ်ဆုံညစာစားပွဲအား ၁၁-၇-၂၀၁၄ရက် (သောကြာနေ့) ည ၆း၃၀ နာရီတွင် ဗဟန်းမြို့နယ်ရှိ M3 Food Center (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး) ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းအားလုံး(မပျက်မကွက်) တက်ရောက်ကြပါရန်။

လှိုင်ဘွား	ဖုန်း-၀၉-၅၀၈၅၇၃၇
အောင်ကျော်စိုး	ဖုန်း-၀၉-၅၁၈၆၈၉၆
ထင်အောင်လင်း	ဖုန်း-၀၉-၇၃၀၃၄၁၈၀
မင်းမင်းကျော်ဖုန်း	ဖုန်း-၀၉-၅၁၁၄၉၉၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးသိပ္ပံဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင် လေးထပ်စာသင်ဆောင်သစ်ဆောက်လုပ်ခြင်းနှင့်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၄ ရက်
တင်ဒါပုံစံပိတ်ရက်/အချိန် - ၃၁-၇-၂၀၁၄ ရက် (၁၆း၀၀)နာရီ

၃။ တင်ဒါစည်းကမ်းများနှင့် အချက်အလက်များကို သိရှိလိုပါက သူနာပြုနှင့် သားဖွားသင်တန်းကျောင်း မကွေးမြို့၊ ဖုန်း-၀၆၃-၂၆၀၇၄၊ ၀၉-၃၃၀၇၉၁၀၀ တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါ၍ အိတ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
၁။	Solar Power System	၇၃၅၀	တစ်အိမ်သုံးစနစ်

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁-၇-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၀-၇-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊
တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့၊
ဖုန်း-၀၇၁-၂၂၈၁၇၊ ၀၇၁-၂၄၃၁၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မန္တလေး မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာစီမံကိန်း ဇူလိုင်လကုန်တွင် စတင်ရောင်းချမည်

မန္တလေး ဇူလိုင် ၄

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နှင့်အောင်သာယာ ရပ်ကွက်များတွင် တည်ဆောက်လျက်ရှိသော တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်ပြီး စတင်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းကို ၂၀၁၃ စက်တင်ဘာတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခုဇူလိုင်လကုန်တွင် အပြီးအပ်မည်ဟုလည်း သိရသည်။ တန်ဖိုးနည်းအိမ်ရာရောင်းချမှုတွင် မြေကွက်မှား ဝယ်ယူမိသူများကိုပထမဦးစားပေးရောင်းချပြီး ပင်စင်စားအရာရှိများကို ဒုတိယဦးစားပေးရောင်းချမည်ဖြစ်ကာ တိုက်ခန်းတစ်ခန်းလျှင် ငွေကျပ်သိန်းတစ်ရာမကျော်သောနှုန်းထားဖြင့် ရောင်းချနိုင်ဖွယ်ရှိပြီး ရောင်းချမည့်အသေးစိတ်ပုံစံကို မန္တလေးတိုင်းဒေသကြီးအဖွဲ့မှ ထုတ်ပြန်မည်ဖြစ်သည်။

ယခုအချိန်တွင် တန်ဖိုးနည်းအိမ်ရာစီမံကိန်း တည်ဆောက်မှုသည် ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကာ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းနှစ်ခုအနက် အကွက်အမှတ် မမ-၁၅ရှိ မြေဧရိယာ ၅၇ ဒသမ ၉၃၈ ဧကပေါ်တွင် တည်ဆောက်ထားသည့် စီမံကိန်းတွင် အာရ်စီ ရှစ်ခန်းတွဲလေးထပ် ၂၇လုံး၊ အခန်းပေါင်း ၈၆၄ ခန်း ပါဝင်မည်ဖြစ်ပြီး အကွက်အမှတ် မမ ၂၆ရှိ မြေဧက ၃၇ ဒသမ ၀၇ ဧကပေါ်တွင် အာရ်စီလေးခန်းတွဲလေးထပ် ဆောင် ၃၀၊ အခန်း ၄၈၀ ပါဝင်မည်ဖြစ်ကာ စုစုပေါင်း ၁၃၄၄ ခန်းကို ကုမ္ပဏီပေါင်း ၃၇ ခုက တာဝန်ယူတည်ဆောက်နေကြခြင်းဖြစ်သည်။ ထိုစီမံကိန်းသည် မန္တလေးမြို့၌ ပထမဦးဆုံးဖော်ဆောင်သည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက မြရည်နန္ဒာနှင့် အောင်ပင်လယ်မှ မြေကွက်မှားယွင်း ဝယ်ယူမိသူများကို ဦးစားပေးရောင်းချသွားမည်ဟု သိရသည်။

မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာများတွင် ရဲစခန်း၊ ပန်းခြံ၊ ဈေး၊ စာသင်ကျောင်း၊ ရေတွန်းစက်၊ မီးသတ်စခန်း၊ ဆေးခန်း၊ ဘုန်းကြီးကျောင်း၊ ဆက်သွယ်ရေးရုံး၊ ဘတ်စ်ကားဂိတ်တို့ပါ ပါဝင်အောင် တည်ဆောက်ထားမည် ဖြစ်သဖြင့် မကြာမီကာလတွင် မန္တလေး မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းသည် ဖွံ့ဖြိုးစည်ပင်လာတော့မည်ဖြစ်ကြောင်းသိရသည်။ လူဦးရေတိုးတက်လာသည်နှင့်အမျှ မြို့ကြီးများတွင် လူနေသိပ်သည်းလာသောကြောင့် ယခုကဲ့သို့ တန်ဖိုးနည်းအိမ်ရာများ ဖော်ထုတ်ပေးခြင်းဖြစ်ကြောင်း၊ တန်ဖိုးနည်းအိမ်ရာများကို လူများစု တတ်နိုင်သော နှုန်းဖြင့် ရောင်းချပေးခြင်းဖြင့် နေထိုင်မှု ပိုမိုအဆင်ပြေစေမည်ဖြစ်ကြောင်း၊ တဲပေါ်မှ တိုက်ပေါ်တင်ရေးစီမံချက်အဖြစ် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို ဖော်ထုတ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

နွေနဒီ

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်

မြင်းခြံ ဇူလိုင် ၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရင်းမပျောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇူလိုင် ၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ရန်ပုံငွေများ မပျောက်ပျက်စေဘဲ တိုးပွားအောင် ဆောင်ရွက်သွားရန် အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကံချွန်က ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများမှ တက်ရောက်လာသူများက မရှင်းလင်းသည့် အချက်များကို ဆွေးနွေးမေးမြန်းရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီက ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်ကလည်း ယခုပေးအပ်သော မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို စံနစ်တကျစာရင်းအင်းများ မှတ်သားထားရှိရေး၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေရရှိသည့် ကျေးရွာများကလည်း မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ လုပ်ဆောင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးဦးကံချွန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နှင့် မြို့နယ်အထောက်အကူပြုအဖွဲ့မှ ဦးလှမြင့်တင်၊ ဦးနုချွန်၊ ဦးလှငွေတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာများဖြစ်သော ညောင်ဝန်းကျေးရွာ၊ တောင်ပုံကျေးရွာ၊ တည်ပင်ကျေးရွာ၊ ပျိုးကန်ကျေးရွာ၊ ကန်စွယ်ကျေးရွာများအားမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီများထံသို့ လွှဲပြောင်းပေးအပ်သည်။ ချေးငွေများကို ကျေးရွာများရှိ စီးပွားရေးလုပ်ငန်းငယ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဟု သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ညောင်တုန်း၌ အဘိဓမ္မာပြန့်ပွားရေးအသင်း နဝမအကြိမ်မြောက် ပရဟိတကုသိုလ်ပြုလှူဒါန်း

ညောင်တုန်း ဇူလိုင် ၄

ညောင်တုန်းမြို့ အဘိဓမ္မာအသင်းကြီးကကြီးမှူး၍ နဝမကြိမ်ကြိမ်မြောက် စုပေါင်းလှူဒါန်းခြင်းနှင့် ပဲခူးမြို့ အမှတ် (၁၇) ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းရှိ ဆင်းရဲနွမ်းပါး၍ ကျောင်းမနေနိုင်သော ကလေးငယ်၄၇၅ဦးတို့အား နံနက်စာနှင့် အလှူ ငွေကျပ် ၇၅၀၀၀၀ ပေးအပ်လှူဒါန်းခြင်းနှင့် ကျောင်းတိုက်ရှိ သံဃာတော် အရှင်သူမြတ်များအား ဆန်၊ ဆီ၊ ဆားနှင့် နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခြင်း အခမ်းအနားကို အဆိုပါကျောင်း တိုက်တွင် ဇူလိုင် ၁ ရက်က ကျင်းပသည်။

အဆိုပါ အဘိဓမ္မာပြန့်ပွားရေးအသင်းကို ၂၀၀၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဆရာတော်ဦးဇင္ဒိလ၊ ဦးဇဝနနှင့် ဆရာဦးမြင့်စိုးတို့က အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းဒေသနာတော်စသည်များကို စနေ၊ တနင်္ဂနွေနေ့တိုင်း ပို့ချပေးလျက်ရှိသည်။

ထို့အပြင် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ၊ လူငယ်တရားပွဲများ၊ ပရဟိတလူမှုကူညီရေးအဖွဲ့များကို ဖွဲ့စည်းပြီး နဝမအကြိမ်မြောက်အဖြစ် ကျိုက်ဝိုင်းမသန်စွမ်းကလေးပြုစုရေးဂေဟာ၊ လူငယ်သင်တန်းကျောင်း(ကျိုက်ဝိုင်း)၊ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း(ကျိုက်ဝိုင်း)၊ ပဲခူးဝေဠုဝန်ဘုန်းတော်ကြီးပရဟိတစာသင်ကျောင်း၊ မင်္ဂလာဒုံဝိုင်ယာလက် သန္တိသုခသီလရှင်စာသင်တိုက်နှင့် မြောက်ဥက္ကလာပ ပြည့်စုံအေးမဟာစည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဗီရို ၂၅ လုံး၊ သက်န်း၊ အဝတ်လျှော်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာ၊ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ စာအုပ်နှင့် ဘောလ်ပင် ဒါဇင် ၁၀၀ စီ၊ အဝတ်အထည်နှင့်အခြားလှူဖွယ်ပစ္စည်းများကို ဇူလိုင် ၁ ရက်က သက်ဆိုင်ရာဒေသများသို့ သွားရောက် လှူဒါန်းရာ အလှူငွေ စုစုပေါင်း ကျပ် ၆၆၅၉၁၀၀ ကို စုပေါင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရှုခင်းသာ၊ မြေကွက်အမှတ် ၁၂၆၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက၊ နှစ် ၆၀ ဂရန်မြေပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊ အမှတ် ၁၂၆ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ဖြူဖြူနိုင် ၁၃/လရန(နိုင်)၀၉၉၈၇၀ အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် / **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဥ်-၃၇၂၂၅) / **တရားလွှတ်တော်ရှေ့နေ(စဥ်-၇၃၄၁)**
အမှတ်၄၆၊ပထမထပ်(ဝဲ)၊မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၁၁၂၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)

မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ (၆)လမ်းတွင် နေထိုင်သော ဦးလှထွန်း၏သား မောင်စွမ်းရည်ပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၂-၁၉၉၇ ဖြစ်ပါသည်။

မောင်စွမ်းရည်ပိုင်

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁ကေ၊မြေကွက်အမှတ် V-၁၅၊ မြေကွက်တည်နေရာအမှတ် ၆၆၊ လိပ်ကန်လမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ် မောင်စိန်လှိုင်နှင့် မအေးသင်းအမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သည့် ဦးစိန်လှိုင်(ဖခင်)၊ ၎င်း၏ဇနီး ဒေါ်ခင်တင့်(မိခင်)၊ ၎င်းတို့၏သားတစ်ဦးဖြစ်သည့် ဦးမျိုးမင်းတို့ အသီးသီးကွယ်လွန်သဖြင့် (သမီး) ဒေါ်တင်ဦးလှိုင် ၁၂/မဂတ(နိုင်)၀၀၅၅၂၉၊ အမွေမမီမြေးများဖြစ်သော ဒေါ်ဝတ်ရည်ထွန်း(ခ)ဝတ်ရည်မျိုး ၁၂/ကမရ(နိုင်)၀၁၄၅၁၄၊ ဒေါ်စုလဲ့မွန် ၁၂/တမန(နိုင်)၁၀၅၈၀၃၊ ဒေါ်သုနန္ဒာအောင်၁၂/တမန(နိုင်)၁၁၅၅၅၃၊ (သား) ဦးညီညီလှိုင် ၁၂/မဂတ (နိုင်)၀၇၀၃၈၂တို့မှလည်းကောင်း၊ ကျန်အမည်ပေါက် ဒေါ်အေးသင်း (မိခင်)၊ ၎င်း၏ခင်ပွန်း ဦးမောင်မောင်လေး(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏အစုကို (သမီး)ဒေါ်စံလှမူ(ခ)ပင်စီစံလှမူ ၁၂/ရကန(နိုင်)၀၅၂၂၃၊ (သား) ဦးအောင်ကျော်မြတ် ၁၂/ရကန(နိုင်)၀၅၂၂၂၂တို့ကလည်းကောင်း အမည်ပေါက်များ၏ သားသမီးနှင့် အမွေမမီမြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် ၆၆၉၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် မြေကွက်အမှတ် ၆၆၆၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်နှစ်ကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဦးထွန်းရွှေ ၁၂/စခန(နိုင်)၀၁၅၈၄၉မှ ၎င်းလက်ဝယ်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အခြားတွင် လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံထားခြင်းများ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ	**ဒေါ်ခင်ဝင်းဖြူ**	**ဒေါ်ဝင်းဝင်းခိုင်**
B.A (Eng)., R.L	**LL.B., D.B.L**	**LL.B**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
(၂၄၂၅)	(၉၂၈၄)	(၃၂၀၅၅)

အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၃၀၈၈ Toyota RAV 4, ACA 21 S/W ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက်စိုး ၁၂/အလန(နိုင်)၀၂၁၉၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊
ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၁၉၆၃ Hero Honda M/C ယာဉ်လက်ဝယ်ရှိသူ ဦးကပ်ကျော် ၅/မမတ(နိုင်)၀၂၅၃၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(မုံရွာမြို့)

အသင့်နေထိုင်နိုင်သော ပြင်ဆင်ပြီးတိုက်ခန်း နှစ်ခန်း (မြေညီထပ် ၁၅'×၅၅') ရောင်းရန်ရှိသည်။

တစ်ခန်း-၅၅၀

အမှတ် ၅၂၊ ဇေယျာသုခလမ်း၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။

ဖုန်း-၀၉-၅၁၂၄၉၄၈၊
၀၉-၈၅၇၂၇၁၀

သဲစုပ်စက်လှေအမြန်ရောင်းမည်

၁၆ကျင်းပါ လက်ရှိအလုပ်လုပ်နေသော စက်လှေ အမြန်ရောင်းမည်။ ညှိနှိုင်းဈေး။

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၁၂၄၉၄၈၊
၀၉-၈၅၇၂၇၁၀

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ ပြည်လမ်းနှင့် လှည်းတန်းလမ်းဆုံရှိ လှည်းတန်းစင်တာ အိမ်ရာတွင် မူလနေထိုင်သူဖြစ်သော ဦးကျော်သူရ ၁၂/ကတတ (နိုင်)၀၂၅၃၇၃၊ ပဥ္စသိခ်တေးသံသွင်းမှ ဆိုင်ခန်းအမှတ် (၈)၊ ၅၁၄ဒသမ၁ စတုရန်းပေကို ပြန်လည် ရရှိခဲ့ပြီး ဒေါ်ခင်မာကြည် ၇/ရတရ(နိုင်)၀၇၈၈၈၀အမည်ဖြင့် ဦးကျော်သူရမှ ပိုင်ဆိုင်မှု ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် စီမံကိန်းဌာနခွဲသို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဖခင် အမည်မှန်	မလှိုင်မြို့နယ်၊ ကျောက်တန်းစံပြကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း ဆဋ္ဌမတန်း(က)မှ မချောသူဇာ၏ ဖခင်အမည်မှန်မှာ ဦးဌေးလွင် ၉/မလန(နိုင်) ၀၈၄၀၁၃ ဖြစ်ပါသည်။ **ဦးဌေးလွင်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆက်သွယ်ရေးတာဝါတိုင်သစ်များ တည်ဆောက်ပြီးစီး

ရေဦး ဇူလိုင် ၄

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန၊ MPT ၏ စီစဉ်မှုဖြင့် ၂၀၁၄ ခုနှစ် ဧပြီ ပထမပတ်မှ စတင်ပြီး ရေဦးမြို့နယ် ဆသရရုံးဟောင်းမြေနေရာနှင့် တင်းတိန်ရံ စံပြကျေးရွာဘူတာအနီး ကျေးရွာပိုင် မြေနေရာများ၌ တာဝါတိုင်အသစ် တည်ဆောက်ခဲ့ရာ အဆောက်အအုံနှင့် တာဝါတိုင် တည်ဆောက်မှုအပိုင်းများ ပြီးစီးနေကြောင်း သိရသည်။

"အရင်က အရေးအကြောင်းရှိလို့ ဖုန်းဆက်ချင်ရင် မြို့နယ်ဆက်သွယ်ရေးက လက်လှည့်ဖုန်းနဲ့ ချိတ်ပြီး တစ်ဆင့်ခေါ်ပြီးမှ ပြောလို့ရတယ်။ အဲဒီလိုဖုန်းတောင် တစ်ရွာလုံးမှာ တစ်လုံးပဲရှိတယ်၊ ဒီတစ်လုံးကလည်း လိုင်းကမကောင်းတော့ အဆင်မပြေဘူး၊ ခုနောက်ပိုင်းတော့ ၁၅၀၀ တန်ဖုန်းကတ်တွေ ချပေးလာလို့ လူတော်တော်များများ ဖုန်းကိုင်လာနိုင်ပေမယ့် တိုင်အရေးအတွက် မလုံလောက်တာကြောင့် သိပ်တော့ မကောင်းသေးဘူး၊ အခုလို တိုင်သစ်ဆောက်တာတွေ ပြီးရင်တော့ ဆက်သွယ်ရေး ပိုကောင်းလာမှာ ဆိုတော့ ဝမ်းသာပါတယ်"ဟု တင်းတိန်ရံ စံပြကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

ယခုအချိန်တွင် ရေဦးမြို့နယ်အတွင်း ဖုန်းအလုံးရေ နှစ်သောင်းကျော်ကို အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဖုန်းသုံးစွဲသူများအဆင်ပြေစေရန် တာဝါတိုင်များ ထပ်မံဖြည့်တင်း ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြည့်တင်းတည်ဆောက်ထားသော တာဝါတိုင်များ ပြီးစီးပါက တာဝါတိုင်တစ်ခုစီ၏ ငါးမိုင်ပတ်လည်အတွင်း၌ ဖုန်းလိုင်းများ ဖမ်းယူပြောဆိုနိုင်မည်ဖြစ်ပြီး လက်ရှိ ဆောက်လုပ်ပြီးသော တာဝါတိုင်စခန်းတွင် အင်ဂျင်နှင့်စက်ပစ္စည်းများကို ဩဂုတ်လတွင် အပြီးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ဆသရတာဝန်ခံ ဦးမြင့်ဇော်ကပြောသည်။

ယခုအချိန်တွင် တာဝါတိုင်တည်ဆောက်မှုလုပ်ငန်းများ အားလုံးပြီးစီးနေပြီဖြစ်ကာ စက်ပစ္စည်းများတပ်ဆင်ရန်သာ ကျန်ရှိတော့ ကြောင်းနှင့် ဩဂုတ်လအတွင်း အပြီးတပ်ဆင်မည်ဖြစ်သဖြင့် စက်တင်ဘာ လဆန်းမှစပြီး ရေဦးမြို့နယ်တွင် ဖုန်းလိုင်းများ ပိုမိုကောင်းမွန်လာတော့မည် ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

ဒန့်သလွန်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

မြို့သစ် ဇူလိုင် ၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဒန့်သလွန်ပင်အုပ်စု အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အထက်တန်းကျောင်းအဆင့်တိုးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၃၀ ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးချစ်သိန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြင့်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူနှင့် မြို့နယ်ပညာရေးမှူးတို့က အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်း အမိန့်စာအား မြို့နယ်ပညာရေးမှူးက ကျောင်းအုပ်ဆရာကြီးထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်းအထိမ်းအမှတ် အလံများအား တာဝန်ရှိသူများထံ ပေးအပ်သည်။ ဒန့်သလွန်ပင်ကျေးရွာ အထက်တန်းကျောင်းသည် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၂၀ ရွာမှ ကျောင်းသား ကျောင်းသူ ၆၆၈ ဦး တက်ရောက် ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်းဖြင့် အနီးဝန်းကျင်ရှိ ကျေးရွာ ၂၀ ရွာမှ ကျောင်းသူ ကျောင်းသားများအတွက် မိမိတို့နေအိမ်များမှ မကွာဝေးသော ပညာကို လွယ်ကူစွာ ဆက်လက်သင်ကြားခွင့် ရရှိလာမည်ဖြစ်ပြီး မိဘများအတွက်လည်း ပိုမိုအဆင်ပြေမည်ဖြစ်သည်။

ဇော်ဇော်(မြို့သစ်)

သတင်းတိုများ

သစ်ပင် စိုက်ပျိုးပွဲများ ကျင်းပ

ဘုတလင်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် သပြေပင်ကျေးရွာအုပ်စု မြောက်ကျီ အလက(ခွဲ) စာသင်ကျောင်းဝင်း၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ဇင်မာအေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း၍ ကျွန်းပင် ၅၀၊ ယူကလစ်ပင် ၂၀၀၊ မန်ကျည်းပင် ၅၀၊ မဟော်ဂနီ၊ အော်ရီးရှား၊ မဲဇယ်ပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သွန်းဝသန်**

ကွမ်းခြံကုန်းမြို့နယ်

အမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာအုပ်စု ကြခတ်ကျေးရွာအဝင် လမ်းဘေးဝဲယာ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထိုက်တင်ထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဇာနည်ထွန်းနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးအသင်းဝင်များ၊ ကျေးရွာသူ ရွာသားများ စုပေါင်း၍ မဲဇလီ၊ ယူကလစ်၊ မန်ဂျန်ရှား၊ မဟော်ဂနီနှင့်ကုက္ကိုပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **စိန်တိုး(ကွမ်းခြံကုန်း)**

မိုင်းကိုင်မြို့နယ်

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂ရက်က မိုင်းကိုင်မြို့ သမိုင်းဝင်စော်ဘွားကန်ရေဝေ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ သစ်တောဦးစီးအရာရှိ ဦးသက်နိုင်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ထွေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ တက်ရောက်၍ ကျွန်း၊ ခါတော်မီ၊ ယူကလစ်၊ ပနားမားငုံ၊ ရေသင်းဝင်၊ ရေတမာ စသည့်သစ်ပင်မျိုးစုံကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)၏ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက်က တက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ခေတ္တပါမောက္ခချုပ် ဒေါက်တာခင်ပြုံးနိုင်နှင့် ဆရာ ဆရာမများ၊ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးတင့်ခိုင်နှင့် သစ်တောဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ငုရွှေဝါ၊ ပိတောက်၊ မယ်ဇယ်၊ ကုက္ကိုနှင့် ယင်းမာစသည့် သစ်ပင်ပေါင်း ၂၀၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အေးမြ(မန္တလေး)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၆၀၊ ကွင်းအမည်အစုကြီးအနောက်၊ ဦးပိုင်အမှတ် ၅/၁၂-၇/၄၊ ဧရိယာ ၁ ဒသမ ၁၄ ဧကရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သင်းသင်းနွဲ့ ၁၂/စခန(နိုင်) ၀၀၂၄၅၈မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မိုး LL.B, D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၇)

ဦးမောင်မောင်မျိုးလှိုင် LL.B အထက်တန်းရှေ့နေ(စဉ်-၄၂၆၆၂)

အခန်းအမှတ် (B-6)၊ May Shopping Center (ပထမထပ်)၊
ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၂၆၆၁၄၊ ၀၉-၄၂၁၀၄၁၇၇၁

ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၇၉၇၃ ယာဉ်မှတ်ပုံတင် လက်ဝယ်ရှိသူ ဦးဝင်းကိုကိုဦး ၁၄/ဖပန(နိုင်) ၁၁၆၃၈၈ မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-H ၊ မြေကွက်အမှတ် ၈/ခ၊ ဧရိယာ ၀ဒသမ၀၉၈ ဧက၊ မြေကွက်တည်နေရာအမှတ် ၄၂၊ လမ်းသစ်လမ်း၊ အင်းစိန်၊ ဦးစောမောင်အမည်ပေါက် H (လိုင်စင်)မြေအား အမည်ပေါက် ဦးစောမောင်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ၁။ ဦးလှငွေး ၁၂/အစန(နိုင်)၀၃၀၀၅၃၊ ၂။ ဦးကျော်ထူး ၁၃/နခတ(နိုင်)၀၀၁၉၆၆၊ ၃။ ဒေါ်စန်းစန်းကြည် ၁၂/အစန(နိုင်) ၀၂၉၁၇၀၊ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်နိုင် (ကွယ်လွန်) သဖြင့် ဒေါ်တင်လှ ၁၂/အစန(နိုင်)၁၀၀၇၀၂ က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာနှင့် ထောက်ခံကတိပြုလွှာ အရပ်ကတိစာချုပ်များတင်ပြလျက်ပူတွဲ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၄ရပ်ကွက်၊ စကားဝါလမ်း၊ ခြံအမှတ် ၁၄နေ ဦးသန်းနိုင်(ခ) ဦးဟုတ်စိန်(ဘ)ဦးထွန်းမြင့်(ခ)အောင်ကုတ်ဘိန် ၁၂/လသန(နိုင်)၀၀၂၃၃၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အောက်တွင် ဖော်ပြထားရှိသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၇၂၂၄/၂၀၁၄ဖြင့် မှတ်ပုံတင်ထားရှိပြီး အဆိုပါ အမှတ်အသားဖြင့်ပင် မင်္ဂလာဝတ်စုံအမျိုးမျိုးငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ဝန်ဆောင်မှုအနေဖြင့် လက်ထပ်မင်္ဂလာနှင့်မင်္ဂလာပွဲဆိုင်ရာ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခြင်း၊ လက်ထပ်မင်္ဂလာဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးပေးအပ်ခြင်းစသည်တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

အဆိုပါတံဆိပ်အမှတ်အသားဖြင့် မိမိဆောင်ရွက်လျက်ရှိသော အထက်ပါဝန်ဆောင်မှုလုပ်ငန်းများတွင်လည်းကောင်း၊ ဖော်ပြပါအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်ထုတ်လုပ်ရောင်းချငှားရမ်းမည်ဖြစ်သော မင်္ဂလာဝတ်စုံအမျိုးမျိုးနှင့် ရိုက်ကူးသည့်ဓာတ်ပုံ၊ ဗီဒီယို၊ ၄င်းပစ္စည်းများကို ရောင်းချသည့်အရောင်းဆိုင်များ၏ ဆိုင်းဘုတ်၊ ထည့်သွင်းထုပ်ပိုးအသုံးပြုမည့် ချိတ်၊ ဗူး၊ သေတ္တာ၊ အိတ်၊ ပလတ်စတစ်အိတ်၊ စက္ကူအိတ်အပါအဝင် ထုပ်ပိုးပစ္စည်းစသည်အားလုံးတို့အပေါ်တွင်လည်းကောင်း၊ ယင်းလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသည့် ကုန်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းလုပ်ငန်းများတွင်လည်းကောင်း ကပ်နှိပ်ဖိနှိပ်၍ Trade Mark, Trade Name များအဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

တစ်ဖန် ဖော်ပြပါတံဆိပ်အမှတ်အသားကို အဆိုပါလုပ်ငန်းနှင့် ဆက်နွှယ်ပတ်သက်သော စာရွက်စာတမ်းများ၊ ဆိုင်းဘုတ်များ၊ ကြော်ငြာ၊ မဂ္ဂဇင်းဂျာနယ် သတင်းစာကြော်ငြာ၊ တီဗွီဖန်သားပြင်ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ Viny1 ကြော်ငြာ၊ အင်တာနက်ဆိုင်ရာကြော်ငြာ၊ ခေါင်းစီးကြော်ငြာ၊ ရုပ်ရှင်ဆလိုက်၊ LED Board ကြော်ငြာ၊ ဘလောက်တုံး ဒီဇိုင်းတံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ ဘောက်ချာအစရှိသည်တို့အပေါ်တွင်လည်း အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ရိုက်နှိပ်သုံးစွဲသွားမည်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B (စဉ်-၂၅၁၆၅)

ဦးအေးမင်းသူ LL.B (စဉ်-၂၆၁၉၉)

ရိုးမဘဏ်ဥပဒေအကြံပေး အထက်တန်းရှေ့နေများ
အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ရွှေမြင့်မိုရ်မိုးကုတ် ဝိပဿနာဓမ္မရိပ်သာကျောင်း (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ကျင်းပမည့်နေ့ရက် - ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက် (၁၉-၇-၂၀၁၄ ရက်) အာဇာနည်နေ့(စနေနေ့)

ကျင်းပမည့်နေရာ - ရွှေမြင့်မိုရ်ကျောင်း၊ အမှတ် (၁)ဝိုင်း၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့၊

သင်္ကန်းကပ်ရေစက်ချချိန် - နံနက် ၉ နာရီ

နံနက်စာကျွေးမွေးချိန် - နံနက် ၁၀း၃၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

ရွှေမြင့်မိုရ်ကျောင်းတိုက်၏ ယခုလတရားစခန်းပွဲကို ၂၀-၇-၂၀၁၄ရက်မှ ၂၇-၇-၂၀၁၄ရက်အထိ ကျင်းပပြုလုပ်ပါမည်။ (ရွှေမြင့်မိုရ်ဆရာတော်ကိုယ်တိုင် တရားဟောကြားပါမည်။)

ဆက်သွယ်စုံစမ်းရန် ဖုန်း-၅၇၁၂၅၈၊ ၀၁-၈၅၀၀၃၄၅၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၇၇၃၂၈

ရွှေမြင့်မိုရ်ကျောင်း ဒါယကာ ဒါယိကာမများ

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၀) သူရတပ်ခွဲ သူငယ်ချင်းများသို့

၁၁-၇-၁၉၈၁ရက်မှာ တပ်မတော်(ကြည်း)ဗိုလ်လောင်းသင်တန်းကျောင်း(မှော်ဘီမြို့)က ဆင်းခဲ့တဲ့ငါတို့သူငယ်ချင်းတွေလာမယ့် ၁၁-၇-၂၀၁၄ရက်မှာ (၃၃)နှစ်ပြည့်ခဲ့ပြီ။

(၃၃)နှစ်ပြည့် အမှတ်တရတွေ့ဆုံပွဲအစီအစဉ်ကို ပြုလုပ်ဖို့ ငါတို့ဒီလိုစီစဉ်ထားတယ်-

နေ့ဆွမ်းအလှူနှင့် အာစရိယပူဇော်ပွဲ	၁၃-၇-၂၀၁၄ နံနက် ၉း၀၀နာရီ (တနင်္ဂနွေနေ့)	ရွှေမင်းဝံသာသနရိပ်သာ အမှတ်(၇၈)သာသနရိပ်သာလမ်း အလယ်ရွှေဂုံတိုင် (ခြောက်ထပ်ကြီးဘုရားအနီး) ဗဟန်းမြို့နယ်
ရန်ကုန် တွေ့ဆုံညစာစားပွဲ	၁၂-၇-၂၀၁၄ ည ၁၈း၀၀နာရီ (စနေနေ့)	M3 Food Center ဗဟန်းမြို့နယ် (အာဇာနည်ဗိမာန်အနီး)
နေပြည်တော် တွေ့ဆုံညစာစားပွဲ	၁၉-၇-၂၀၁၄ ည ၁၈း၃၀နာရီ (စနေနေ့)	မန္တလေးယူနန်စားတော်ဆက် ရာဇဌာနေလမ်း၊ ပေါင်းလောင်း(၂)၊ နေပြည်တော်

နေ့ဆွမ်းအလှူကို သူငယ်ချင်းများနဲ့ဇနီးများ၊ ကျဆုံး/သေဆုံးသူငယ်ချင်းများရဲ့ဇနီးများပါ တက်ရောက်ပါရန်။

ဆက်သွယ်ရန်

မောင်မောင်ဝင်း	ဖုန်း-၀၉-၈၃၀၃၃၁၀	**မောင်မောင်ဟန်**	ဖုန်း-၀၉-၅၀၀၄၄၇၃
လှသွင်	ဖုန်း-၀၉-၅၂၀၂၁၁၈	**ယဉ်အောင်**	ဖုန်း-၀၉-၄၃၁၁၇၅၇၆
တင်မျိုးမြင့်	ဖုန်း-၀၉-၅၀၂၁၂၈၈	**လှိုင်မြင့်**	ဖုန်း-၀၉-၃၉၁၀၃၁၉၇
မြသန်းစံ	ဖုန်း-၀၉-၅၀၂၅၃၂	**ဇော်ကိုကို**	ဖုန်း-၀၉-၄၉၂၀၁၂၆၇

ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်းနှင့် မိုးကောင်းလမ်းထောင့်၊ အမှတ် ၁၁၂မြေပေါ်ရှိ ဆောက်လုပ်လျက်ရှိသော တိုက်အမျိုးအစား (E)တိုက်ခန်း၊ အမှတ် ၂၀၄၊ အကျယ်အဝန်း ၁၇၄၂ စတုရန်းပေရှိသည့် ရွှေမိုးကောင်းကွန်ဒိုဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချခွင့်ရှိကြောင်းကတိပြုသူ ဂရိတ်မာစတာ ဆောက်လုပ်ရေးကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးတုံချန်တာ(ခ)ဦးချမ်းသာထံမှ အပြီးအပိုင်ဝယ်ယူရန် ဦးသန်းထိုက် ၁၂/မဂဒ(နိုင်)၀၀၃၂၄၉မှ ကြိုပွိုင့်အနေဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ယနေ့ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ဥပဒေအရ လက်ခံနိုင်သည့် ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်အား စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဆွေမြင့် (တရားလွှတ်တော်ရှေ့နေ)
၁၀(က)၊ မြသီတာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၆)ရပ်ကွက်၊ ဂရုဏာလမ်း၊အမှတ် (၅၇၂)နေ ဦးဟာကင်၏သား ဦးစိန်ဝင်း(ခ)ဦးအီစတ်(စ်)နှင့် အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၃)လမ်း၊ အမှတ် (၅၁၅)နေ ဒေါ်မြမြအေး ၁၂/ဥကတ(နိုင်)၁၄၁၈၀၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးစိန်ဝင်းနှင့်ဒေါ်မြမြအေးတို့သည် (၂၅-၁၁-၁၉၈၇)ရက်က အစ္စလာမ်တရားတော်နှင့်အညီ ထိမ်းမြားမင်္ဂလာပြုလုပ်ခဲ့ပြီး ပေါင်းသင်းခဲ့ရာ သားသမီးလေးဦးထွန်းကားခဲ့ပါသည်။ ဦးစိန်ဝင်းနှင့်ဒေါ်မြမြအေးတို့ နှစ်ဦးပိုင်ပစ္စည်းများအဖြစ် အမှတ် (၅၇၂)၊ ဂရုဏာလမ်း၊ (၁၀၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ ပေ (၂၀×၆၀) နေအိမ်ခြံမြေနှင့် အမှတ်(၅၁၅)၊ မင်းရဲကျော်စွာ (၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပေ (၁၀×၆၀)နေအိမ် နှစ်လုံးသည် နှစ်ဦးရှာဖွေစုဆောင်းရသော ငွေကြေးများဖြင့် ဝယ်ယူထားသော အိမ်ခြံမြေများဖြစ်ပြီး အဆိုပါနေအိမ်နှစ်လုံး၏ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် ဂရန်မူရင်းသည် ဦးစိန်ဝင်း၏ လက်ဝယ်တွင်ရှိပါသည်။

ဦးစိန်ဝင်းနှင့်ဒေါ်မြမြအေးတို့သည် တရားဝင်အကြင်လင်မယားအဖြစ် ရပ်တည်နေပြီး လုံးဝကွာရှင်းပြတ်စဲခြင်းမရှိပါကြောင်း၊ ဒေါ်မြမြအေးသည်သာ ဦးစိန်ဝင်း၏တရားဝင်ဇနီးမယားဖြစ်ပါ၍ ဒေါ်မြမြအေး၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူကမျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

ဒေါ်မြမြအေး ၁၂/ဥကတ(နိုင်)၁၄၁၈၀၇၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရီရီသန့် LL.B, D.B.L, D.I.L, D.M.L	**ဒေါ်သီဂီအေး LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)	**အထက်တန်းရှေ့နေ(စဉ်-၄၃၀၉၆)**
ဖုန်း-၀၉-၄၃၀၆၆၁၆၄	**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ (၄)လမ်း၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**

ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး တောင်တော်ကြွံခိုင်ရန် ဆောင်ရွက်ခြင်း၊ ရင်ပြင်တော်တိုးချဲ့ခြင်း၊ ဓမ္မာရုံအသစ် တည်ဆောက်ခြင်း-လုပ်ငန်းကြီး(၃)ရပ်အတွက် (ပထမအကြိမ်) အလှူတော်ငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနား

ဖိတ်ကြားလွှာ

' သဒ္ဓါဖြူစင်၊ စေတနာရှင်တို့
ကြည်လင်စွာပြု၊ ကုသိုလ်မှုကို
သာစုခေါ်ကာ၊ ဂုဏ်ပြုပါသည်
ကမ္ဘာမိုးမြေသိစေသော်...... '

၁။ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ဂေါပကအဖွဲ့သည် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် တောင်တော်ကြွံခိုင်ရန်ဆောင်ရွက်ခြင်း၊ ရင်ပြင်တော်တိုးချဲ့ခြင်း၊ ဓမ္မာရုံအသစ်တည်ဆောက်ခြင်း လုပ်ငန်းကြီး(၃)ရပ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုလုပ်ငန်းကြီး(၃)ရပ် ပြီးစီးထမြောက်အောင်မြင်စေရန် စေတနာရှင်များသည် သဒ္ဓါထက်သန်စွာပေးလှူလျက်ရှိကြပါသည်။

၃။ ဂေါပကအဖွဲ့သည် စေတနာရှင်များ၏ သဒ္ဓါထက်သန်စွာပေးလှူမှုကို ဂုဏ်ပြုသောအားဖြင့် (ပထမအကြိမ်) အလှူတော်ပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ စေတနာရှင်များအား အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူတော်ပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပမည့်နေ့ရက် - ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် (၂၀-၇-၂၀၁၄ ရက်)တနင်္ဂနွေနေ့

အခမ်းအနားကျင်းပမည့်အချိန် - နံနက် ၈ နာရီ

အခမ်းအနားကျင်းပမည့်နေရာ - ကျားပုံမကောက်ဓမ္မာရုံ

သိရှိလိုသောအချက်များရှိပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၅၃-၂၅၁၈၀၊ ၀၅၃-၂၅၀၃၅

ဂေါပကအဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရွှေပြည်သာမြို့နယ် တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၃

ဒေါ်ငွေငွေ

နှင့်

၁။ ဒေါ်အေးအေး
၂။ ဒေါ်ပြုံးကြည်
၃။ ဒေါ်စန်းစန်းအေး
၄။ မောင်ညွှန့်လွင်
၅။ ဒေါ်အေးသန့်ဇင်
၆။ ဒေါ်အေးသန့်ဆွေ

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ (၅)တရားပြိုင် ဒေါ်အေးသန့်ဇင် (ဝန်ထမ်းအိမ်ရာ၊ အင်ဂျင်နီယာအခြေစိုက်သစ်လုပ်ငန်းဝင်း၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှေ့၊ အနောက်အုတ်ကျင်း၊ လှိုင်မြို့နယ်) (ယခုလိပ်စာမသိ)သူ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်ငွေငွေက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းစေရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန်လ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(သက်သက်ဦး)
တွဲဖက်မြို့နယ်တရားသူကြီး၊ ရွှေပြည်သာမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း(၁၂၀)၊ အမှတ် (၄၀)နေ ဦးဟာဆန်အလီ ၁၂/မဂတ(ဧည့်)၀၀၀၀၄၅၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၆၂/အေ)၊ နှုတ်ခမ်းမွှေးသိုက်ကွင်း၊ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်း၊ မြေအမျိုးအစား ၁၂ဒသမ၅၈ဧကကို ဒေါ်မြမြခင်ထံမှလည်းကောင်း၊ ထပ်မံ၍ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၆၂/အေ)၊ နှုတ်ခမ်းမွှေးသိုက်ကွင်း၊ စိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်း၊ မြေအမျိုးအစား ၁၅ဒသမ၁၄ဧကကို ဦးစိုးဝင်းထံမှလည်းကောင်း၊ လက်ရောက်လွှဲပြောင်းရယူပြီးဖြစ်၍ ဦးဟာဆန်အလီ ၁၂/မဂတ(ဧည့်)၀၀၀၀၄၅ ၏ အမည်သို့ ပြောင်းလဲမည်ဖြစ်ရာ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ မူရင်းစာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	**ဒေါ်အေးသန့်ဇင်**	**ဦးကိုကြည်**
LL.B, D.B.L, D.M.L,D.I.L PG.DPM (CAMBRIDGE)	**LL.B, LL.M, D.I.R , PG.DPM (CAMBRIDGE).**	**B.Sc, Dip.Aq, H.G.P, R.L, D.B.L, D.M.L., D.I.L, DIR, PG.DPM (CAMBRIDGE).**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
ဖုန်း-၀၉-၄၃၀၃၂၁၈၁	**ဖုန်း-၀၉-၄၃၀၉၀၀၃၄**	**ဖုန်း-၀၉-၄၂၁၁၂၄၀၂၂**

အမှတ် (၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းကွင်းအမှတ် ၁၄(ထန်းပင်ကုန်း/မြောက်)၊ မြေကွက်အမှတ် ၂၀/ခ၊ ဧရိယာ ၀ ဒသမ ၃၃ဧကရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၃(ဂ)၊ ဗိုလ်မြေလမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့ ဟုခေါ်တွင်သော နှစ်ထပ်နေအိမ်အကျိုးခံစားခွင့်များအား ပိုင်ရှင်ဟုအဆိုရှိသူ ဒေါ်သူဇာအောင် ၁၂/ဒဂန(နိုင်)၀၂၄၀၁၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လက်ရောက်လွှဲပြောင်းဝယ်ယူရန် ကတိစာချုပ်တစ်ရပ်ချုပ်ဆိုလျက် စရန်ငွေအချို့ပေးပြီးဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ယနေ့မှ ၁၀ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မြတ်ထွဋ် H.G.P., LL.B., D.A., D.O.S., B.D.S., WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၆/၈၇)
ရုံး-တိုက် ၉/၁၁ (ပထမထပ်)၊ အခန်း ၁၀၄(ဒီ)၊ ၃၆ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၉၂၂၈၁၄၆၊ ၀၉-၂၅၀၂၈၄၇၂၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်း/ငြိမ်းချမ်းရေးရပ်ကွက်၊ သီတာလမ်း၊ တိုက်အမှတ် ၂၉ ဟုခေါ်တွင်သော ခုနစ်ထပ်တိုက်၏ (ခေါင်းရင်းခန်း) တတိယထပ်တိုက်ခန်းတစ်ခန်းအား ပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်တင်တင်လှ ၁၂/ကမတ(နိုင်)၀၀၂၆၀၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ မရောင်းထိုက်၊ မဝယ်ထိုက်ဟု ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီလာခိုင်	**ဦးစန်းမောင်**	**ဦးသန်းစိုးထွန်း**
LL.B,D.B.L,WIPO, D.L.P,(Switzerland)	**LL.B,D.B.L**	**LL.B,D.B.L,WIPO, D.L.P,(Switzerland)**
(စဉ်-၃၂၇၀၄)	**(စဉ်-၃၁၇၃၄)**	**(စဉ်-၈၁၇၀)**
အထက်တန်းရှေ့နေများ		**တရားလွှတ်တော်ရှေ့နေ**

အမှတ် (၆၂) ပထမထပ်၊ အခန်း(၁၇)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၃၉၆၈

အများပြည်သူသိရှိရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၃)၊ လူနေရပ်ကွက်အမှတ် (၁၆/၃)၊ မြေကွက်အမှတ် (၃၆၂/ခ)၊ မြေဧရိယာ စတုရန်းပေ ၁၂၀၀ (အလျား ပေ ၆၀×အနံ ပေ ၂၀) အကျယ်အဝန်းရှိ နှစ် (၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်အမှတ်(၃၆၂)၊ ပြည်သာယာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (အုတ်ညှပ်နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံး အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ပိုင်ရှင် ဒေါ်အေးမြင့် ၁၂/သဃက(နိုင်)၀၂၂၉၇၃ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက်အောင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၈၁၆၇)
အမှတ် ၉/၁၁၊ ၁၀၂(စီ)၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၈၄၁၅၅၊ ၀၉-၄၂၁၀၉၂၆၂၀

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

တရားခွင် (၅)

၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀

ဦးသက်ဝေ(ခ)Jaisiyi **နှင့်** ဦးပါန်ဂရာလို

တရားလို **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ အကွက်အမှတ် ၅၀၆နေ ဦးပါန်ဂရာလို(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ အကွက်အမှတ် ၅၀၆၊ ဦးပိုင်အမှတ် ၃၊ ဧရိယာ ၀ ဒသမ ၀၄၉၁ ဧကနှင့် ဦးပိုင်အမှတ် ၄၊ ဧရိယာ ၀ ဒသမ ၀၃၄၄ဧကရှိ ဘိုးဘွားပိုင်မြေကွက်များနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များအတွက် ကတိအတိုင်း ရောင်းကြေးကျန်ငွေကို လက်ခံရယူပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လက်ရောက်ပေးအပ်စေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၃၁ ရက် (၁၃၇၆ ခုနှစ် ဝါခေါင်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

လှိုင်လင်ခရိုင် တရားမရုံး၌

၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂

ကွယ်လွန်သူ ဒေါ်နှင်းနှင်းဝေ ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်ခင်လှ **လျှောက်သူ**

လှိုင်လင်မြို့၊ ရပ်ကွက်(၃)၊ အနောက်မြို့ပတ်လမ်းနေ ဒေါ်ခင်လှက ကွယ်လွန်သူ ဒေါ်နှင်းနှင်းဝေ၏ မိခင်ဖြစ်သည်ဟူ၍ လှိုင်လင်မြို့၊ ရပ်ကွက်(၃)၊ အနောက်မြို့ပတ်လမ်းနေ ၎င်းကွယ်လွန်သူ ဒေါ်နှင်းနှင်းဝေမှာ ကျန်ရှိရစ်သော မြန်မာ့စီးပွားရေးဘဏ်၊ လှိုင်လင်မြို့၊ ငွေစုဘဏ်စာရင်းအမှတ် SW 005550 ရှိ လက်ကျန်ငွေပေါင်းကျပ် ၉၂၉၇၁၇၉ ကျပ် ၇၁ ပြားကို အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း။ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်နှင်းနှင်းဝေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ ခုနှစ် ဇူလိုင် ၃၁ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူဒေါ်ခင်လှ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဇွန် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိမော်)
ခရိုင်တရားသူကြီး
လှိုင်လင်ခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၈၈၃၊ KO (Ko-1) Jeep ယာဉ်လက်ဝယ်ရှိသူ ဦးသီဟ ၁၂/စခန (နိုင်)၀၆၂၆၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၄၈၉၊ မြေကွက်တည်နေရာအမှတ် ၄၈၉၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်မြင့် SWE -၀၁၁၈၄၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက်ဒေါ်ခင်မြင့် ကွယ်လွန်သဖြင့် ဦးမောင်မြင့် ၁၂/အလန(နိုင်) ၀၁၇၅၁၇က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၃၊ မြေကွက်အမှတ် ၁၈၂၊ အမည်ပေါက် ဒေါ်မာမာမြင့် ၉/မထလ(နိုင်)၀၁၇၉၂၃မှ မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နမ့်ခိုက်(တိုးချဲ့) ဦးပိုင်အမှတ် (၁၂၆၆)၊ ဧရိယာ ၀ ဒသမ ၀၉၆ ရှိ မြေဂရန်မြေကွက်အမည်ပေါက် ဗိုလ်မှူးချစ်ဟန်-ကြည်း-၁၃၃၀၄ ၏ မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ်(၈၇၄)၊ မြေကွက်တည်နေရာအမှတ် ၇လမ်း၊ ၉လမ်း၊ ရန်ကုန်သစ်၊ ဒေါ်မြင့်မြင့်အေးအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်အေး(မိခင်)နှင့် ဦးစိုးလှိုင်(ဖခင်)တို့ကွယ်လွန်သဖြင့် ဦးမင်းဟိန်းထွဋ် ၁၂/မရက(နိုင်)၁၄၈၃၇၀ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာအပိုင်း(၁)၊ မြေတိုင်းရပ်ကွက်အမှတ် ၁/က၊ မြေကွက်အမှတ် ၅၆၊ ဧရိယာ (၅၄၅၆) စတုရန်းပေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ခရေပင်ရိပ်မွန် (၇)လမ်း၊ အမှတ် ၅၆ ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင်ထံမှ SPအမှတ်-၂၂၁၆၈/၁၃ ရရှိထားသူ ဦးသန်းဝင်း ၉/မထလ(နိုင်)၁၇၅၇၈၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမွှော် (LL.B) **ဦးမျိုးသူရအောင်(စဉ်-၄၂၂၁၀) ဦးဝေယံဦး(စဉ်-၄၂၂၂၇)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄) **အထက်တန်းရှေ့နေများ**
အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း(ယခု-အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၂၊ မြေကွက်အမှတ် ၁၈၁(က)၊ ပေ (၂၅×၆၀) အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်သူ ဦးအုန်းမြင့် ၁၂/လကန(နိုင်) ၀၀၀၁၂၃ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်တင်တင်မွေး ၁၂/ဥကမ(နိုင်) ၁၄၀၄၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးကျော်ဦး LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၈၈)
အခန်း ၅၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၉၆၃၆

အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄)ရပ်ကွက်၊ ရွှေဟင်္သာ ၂ လမ်း၊ မြေကွက်အမှတ် ၁၆၅၁/က၊ ဧရိယာပေ (၂၀×၆၀) ဦးထွန်းမြင့်အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်လျက်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုံးမြ DGSKN-၀၀၂၅၅၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်အေးသူ ၁၂/လမန(နိုင်)၀၀၃၃၂၇မှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရောက်ရယူနေထိုင်ပိုင်ဆိုင်ပြီးဖြစ်ပါသည်။

အဆိုပါ ကျွန်ုပ်မိတ်ဆွေပိုင် မြေကွက်နှင့်ပတ်သက်၍ အမှန်တကယ်ပိုင်ဆိုင်လျက်ရှိသူ ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ မည်သူမျှဂရန်အမည်ပေါက်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ကျူးကျော်ခြင်းများ မပြုကြပါရန်နှင့် အထက်ပါတားမြစ်ချက်များအား ပြုမှုခဲ့ပါက ပြုမှုသူများအား သက်ဆိုင်ရာ တရားဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်မြတ်ညဏ် (ဥပဒေဘွဲ့) **ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)**
အထက်တန်းရှေ့နေများ
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ (၁)လမ်း၊ အိမ်အမှတ် (၆၅)၊ ကျောင်းလမ်းဟု ခေါ်တွင်သော နှစ်ခန်းတွဲ (B) ဘက်အခြမ်း၊ အကျယ်အဝန်း ($၁၂\frac{၁}{၂}$×၅၀) ပေ ရှိ မှန်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုသူ တော်ဝင်နန်းတော် ဆောက်လုပ်ရေးမှ ဦးစောနိုင်ဝင်း S/DGN MTT 008432 ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများ၊ စာချုပ်များဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်မျိုးသူ **ဦးသန်းငွေ**
(စဉ်-၂၇၈၉၀) **(စဉ်-၂၈၃၅၅)**
အထက်တန်းရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ် (၅၅)၊ ပထမထပ်၊ အခန်း (၁၅-က)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၃၀၃၃၀၉၁၁၊ ၀၉-၇၃၁၈၉၉၃၂

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဝင်ခနိမ်ကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာနေ ဦးဝင်းဦး ၇/နထက(နိုင်)၀၁၆၂၁၆၊ ဒေါ်စောသန်း ၇/နထက(နိုင်)၀၁၇၀၅၉တို့၏ သမီး မမြတ်နိုးဝေ (ခ)မိပုတ်သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ) **ဦးဝင်းဦး-ဒေါ်စောသန်း**

လိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

ဦးသိန်းလှိုင် (ဟင်္သာတမြို့)

အသက်(၆၃)နှစ်

၂၇-၄-၂၀၁၄ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသော ဦးသိန်းလှိုင် (ဟင်္သာတမြို့) အား နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်ချိန်အထိ ဂရုတစိုက် ပြုစုကုသပေးခဲ့သော အာရှတော်ဝင်ဆေးရုံမှ CCU, ICU, MRC မှ ဆရာဝန်ဆရာမများ ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အစမှအဆုံး ကူညီဆောင်ရွက်ပေးကြသော ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဟုန်စံစီ ဘုရားကျောင်း ဂေါပကလူကြီးများနှင့် လူငယ်များ၊ လူရေးအသင်းအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ နောက်ဆုံးခရီးအထိ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ တယ်လီဖုန်းဖြင့် ဝမ်းနည်းကြောင်း သတင်းမေးကြသော မိတ်ဆွေများနှင့် လှူဖွယ်ပစ္စည်းအစုစုကို ပေးပို့ကြသော မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လူမှုရေး လစ်ဟင်းမှုများရှိပါက နားလည်ခွင့်လွှတ်ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

ဇနီး-ဒေါက်တာ ခင်သန်းဝင်း
ညီမ-ဒေါက်တာ ခင်မျိုးထွေး
(ကလေးအထူးကုဆရာဝန်)
ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စန်းရီ

အသက်(၇၆)နှစ်

ဒုဗိုလ်မှူးကြီးသက်နိုင်-ဒုဗိုလ်မှူးကြီးဒေါ်ဝင်းမာအေးတို့၏ ကျေးဇူးရှင်မွေးမိခင် ဒေါ်စန်းရီသည် ၂-၇-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကလေးအထူးကုဆရာဝန်များ
တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းရီ

အသက်(၇၆)နှစ်

ဦးအောင်ခိုင်ထွေး Managing Director (Smile Happy Co.,Ltd.) နှင့် ဒေါ်အေးမိုးမိုးကြည်တို့၏ မိခင်ဒေါ်စန်းရီသည် ၂-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသက်စံနှင့်ဒေါ်သူဇာဝင်း
ALPHA POWER ENGINEERING Co.,Ltd. မိသားစု

(၁)လပြည့် လွမ်းဆွတ်သတိရခြင်း

မပွင့်မို့မို့ကျော် B.,S.c (Geology)

ဘူမိဗေဒဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်မြို့

(၅-၆-၂၀၁၄)မှ (၅-၇-၂၀၁၄)

အသက်(၂၃)နှစ်

ချစ်လှစွာသောသမီးကြီး ဖေဖေ၊ မေမေ၊ မောင်လေး၊ ညီမလေးတို့ကို ခွဲခွာသွားတာ တစ်လပြည့်သော်လည်း မိသားစုနှလုံးသားထဲမှာ တစ်ရက်မှမေ့လို့မရပါဘူး။ အပြစ်ကင်းပြီး စိတ်နှလုံးသားဖြူစင်တဲ့ သမီးကြီးအတွက် ရည်စူးပြုလုပ်နေတဲ့ ကောင်းမှုအစုစုတို့ကို ဒီသံသရာမှ လွတ်မြောက်စေဖို့ အထောက်အပံ့များဖြစ်ပါစေ ဘဝဆက်တိုင်းဆက်တိုင်း ဒီလိုဝဋ်ကျွေးဝေဒနာဆိုးများနဲ့ မဆုံပါစေနဲ့လို့ ဆုတောင်းပေးပါတယ် သမီးကြီးရယ်…

၅-၇-၂၀၁၄ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီတွင် သံဃာတော်အရှင်သူမြတ်များ ပင့်ဖိတ်၍ လလည်ဆွမ်းတရားနာယူပြုလုပ်မည့် ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ…

ချစ်သမီးကြီးရေ… အမျှ…အမျှ…အမျှ…

ဖေဖေ - ဦးကျော်ဆွေဝင်း (ဦးစီးအရာရှိ)
(လ·ဝ·က)ရန်ကုန်လေဆိပ်
မေမေ - ဒေါ်တင်တင်ခိုင်
မောင်လေး - ဇေရဲကျော်
ညီမလေး - စန္ဒီမှူးကျော်

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ကန်ထရိုက်တာဦးစံနီသွင် ၁၂/လမတ(နိုင်)၀၀၅၁၇၆ ဒေါ်လှမြင့် ၁၂/လမတ(နိုင်)၀၀၅၂၅၁(မှ) ဒေါ်မြမြ ၁၂/လသန(နိုင်)၀၁၀၆၉၄(မှ)	ဒေါ်ခင်လဲ့လဲ့အောင် ၉/ပမန(နိုင်)၁၁၆၂၆၉	အမှတ်(၁၀၄/၁၀၆)၊ လေးလွှာ(ဝဲ)၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကြော်ငြာ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ပြုံး (ဘီးလင်း)

အသက်(၉၈)နှစ်

ဘီးလင်းမြို့၊ ဘိုးရာဇာရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးစောမောင်-ဒေါ်သောင်းညွန့်)တို့၏သမီး၊ (ဦးသန်းတင်)၏ဇနီး၊ (ဦးပြေသိန်း)-ဆရာမ ဒေါ်စန်းရီဝေ၊ ရဲဗလမြင့်သန်း(မြို့နယ်မီးသတ်ဦးစီးမှူး၊ ငြိမ်း၊ စီမံဌာနမှူး၊ စက်မှုသုံးအရက်ပြန်စက်ရုံ၊ ဘီးလင်း၊ ဘီးလင်း မြို့နယ်ဖွံ့/ထောက် ကော်မတီဝင်)-ဒေါ်ခင်လေးမြင့်(မူအုပ်၊ ငြိမ်း)၊ ဗိုလ်ကြီးစိုးနိုင်(ငြိမ်း) (မွေး/ရေ ဝန်ကြီးဌာန)-ဒေါ်အေးအေးသန်း၊ ဒေါ်ဖြူဖြူဝင်းတို့၏မိခင်၊ ဒေါ်ဇင်မာဦး(အထပြ၊ အထက-ဘီးလင်း)၊ ဗိုလ်မှူးတင်သိန်း(ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်တင်တင်ဝေ၊ (ဗိုလ်ကျော်သူ)၊ ဗိုလ်ကြီးဇော်ဖြိုးဝေ-ဦးထွန်းလင်းသန့်၊ (ဦးဌေးအောင်-ဒေါ်ခင်နှင်းနှင်းထိုက်)၊ အရာခံဗိုလ်အောင်ဇော်မြင့် (ရုံးအုပ်၊ ၂၂၂ ထောက်ပံ့ရေးတပ်)-ဒေါ်ချိုချို၊ ဦးမင်းဇော်မြင့်-ဒေါ်အေးအေး၊ ဦးသန်းနိုင်-ဒေါ်ခင်သင်းသင်းထိုက် (သူဌေးချောင်းရေအားလျှပ်စစ်၊ သံတွဲ)တို့၏အဘွား၊ မြစ် ၁၀ယောက်တို့၏ဘွားဘွားကြီးသည် ၂၈-၆-၂၀၁၄ရက် နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဘီးလင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဟန်စိန် (ပုသိမ်)

အသက်(၈၀)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ မင်းမဟော်လမ်း၊ အမှတ် ၁၁၁နေ ဒေါ်လဲ့လဲ့၏ခင်ပွန်း၊ ဦးတင်ယု (လ/ထ ညွှန်မှူး) - ဒေါ်ချိုချိုဝင်း (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)၊ ဦးသိန်းဦး(ဇီဇဝါဆေးကုမ္ပဏီ)-ဒေါ်သီသီဟန်၊ ဦးခန္တီစာရ(ခ)ဦးဇော်မင်း၊ (ဦးဇော်လင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကျော်ကျော်မင်း (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်စန္ဒာဟန်၊ ဦးသုစိတ္တ(ခ)ဦးသိန်းဇော်၊ ဦးတင်အောင်မိုး-ဒေါ်စန်းသူဇာဟန်(စာရင်းကိုင်-၃၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)တို့၏ဖခင်သည် ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့)ညနေ ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာကျော်ဝင်းဖေ (သာယာဝတီ)

(မျက်စိအထူးကုဆရာဝန်ကြီး)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၃၊ သိမ်ဖြူလမ်းနေ (ဦးပုစိန်-ဒေါ်ကျင်မြိုင်)တို့၏သားကြီး၊ (ဦးအီဟန်)-ဒေါ်ကြည်တို့၏သားသမက်၊ ရွှေတိဂုံဘုရားလမ်းနေ ဦးရွှေထွန်း-ဒေါ်ကျင်ကီတို့၏တူ၊ ဒေါ်ခင်စန်းရင်၏ခင်ပွန်း၊ စွမ်းပေါ်မင်း-မမေဝင်းခိုင်၊ မောင်ကျော်မင်းဟန်၊ မထက်ထက်ဝင်းတို့၏ဖခင်၊ ဦးစံလင်း-ဒေါ်ကြူကြူဌေး၊ ဦးစံမင်း-ဒေါ်ဆွေဆွေရှမ်း၊ ဒေါက်တာဦးသိန်းဝင်း-ဒေါ်ခင်ယုလွင် (နှင်းစန္ဒာ သွားခံတွင်းဆေးခန်း၊ လသာ)၊ (ဦးစံဝင်း)-ဒေါ်ဂျူလိုင်သန်း၊ ဦးလှသန်း-ဒေါ်သန်းသန်းစိန်တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီးသည် ၂-၇-၂၀၁၄ရက် မွန်းလွဲ ၁၂း၁၉နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခိုင်မေဦး အသက်(၆၁)နှစ်

မန္တလေးမြို့၊ လမ်း ၃၀၊ ၈၅လမ်းထောင့်နေ (ဦးကျော်သန်းထွန်း)-ဒေါ်အေးလှိုင်တို့၏သမီး၊ ကသာမြို့နေ (ဦးခမ်းရွှေ-ဒေါ်မြကြည်)တို့၏သမီးချွေးမ၊ မန္တလေးမြို့နေ ဦးဘုန်းမြင့်-ဒေါ်သီတာဦး၊ ကိုအောင်ကျော်ဦး၊ မုံရွာမြို့နေ ဒေါက်တာသန်းတင့်အောင်-ဒေါ်မာလာဦး၊ နေပြည်တော်နေ ဗိုလ်ကြီးညွန့်လင်း (ငြိမ်း)-ဒေါ်နီလာဦး၊ မန္တလေးမြို့နေ ဦးခင်စိုး-ဒေါ်နွယ်နီဦးတို့၏အစ်မကြီး၊ ရန်ကုန်မြို့နေ ဦးဇော်ဝင်း-ဒေါ်အေမီသိန်း၊ ဦးတင်မောင်မောင်အုန်း-ဒေါ်လှလှ၊ ဒေါ်မြမြရွှေ၊ ဒေါ်ဌေးဌေးဝင်း၊ဦးချိုထွန်း-ဒေါ်စန်းစန်းဝေတို့၏ညီမ၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ ဒယ်လ်တာပလာဇာ၊တိုက် D-2၊ အခန်းအမှတ် ၂၀၄နေ ဗိုလ်မှူးမြင့်ဝင်း(ငြိမ်း) ရုံးအဖွဲ့မှူး(ငြိမ်း) လယ်/ဆည်ဝန်ကြီးဌာန၏ဇနီး၊ ဒေါက်တာပြည့်မြင့်ဝင်း၊ ကိုဖြိုးသီဟမြင့်ဝင်း-ဒေါက်တာဝင်းပြည့်စုံတို့၏မိခင်၊ မအိန္ဒြေဦး၏အဘွားသည် ၄-၇-၂၀၁၄ရက် ညနေ ၆း၃၀နာရီတွင် အလုံမြို့နယ် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခိုင်မေဦး

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ ဒယ်လ်တာပလာဇာ၊ တိုက် D-2၊ အခန်းအမှတ် ၂၀၄နေ ဗိုလ်မှူးမြင့်ဝင်း(ငြိမ်း)၊ ရုံးအဖွဲ့မှူး၊ လယ်/ဆည်ဝန်ကြီးဌာန(ငြိမ်း)၏ဇနီး၊ ဒေါက်တာပြည့်မြင့်ဝင်း၊ မောင်ဖြိုးသီဟမြင့်ဝင်း-ဒေါက်တာဝင်းပြည့်စုံတို့၏မိခင်၊ မအိန္ဒြေဦး၏အဘွားသည် ၄-၇-၂၀၁၄ရက် ညနေ ၆း၃၀နာရီတွင် အလုံမြို့နယ် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်မြင့်

အသက်(၇၄)နှစ်

(ဦးပါတွတ်-ဒေါ်စိန်နု)တို့၏သမီး၊ (ဦးဝင်းတင်၊ အကောက်ခွန်၊ ငြိမ်း)၏ဇနီး၊(ဦးငြိမ်းဖေ-ဒေါ်ညိုယဉ်)၊ (ဦးလှကြည်-ဒေါ်ငြိမ်းယဉ်)၊ (ဦးဟန်ကြည်-ဒေါ်ငွေမြင့်)၊ (ဦးဟန်ရှိန်-ဒေါ်စောကြည်)တို့၏ညီမ၊ ဦးငွေဘော-ဒေါ်စန္ဒာဦး၊ (ဦးမျိုးဝင်း)၊ (ဦးသန်းဝင်း၊ အကောက်ခွန်)၊ ဦးအောင်ဇော်မျိုး-ဒေါ်ဥမ္မာမြင့်တို့၏မိခင်၊ မောင်ကောင်းကျော်လင်း၊ မနှင်းနှင်းနိုင်တို့၏အဘွားသည် ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းဝင်း

(စိန့်မိုက်ကယ်ကျောင်းသားဟောင်း)

Sun Myanmar International Impex Co.,Ltd.

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးအထက်ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် ၈၈၊ A-4 လွှာနေ (ဦးဘသာ-ဒေါ်စောလှ)တို့၏သား၊ အုတ်ဖိုမြို့နေ(ဦးအောင်ငြိမ်း-ဒေါ်အုံးမြ)တို့၏သားသမက်၊ ဒေါ်အေးကြူ၏ခင်ပွန်း၊ မရည်မွန်ခိုင်၊ မောင်ထက်ကိုကို (DC, Monsoon Maritime Services) တို့၏ဖခင်သည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့)ည ၁၁း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်လှ(ဟသ်ာတ) အသက်(၉၁)နှစ်

သိမ်ကြီးဈေး (B) ရုံ

ဟသ်ာတမြို့နေ (ဦးကံ-ဒေါ်သီလှ)တို့၏သမီး၊ (ဦးမြ)၊ (ဦးသ)၊ (ဦးထွန်းစိန်-ဒေါ်ခင်ရှု)၊(ဦးသာဒင်-ဒေါ်တင်ညွန့်)၊(ဦးသန်းရွှေ-ဒေါ်အေးညွန့်)၊ (ဦးတင်လတ်-ဒေါ်တင်စိန်)တို့၏ညီမ၊ (ဒေါ်တင်ထွေး)၏အစ်မ၊ ရန်ကုန်မြို့၊ ၄၁/၈၊ ရွှေတောင်ကုန်းရိပ်သာ၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးသန်းတင်)-ဒေါ်ယဉ်ယဉ်၊ ဦးမြင့်သိန်း(Future Engineering Group)-ဒေါ်ချိုချိုကြည်၊ ဦးဌေးအောင်၊ ဦးခင်မောင်ဟန်(ဥက္ကဋ္ဌ၊ Future Engineering Group)-ဒေါ်ခင်သန်းဆွေ (ထိပ်ခေါင်တင်ဂါဝန်ဆိုင်၊ အမှတ် ၁၂၁၊ B ရုံ၊ သိမ်ကြီးဈေး)၊ ဦးဇေယျ(Shwe Myint Mo Aung Trading Co.,Ltd.)-ဒေါ်ကြူကြူနိုင် (Tokyo Fukushi University)တို့၏အဒေါ်သည် ၄-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည်

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်နေ ဦးအောင်ထွန်း-ဒေါ်အေးအေးနွဲ့၊ ဦးမျိုးမြင့်၊ ဒေါ်လှအေးမြင့်၊ ဦးအောင်သိန်း-ဒေါ်ခင်မြင့်ဝေ၊ ဦးမင်းဟန်-ဒေါ်အေးအေးနီတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၃-၇-၂၀၁၄ရက်(ကြာသပတေးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ရိုဒီဝင်း(ခ)

ဒေါ်ရိုဒီထွေး

သူနာပြုဆရာမကြီး(ငြိမ်း)

ဗဟိုအမျိုးသမီးဆေးရုံကြီး

ရန်ကုန်မြို့

အသက်(၇၅)နှစ်

မြောင်းမြမြို့နေ (ဦးဘိုးဝင်း-ဒေါ်လှဝင်း)တို့၏သမီး၊ (ဦးတင်မောင်ထွေး)၏ဇနီး၊ အင်္ဂလန်နိုင်ငံ Braintree မြို့နေ မအိအိထွေး - ကိုကျော်မိုးအောင်၊ မညိုညိုထွေးတို့၏မိခင်၊Anne-Marie Aung, Alexandra Aung တို့၏အဘွားသည် အင်္ဂလန်နိုင်ငံ Essex County, Chelmsford မြို့ရှိ Bromfield Hospital၌ ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၇-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅နာရီတွင် Braintree Baptist Church၌ ဝတ်ပြုဆုတောင်းပြီး Braintree သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးတင့် (ထားဝယ်)

အသက်(၈၆)နှစ်

ထားဝယ်မြို့၊ အိုးလုပ်ရပ်နေ(ဦးဘိုးစိန်-ဒေါ်ခင်လေး)တို့၏သား၊ (ဦးခင်မောင်ကြီး)-ဒေါ်ခင်ဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၄၆နေ(ဒေါ်ကျင်ရွှေ)၏ခင်ပွန်း၊ ဦးခင်မောင်စိုး-ဒေါ်မာလာ၊ ဦးခင်မောင်မြင့် (လေကြောင်းပညာသိပ္ပံ)-ဒေါ်မြင့်မြင့်ဝင်း(DCA)၊ ဒေါ်မာမာသန်း၊ ဦးဉာဏ်ဝင်း(နဝရတ်)-ဒေါ်မာမာချို၊ ဦးဝင်းတင့်-ဒေါ်ချိုမာဦး၊ ဦးသက်နိုင်-ဒေါ်မာမာအေး၊ ဦးစိုးမိုး (မြို့ပြ အင်/ယာ)-ဒေါ်စုစုနွယ်တို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ် လေးယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၄ရက် (သောကြာနေ့) နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်မြင့် (အလုံ)

သွား/ဆေးတက္ကသိုလ်(ငြိမ်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဦးလူကလေးလမ်း၊ အမှတ် ၂၃နေ(ဦးထွန်းကြိုင်-ဒေါ်အေးရီ)တို့၏သား၊(ဦးထွန်းအောင် - ဒေါ်သန်းကြွယ်)တို့၏ သားသမက်၊ဒေါ်သန်းဝင်း၏ခင်ပွန်း၊ ကိုခင်မောင်ကြီး (သင်္ဘောတင်ဌာန၊ မြန်မာ့သစ်လုပ်ငန်း)-မဇင်မာသန်း (United Pacific Co.,)၊ မသက်မာသန်း(ခ) မကဲကဲ(KAN Fashion)၊မောင်အောင်စည်သူ (ခေတ္တ-စင်ကာပူ)တို့၏ ဖခင်၊ မခိုင်မျိုးမျိုးဇင်၏အဘိုးသည် ၃-၇-၂၀၁၄ရက် ည ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးသောင်းဟန်

အသက်(၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့၊ ကန်တော်မင်္ဂလာလမ်းနေ (ဒေါ်တင်တင်)၏ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း-ဦးတင်လှိုင်၊ ဦးသိန်းလွင် (မြို့နယ်မီးသတ်ဦးစီးမှူး) - ဒေါ်နန်းဌေးဌေး (ကျောင်းအုပ်ကြီး၊ အလက-ခွဲ၊ နောင်ချိုမြို့)၊ ဦးတင်ကိုကို-(ဒေါ်လဲ့လဲ့ဝင်း)၊ ဒေါ်ခင်ညိုညို၊ ဒေါ်သန်းသန်းဝင်း-ဦးသန့်ဇင်၊ ဦးထွန်းမင်း-ဒေါ်သန်းလှတို့၏ဖခင်၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် သဲကုန်းမြို့မ သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောလေးမစ်

(R.I.T၊ ငြိမ်း)

အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကွင်းမွေး ၁လမ်းနေ (ဆရာတော်စောဘလေး - ဒေါ်မေနု)တို့၏ သား၊ ဒေါ်နော်ရိချယ် (ကျောင်းဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ နော်သောမူး-စောကိုးရေ၊ နော်မားသာ-ဦးဝင်းဌေး၊ နော်အယ်မူး-Koh Kwan Lau၊ နော်ခင်ချိုချိုငြိမ်း-စီသိန်းစီ၊ နော်ဂျဲနေမူး-မောင်ဇော်လင်းထွန်း၊ စောအိုင်းဇက်-နော်ကေသွယ်လင်း၊ နော်မေလျှံစိုး-စောကြည်လင်ဝူး၊ စောလောရင့်ထက်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၄-၇-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ပလောနဲမူးကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးမျိုးမြင့်

AB(Uniteam Marine Co.,Ltd.)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ ဇဋိလလမ်း၊ အမှတ် ၂၅ (ငါးလွှာ) ခေါင်းရင်းခန်းနေ (ဦးမြင့်မောင် - ဒေါ်ခင်ကြည်)တို့၏သား၊ ဒေါ်လှဝင်းကြည်၏ ခင်ပွန်း၊ ဦးသန်းထွန်း - (ဒေါ်အမာကြည်)၊ ဒေါက်တာအောင်ကျော်ထွဋ်-ဒေါ်လှလှတို့၏ညီ/မောင်၊ ဒေါ်သီတာမြင့်တို့၏ အစ်ကိုသည် ၄-၇-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၁၄ရက် ဤသတင်းစာပါ ကိုဝင်းမင်းအေး(ခ)ထော်ကြီး အသက်(၃၈)နှစ်နာရေး ကြော်ငြာတွင် (မအေးအေးမော်) အစား မအေးအေးမော်နှင့် (ရွှေအင်ကြင်းဖိနပ်) အစား (နယူးရွှေအင်ကြင်းဖိနပ်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်အေးရွှေ (မော်လမြိုင်)

အသက်(၁၀၀)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀မိုင်၊ မြကန်သာလမ်း၊ အမှတ် ၉၄နေ (ဦးရှိန်ဝမ်-ဒေါ်ငွေရီ)တို့၏ သမီး၊ (ဦးမောင်လွင်)၏ဇနီး၊ (ဦးဖေသန်း၊ မန်နေဂျာ၊ တိ/မွေးရှင်း)၊ (ဒေါ်စန်းစန်းအေး)၊ ဦးစိန်ဝင်း-ဒေါ်ညွန့်ညွန့်မေတို့၏မိခင်၊ မအေးအေးမြင့်၊ မခင်ရွှေဝါထွေးတို့၏အဘွားသည် ၄-၇-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်အေး

အသက်(၉၃)နှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ညောင်ရွှေမြို့နေ (ဥပဒေအမတ်ကြီး ဦးလူကြီး-ဒေါ်ခင်နှောင်း)တို့၏သမီး၊ (ပွဲစားကြီး ဦးကြွယ် - ဒေါ်ဒေါ်စော)တို့၏ သမီးချွေးမ၊ တောင်ကြီးမြို့နေ (ဦးမောင်မောင်လတ်-ဒေါ်ခင်မေ)၊ (ဒေါ်ခင်အုံး)တို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ် ၃၄၊ ဓမ္မစိန္တာလမ်းနေ (ဦးထွန်းအောင်၊ ညွှန်မှူး၊ ငြိမ်း၊ သမဝါယမဦးစီးဌာန)၏ဇနီး၊ ကျွန်းနံ့သာ အရှင်နန္ဒသီရိ (ပြင်သစ်ဆရာတော်)၏ ဒုတိယရဟန်းမယ်တော်၊ ရန်ကုန်မြို့နေ ဦးသိန်းနိုင်-ဒေါ်မြင့်မော်၊ ဒေါ်နုနုအောင်၊ ဦးမိုးကျော်၊ ဒေါ်မိမိခိုင်၊ ဦးမောင်မောင်မြင့် (ဒုလ/ထညွှန်မှူး၊ အမှတ်-၃၊ အကြီးစား စက်မှုလုပ်ငန်း၊ နေပြည်တော်)တို့၏မိခင်၊ ဦးကံကြီးမောင်၊ ဒေါ်မြမြတို့၏ကြီးကြီး၊ မောင်ထက်အောင် (ခေတ္တ-စင်ကာပူ)၏ အဘွားသည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်ဖုံ(ခ)ဒေါ်ကြေးမုံ

(လပွတ္တာ)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၉လမ်း၊ အမှတ် ၁၆၊ မြေညီထပ်နေ (ဦးအစိန် - ဒေါ်ရေး)တို့၏ သမီးကြီး၊ (ဦးတိုက်စံ)၏ဇနီး၊ ဦးသိန်းအောင်-ဒေါ်ကျင်ရီတို့၏အစ်မ၊ ဦးတင်ဝင်း-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်မြင့်မြင့်မော်၊ ဦးထွန်းဝင်း-ဒေါ်ခင်စန်းမြင့်၊ ဦးစိန်ဝင်း-ဒေါ်တင်တင်ငြိမ်း၊ ဦးစန်းနိုင်-ဒေါ်ချိုချိုစန်း၊ ဦးညီညီလွင်-ဒေါ်မြင့်မြင့်အေး၊ ဦးကျော်ဇေအောင်-ဒေါ်အေးအေးလွင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၄ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလွင်မောင်မောင်(မိတ္ထီလာ)

Guitarist (ယခင် Finger၊ သမန်းကျားတီးဝိုင်း)

အသက်(၆၂)နှစ်

အမှတ်၁၀၃၊အကောက်ခွန် ၄လမ်း၊ ၃၉-ဘီ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးမောင်ကို)-ဒေါ်တင်အေး (မိတ္ထီလာ)တို့၏ ဒုတိယသား၊ ဦးဝင်းမြင့်မောင်-ဒေါ်ဝါဝါတို့၏ညီ၊(ဦးဇင်မောင်မောင်-ဒေါ်ခိုင်ဇံဦး)၊ ဦးကိုကိုမောင်-ဒေါ်ထားသူဇာ၊ ဦးသက်လွင်-(ဒေါ်နီလာ)တို့၏ အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးလေးသည်၄-၇-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သက်တော်ရှည်ဆရာတော်ကြီး

ဘဒ္ဒန္တသာဂရ မဟာထေရ်

နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ ဆဋ္ဌသင်္ဂီတိကာရက ပါဠိဝိသောဓက၊ ရခိုင်ပြည်နယ်လုံးဆိုင်ရာ ပဋ္ဌမကျော်ဘွဲ့၊ နရမ်းပဝါရဏာဂိုဏ်းအုပ်

သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာ၊ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်နှင့် ပရိယတ္တိတက္ကသိုလ်ကျောင်းတိုက်တို့၏ ဦးစီးပဓာနဖြစ်တော်မူသော သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသာဂရ (နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ)သည် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၆ရက်) ၂-၇-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကာကလာပ်စံကျောင်းတော်တင် ပင့်ဆောင်ခြင်းနှင့် ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ပန်းမြောင်းကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သိမ်ဝဂိုဏ်းချုပ်ဆရာတော်

ဘဒ္ဒန္တကောဝိဒ မဟာထေရ်

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၂)ဝါ

သိမ်ဝဂိုဏ်း ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ညင်းထွေးရွာ၊ ညင်းထွေးတိုက်ကျောင်း၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)မဟာထေရ် မြတ် သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၂)ဝါသည်(၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) ၁၆-၆-၂၀၁၄ရက်(တနင်္လာနေ့)ည ၁၀း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် ပြာသိုလပြည့်နေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

နာယကဆရာတော်များနှင့်

တပည့်ဒါယကာ၊ ဒါယိကာမများ

ညင်းထွေးရွာ၊ ရေဖြူမြို့နယ်

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစောရစ်ချဒ် (Daddy) အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၅၁၇နေ (ဦးထွန်းဦး-နော်စံမယ်)တို့၏သားကြီး၊(နော်မြူးရီယယ်ကူး)၏ခင်ပွန်း၊ နော်အက်စတာ-ဦးသိန်းဇော်၊ ဦးစောမာဗီ (Asia Wing OPS)-နော်ဘဲညွန့်၊ နော်အယ်ဒီးနာ-Capt.စောရစ်ချတ်(Lizstar Co.,Ltd. S'pore)၊ ဦးစောဂျီးဇက် (Lizstar Co.,Ltd.)-နော်စီရင်းလူနီတို့၏ဖခင်၊ (စောဘိုဘိုဇော်)၊နော်ထက်ထက်ဇော်၊ နော်သဥ္စာဇော်၊ စောဗစ်တာ၊ နော်ဗီနိုဗီ၊ နော်ပစောထီး-ကိုကြည်ဇင်ဘို၊ စောကော်မူထော်၊ နော်ဆဲခူထီး၊ နော်ကွယ်ကပေါဖော၊ စောဘွယ်လူကွိတို့၏အဘိုး၊ နော် Sharon Zinbo ၏ဘိုးဘိုးကြီးသည် ၂-၇-၂၀၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့)နံနက် ၁၀နာရီတွင် ဖူးသာဖြူအောက်မေ့ဖွယ်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အမာ (မကွေးမြို့)

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန် ၅လမ်း၊ တိုက် ၁၁၊ အခန်း ၂၀၂နေ (ဦးဖိုးမြိုင်-ဒေါ်မြခင်)တို့၏သမီး၊ (ဦးတင်လှိုင်)၏ဇနီး၊ [ဦးစိန်ဝင်း(ရွှေတောင်မြို့)]၏ညီမ၊ ဦးမြင့်ခိုင်(အမေရိကန်သံရုံး)-ဒေါ်တင်တင်ဝင်း၊ ဒေါ်အေးအေးမာ(ဌာနမှူး၊ စီမံ၊ သမဝါယမတက္ကသိုလ်၊သန်လျင်)၊ ဦးဝင်းနိုင်(ကျောက်မျက်)-ဒေါ်ရှိန်းရှိန်း(အောင်တံခွန်ပွဲရုံ)၊ ဦးကြည်ဝင်းလှိုင်-ဒေါ်ခင်နီလာအောင်(ကလေးမြို့)၊ ဦးသိန်းတိုး (STAI Co., Ltd.) - ဒေါ်နန်းလွင်မိုး (ရွှေသဇင်)၊ ဦးဇော်မျိုးလှိုင်(Unilever)-ဒေါ်နီမာဝင်းမြင့်(ခက်ခက်)၊ ဦးမျိုးမင်းကြည်(MTM Shipping)-ဒေါ်နီလာလှိုင်တို့၏မိခင်၊ မအေးချမ်းမိုး၊ မခင်ဖြိုးစုလှိုင်၊ မောင်ဖြိုးသုတလှိုင်၊မောင်မျိုးသက်ပိုင်၊မသီရိခက်ဇော်တို့၏ဘွားဘွားကြီးသည် ၄-၇-၂၀၁၄ရက်(သောကြာနေ့)နံနက် ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ကျန်ရစ်သောရုပ်ကလာပ်အား ဆေးတက္ကသိုလ်(၁)သို့လှူဒါန်း၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကြင်စိုး

(အထက်တန်းရှေ့နေ)

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ ၉လမ်း၊ အမှတ် ၃၈၉နေ (ဦးတင်မောင်-ဒေါ်သိန်း)တို့၏ သား၊ (ဦးအောင်ခင်) - ဒေါ်တင်တင်တို့၏ သားသမက်၊ ဦးမြင့်ကြိုင်-(ဒေါ်ခင်ရွှေ)၊ ဦးမြအေး-ဒေါ်မူမူအေး၊ ဦးသိန်းအေး၊ ဦးငြိမ်းအေး-ဒေါ်အေးအေးလှိုင်တို့၏အစ်ကို၊ ကိုမြတ်ကျော်သူ(ကျော်တစ်လုံးနည်းပြ)၊ ကိုစိုးမင်းသူ-မမြင့်မြင့်စန်း၊ ကိုအောင်ထက်သူ-မစုစုနိုင်၊ ကိုထက်ဇော်သူ-မအေးမူစိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်သိန်းသိန်းဝင်း(M.O.G.E ၊ ငြိမ်း)၏ခင်ပွန်းသည် ၁-၇-၂၀၁၄ရက် (အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၄ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ယဉ်နု

B.Com (I.T) (1970 Batch)

စာရင်းစစ်မှူး(ငြိမ်း)

ကမာရွတ်မြို့နယ်(စာရင်းရုံး)

အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း ၁လမ်း၊ အမှတ် ၁၂နေ(ဦးမောင်မောင်-ဒေါ်မြရီ)တို့၏သမီးထွေး၊ (ဦးဟွန်းနား-ဒေါ်သန်းတင်)တို့၏ သမီးချွေးမ၊ (ဦးငွေသိန်း)-ဒေါ်စန်းခင်၊ ဦးထွန်းလှစံ-(ဒေါ်မြင့်မြင့်ရီ)၊ ဦးမြင့်ဆွေ-ဒေါ်အေးကျွေတို့၏ညီမ၊ (ဗိုလ်ခင်မောင်ညို)၏အစ်မ၊ ဒေါက်တာဇင်မေအေး (ကထိက၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်)၊ မောင်ဝေလင်းအေး (General Field Engineer Schlumberger Wire Line) တို့၏မိခင်၊ ဦးခင်စော (ဦးစီးအရာရှိ၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငြိမ်း)၏ဇနီးသည် ၃-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြည်သူ့လွှတ်တော် အစည်းအဝေး

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ထိခိုက်နစ်နာမှုများကိုကြပ်မတ်ရန် စောင့်ကြည့်လေ့လာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိ

စာ » ၇

အမျိုးသားလွှတ်တော် အစည်းအဝေး

တယ်လီဖုန်းတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

စာ » ၇

ပုဂံရှိစေတီပုထိုးများထိန်းသိမ်းရေးကူညီရန် ယူနက်စကိုနည်းလမ်း ရှာဖွေ

ဘာသာပြန်-ထန်ဆွင်း

ယူနက်စကိုသည် ပုဂံဒေသရှိ နာမည်ကြီးစေတီ၊ ပုထိုးများ ကာကွယ်ထိန်းသိမ်းရေးတွင် မြန်မာနိုင်ငံအား အကူအညီပေးရန် နည်းလမ်းရှာဖွေလျက်ရှိကြောင်း၊ ကျွမ်းကျင်သူပညာရှင်များသည် ပထမဦးစွာ အဆောက်အအုံ ၃၀၀၀ အား စာရင်းကောက်ယူရေးကိုကူညီမည်ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရရေးအတွက် သတ်မှတ်ချက်များအနက် တစ်ခုဖြစ်သည့် စေတီ၊ ပုထိုးများအား ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်ကိုလည်း ရေးဆွဲမည်ဖြစ်ကြောင်း၊ ၁၉၉၆ ခုနှစ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် လျှောက်ထားသော်လည်း ကာကွယ်ထိန်းသိမ်းရေး အစီအစဉ်မရှိသဖြင့် မအောင်မြင်ခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် စေတီ၊ ပုထိုးအများအပြားကို ပြုပြင်မွမ်းမံခဲ့ကြောင်း စသည်ဖြင့် ဇွန် ၂၈ ရက်ထုတ် ဆွစ်ဇာလန်သတင်းစာတစ်စောင်ဖြစ်သော Basler Zeitung က ရေးသားဖော်ပြသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေး နည်းဥပဒေထုတ်ပြန်

နေပြည်တော် ဇူလိုင် ၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၄၂ (က)အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ**ကို ဇွန်လ ၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၁၄ ဖြင့် ထုတ်ပြန်ထားပြီး အဆိုပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများအား www.ecd.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ ကာကွယ်ကုသမှုအတွက် အမေရိကန်က ဒေါ်လာရှစ်သန်းခန့် ထောက်ပံ့မည်

သတင်း-ဝေယံဦး

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုရှိနေဆဲဖြစ်ရာ ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး ရောဂါရှာဖွေရေးနှင့် ကုသရေးတို့အတွက် အမေရိကန်နိုင်ငံမှ အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး၊ ရှာဖွေရေးနှင့် ကုသရေးတို့အတွက် ၂၀၁၃ ခုနှစ်က အမေရိကန်ဒေါ်လာခြောက်သန်း ကူညီပံ့ပိုးပေးခဲ့သည်။ ထို့အတူ ယခု ၂၀၁၄ ခုနှစ်တွင်လည်း မြန်မာနိုင်ငံ၏ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ရှစ်သန်းပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး၊ ရောဂါရှာဖွေရေးနှင့် ကုသရေးတို့အတွက် အကုန်အကျသက်သာပြီး ထိရောက်သည့် အထောက်အကူပြု ပစ္စည်းများအား အမေရိကန်နိုင်ငံက ကူညီပံ့ပိုးခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကြောင့် သေဆုံးသူ များပြားလျက်ရှိပြီး မြန်မာနိုင်ငံလူဦးရေ၏ ၆၂ ရာခိုင်နှုန်းမှာ ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည့် နေရာဒေသများတွင် နေထိုင်လျက်ရှိသည်။ ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး အသိပညာပေးမှု၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်မှုများလည်း မြန်မာနိုင်ငံ ငှက်ဖျားရောဂါ ဖြစ်ပွားရာနေရာဒေသများတွင် ဆောင်ရွက်လျက်ရှိသည်။

ငှက်ဖျားရောဂါဖြစ်ပွားမှုသည် မြန်မာနိုင်ငံအပါအဝင် မဲခေါင်မြစ်ဝှမ်းတောင်ပိုင်းနိုင်ငံပေါင်း ခြောက်နိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှုန်း ရှိနေဆဲဖြစ်ပြီး သေဆုံးမှုနှုန်းလည်း မြင့်တက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေး ဝန်ကြီးဌာနကလည်း ငှက်ဖျားရောဂါ ဖြစ်ပွားမှုကျဆင်းရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

(မြန်မာ့အလင်း)

MFF Cup ရှုံးထွက်ပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များ ယနေ့စတင်မည်

သတင်း-ညီမြတ်သော်တာ ➤ ဓာတ်ပုံ-စိုးညွှန့်

ရန်ကုန် ဇူလိုင် ၄

MFF Ooredoo Cup 2014 ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်များကို ဇူလိုင် ၅ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ ယခု တတိယအဆင့်တွင် MNL အသင်းကြီးများပါဝင်လာသကဲ့သို့ ပွဲစဉ်ထွက်ပေါ်မှု အနေအထားအရလည်း အကြိတ်အနယ်ရှိမည့် ပွဲကောင်းများဖြစ်လာနိုင်ပေသည်။

တတိယအဆင့်ပွဲစဉ်များအဖြစ် ဇူလိုင် ၅ ရက်တွင် ပဒုမ္မာကွင်း၌ ကမ္ဘောဇနှင့် ဇွဲကပင်၊ စလင်းကွင်း၌ မြဝတီနှင့် မကွေး၊ ဇူလိုင် ၆ ရက်တွင် ပဒုမ္မာကွင်း၌ ဟံသာဝတီနှင့် Horizon၊ စလင်းကွင်း၌ ဧရာဝတီနှင့် ဇေယျာရွှေမြေ၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်နှင့် မနောမြေ၊ ဇူလိုင် ၇ ရက်တွင် ပဒုမ္မာကွင်း၌ ဆောက်သမ်းနှင့် ရတနာပုံတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲစဉ်များထဲမှ ကမ္ဘောဇ-ဇွဲကပင်၊ ဧရာဝတီ-ဇေယျာရွှေမြေ၊ ချင်း-မနောမြေပွဲစဉ်များသည် အကြိတ်အနယ်ရှိနိုင်ပြီး ရှုံး/ထွက် ပြိုင်ပွဲဖြစ်သောကြောင့် မထင်မှတ်သည့် ရလဒ်များလည်း ထွက်ပေါ်လာနိုင်ပေသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❁

ကမ္ဘောဇနှင့်ဇွဲကပင်တို့ အမှတ်ပေးပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်
ခေမာသီလမ်းမကြီး ပေ (၂၀×၆၀)
နှစ်ထပ်တိုက်သစ်
ဖုန်း-၀၉-၅၄၁၀၀၁၉၊
၀၉-၂၅၀၄၀၁၆၄၈

သစ်မွေး

မျိုးကောင်းမျိုးသန့်ပျိုးပင်ရမည်
(အရောက်ပို့စနစ်)
Shwe Bagan Group
ဖုန်း-၀၉-၄၅၀၀၃၇၉၁၂

ဖြူးမဟာစည်ရိပ်သာ(ရန်ကုန်)
စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီးတည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ ကမာရွတ်ဘူတာရုံအနီးရှိ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြမည့် ဖြူးမဟာစည်ရိပ်သာများ၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (M.A., Ph.D) ဓမ္မာစရိယ၊ ဓမ္မကထိက ကမ္မဋ္ဌာနစရိယနှင့် သံဃာတော်များ၊ ပင့်သံဃာတော်အရှင်သူမြတ်များတို့အား ရိပ်သာအကျိုးတော်ဆောင်အဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က (၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်(၁၂-၇-၂၀၁၆ရက်)စနေနေ့ နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ ဒါယိကာမများ၊ ယောဂီသူတော်စင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝေယျာဝစ္စအလှူဒါနအစုစုတို့ကို ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၃၃၆၅၀၈၅၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ရုပ်ရှင်အဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့တွင် အသုံးပြုရန်အတွက် ဆင်ဆာလက်မှတ်အသေး(Wood Free)(Sticker) (၁.၅"×၁.၂")အရွယ်အစားဆင်ဆာလက်မှတ်(Sticker)ခုရေ(၁၈၀၀၀၀၀၀)(သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ကို ပြုလုပ်တင်သွင်းရန်အတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၇-၇-၂၀၁၆ ရက်မှ ၁-၈-၂၀၁၆ ရက်ထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

(ခ) **တင်ဒါတင်သွင်းရန်နေရာ** - မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

(ဂ) **တင်ဒါတင်သွင်းရမည့်ရက်** - ၄-၈-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အိတ်ဖွင့်တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များသိရှိလိုပါက မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ဖုန်း-၀၁-၅၃၅၂၄၂၊ ၀၁-၅၃၅၀၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့

ရွှေတိဂုံစေတီတော်
ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်များနှင့် သီလခံယူပွဲများကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ယခု(၁၃၇၈ခုနှစ် ဝါဆိုလပြည့်နေ့) ၁၁-၇-၂၀၁၆ရက်မှ (သီတင်းကျွတ်လပြည့်နေ့) ၈-၁၀-၂၀၁၆ရက်အထိ ဝါတွင်းသုံးလ၌ မြတ်ဗုဒ္ဓ၏ မမေ့အပ်ရာ နေ့ထူးနေ့မြတ်အခါတော်နေ့ အခမ်းအနားများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲ တော်များကို ဂေါပကအဖွဲ့ကကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်ရာ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာအခါတော်နေ့အခမ်းအနားများနှင့် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူ ပူဇော်ပွဲအခမ်းအနား၊ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့ အခမ်းအနား၊ ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲအခမ်းအနားနှင့် (၂၁)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနား၊ တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မအခါတော်နေ့အခမ်းအနား၊ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာအခါတော်အခမ်းအနားနှင့် သီတင်းကျွတ်မီးထွန်းပွဲတော်အခမ်းအနားများ ကျင်းပမည်ဖြစ်သည့်အပြင် ဝါဆိုလပြည့်နေ့မှစ၍ ကြားရက်ဥပုသ်နေ့များအပါအဝင် သီတင်းကျွတ်လပြည့်နေ့အထိ ဘုရားဖူးပြည်သူများအနေဖြင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်နိုင်ရန် သီလခံယူပွဲများကျင်းပရန် စီစဉ်ထားရှိပါကြောင်းနှင့် ရဟန်းရှင်လူပြည်သူအများပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့



မိဘအမည်မှန်

ရွှေပေါက်ကံ အလက (၁၀)၊ အဋ္ဌမတန်း(C)တွင် ပညာသင်ကြားနေ မဇင်မေထက်၏ မိဘအမည်ရင်းများမှာ ဦးစိုးနိုင်ထွန်းနှင့် ဒေါ်ချိုချိုလွင်တို့ဖြစ်ပါသည်။

ဦးစိုးနိုင်ထွန်း-ဒေါ်ချိုချိုလွင်

SEVEN စံ

မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား? SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက်ငွေပေးချေသည်။

ပွဲခလုံးဝ မယူပါ
ဖုန်း-၀၁-၂၀၅၇၄၈၊
၀၉-၃၃၃၃၃၅၁၄၊
၀၉-၃၁၉၅၈၉၅၈

မှော်ဘီဥယျာဉ်လယ်မြေရောင်းမည်

ဆပ်သွားတောကားလမ်းပေါ် ၃ဒသမ ၂၇ဧက
တစ်ဧကသိန်း (၁၀၀၀)

ဖုန်း-၀၁-၅၂၂၄၂၈၊ ၀၉-၄၀၀၄၅၆၇၈၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ လှည်းရိုးရပ်တွင် နေထိုင်သူ (၁)ဒေါ်လှစန်းကြည်၊ (၂)ဦးခင်မောင်ဝင်း၊ (၃)ဦးစိုးကျော်နှင့်သက်ဆိုင်သူ
အများသိစေရန် သတိပေးကြော်ငြာ

၁။ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက်၊ နတ်စဉ်လမ်း၊ အမှတ်(၂၃)တွင် နေထိုင်သူ (၁)ဦးသောင်းတန် ၁၃/ကလန(နိုင်)၀၆၃၃၉၉၊ (၂)ဦးကျော်စိုးဝင်း ၁၃/ကလန(နိုင်)၀၇၄၉၃၈ ညီအစ်ကိုနှစ်ဦးတို့၏ တာဝန်ပေးချက်အရ အထက်အမည်ပါပုဂ္ဂိုလ်များနှင့် သက်ဆိုင်သူအများသိစေရန် ကြေညာအပ်သည်မှာ-

၂။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသောင်းတန်နှင့် ဦးကျော်စိုးဝင်းတို့၏အဘိုး ဦးမြ(ဓနုလူမျိုး၊ ဗုဒ္ဓဘာသာ)ဖြစ်သူသည် အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက်၊ ဦးပိုင်အမှတ် ၃၁၊ ကွင်းအမှတ် ၃၃/၁၄၂၊ ၃၃/၁၄၃၊မြေအကျယ် ၁ ဒသမ ၂၃၅ ဧကခန့် မြို့မြေအမျိုးအစားမြေကွက်ကြီးနှင့် အောင်ပန်းမြို့၊ လွယ်မော်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၀၊ လွယ်မော်အရှေ့ကွင်း၊ ဧရိယာ ၁ ဒသမ ၅၀ ဧကခန့်ရှိ ယာမြေကွက်ကြီး တစ်ကွက်ကို အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဘိုးဦးမြသည် ၂၅-၇-၁၉၈၇ ရက်၌ ကွယ်လွန်သွားပါသည်။

၃။ အဘိုးဦးမြသည် အဘွားဒေါ်အေးမယ်နှင့်ပေါင်းဖက်၍ သမီးဒေါ်လှကြည်နှင့်သား ဦးဘသောင်းတို့ကို မွေးဖွားပါသည်။ ဒေါ်လှကြည်သည် ကျွန်ုပ်တို့၏မိတ်ဆွေ (၁)ဦးသောင်းတန်၊ (၂)ဦးကျော်စိုးဝင်းတို့၏မိခင်ဖြစ်ပါသည်။ ဒေါ်လှစန်းကြည်သည် ဦးဘသောင်း၏ ဒုတိယဇနီးဖြစ်၍ (၁)ဦးခင်မောင်ဝင်း၊ (၂)ဦးစိုးကျော်တို့မှာ ဦးဘသောင်း၏ ပထမဇနီးဒေါ်တင်မြင့်မှ မွေးဖွားသူများဖြစ်ကြပါသည်။ ယခုအချိန်တွင် ဦးမြ၊ ဒေါ်အေးမယ်၊ ဒေါ်လှကြည်၊ ဦးဘသောင်းနှင့် ဒေါ်တင်မြင့်တို့မှာ ကွယ်လွန်သွားကြပြီးဖြစ်ပါသည်။

၄။ အဘိုးဦးမြ ကျန်ရစ်သည့်အထက်စာပိုဒ်(၂)ပါ မြေကွက်ကြီးနှစ်ကွက်ကို ဒေါ်လှကြည်က တစ်ဝက်တိတိနှင့် ဦးဘသောင်းက တစ်ဝက်တိတိ အမွေဆက်ခံခဲ့ကြရာ ဦးဘသောင်း၏ဒုတိယဇနီး ဒေါ်လှစန်းကြည်နှင့် ပထမဇနီးဒေါ်တင်မြင့်မှမွေးသော (၁)ဦးခင်မောင်ဝင်း၊ (၂)ဦးစိုးကျော်တို့သည် ဦးဘသောင်း၏အမွေဝေစုကို ရယူထားသည့်အပြင် ဒေါ်လှကြည်၏အမွေဝေစုကို သားနှစ်ဦးဖြစ်သည့် (၁)ဦးသောင်းတန်နှင့် (၂)ဦးကျော်စိုးဝင်းတို့ကို ခွဲဝေပေးခြင်းမရှိဘဲ ကိုယ်တိုင်ရယူထားခြင်း၊ အခြားသူများသို့ တရားမဝင်လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းခြင်း ပြုလုပ်လျက်ရှိသည်ဟု သိရှိရပါသည်။

၅။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသောင်းတန်နှင့် (၂)ဦးကျော်စိုးလင်းတို့သည် ကွယ်လွန်သူ အဘိုးဦးမြနှင့် မိခင်ဖြစ်သူ ဒေါ်လှကြည်ကျန်ရစ်သည့် အမွေပစ္စည်းမြေကွက်ကြီး နှစ်ကွက်ထဲမှ တစ်ဝက်တိတိကို အမွေအုပ်ထိန်းခွင့်သက်သေခံလက်မှတ်စာနှင့် စီမံခန့်ခွဲခွင့်အမိန့်ရယူပြီးနောက် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်း၊ သူတစ်ပါးလက်ရောက်မြေကွက်အစိတ်အပိုင်းများကို ပြန်လည်လက်ရောက်ရလိုမှုစွဲဆိုခြင်း ပြုလုပ်သွားတော့မည်ဖြစ်ရာ (၁)ဒေါ်လှစန်းကြည်၊ (၂)ဦးခင်မောင်ဝင်း၊ (၃)ဦးစိုးကျော်တို့သည် အဆိုပါမြေကွက်ကြီး နှစ်ကွက်အတွင်းမှ ဒေါ်လှကြည်ပိုင်ဝေစုကို အခြားသူများသို့ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းမပြုလုပ်ရန် ကျွန်ုပ်တို့မှတစ်ဆင့် သတိပေးတားမြစ်လိုက်သည်။ အများပြည်သူတို့အနေဖြင့် မြေကွက် ရောင်းမှား/ဝယ်မှားမဖြစ်စေရန် သတိထားကြစေရေးကိုလည်း အထူးသတိပေးတားမြစ်လိုက်ရပါကြောင်း အများပြည်သူသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဥပဒေကြံချက်အရ-

၁။ ဦးကြည်ထွန်း(စဥ်-၆၁၇၃)	**၂။ ဦးလှမြင့်(ဒဂုံ)(စဥ်-၉၀၁၂)**	**၃။ ဦးလှမြင့်(မိုးယံ)(စဥ်-၇၇၇၇)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
ဖုန်း-၀၉-၅၀၇၅၁၇၁၊	**ဖုန်း-၀၉-၅၀၃၁၈၁၀၊**	**ဖုန်း-၀၉-၄၃၁၁၀၈၇၈**

အမှတ်(၇)၊ မြေညီထပ်၊ ၃၃လမ်း(အောက်)၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အမည်မှန်

ဖားကန့်မြို့၊ မော်ဝမ်းရပ်ကွက်၊ အလက၊အဋ္ဌမတန်း(B)မှမောင်အောင် ဝမ်း၏ အမည်မှန်မှာ မောင်ဒွမ်ဇော်ခေါင်ဖြစ်ပါသည်။

မောင်ဒွမ်ဇော်ခေါင်

ဖခင်နှင့်မိခင်အမည်မှန်

ဖားကန့်မြို့၊ မော်ဝမ်းရပ်ကွက်၊ အလက၊ အဋ္ဌမတန်း(B)မှ မောင်ဒွမ်ဇော်ခေါင်၏ ဖခင်အမည်မှန်မှာ ဦးဒွမ်တူးဂျာ ၁/မညန(နိုင်)၀၅၈၉၄၃ဖြစ်ပြီးမိခင်အမည်မှန်မှာ ဒေါ်ထုရော် ၁/မကန(နိုင်)၀၀၃၆၀၇ ဖြစ်ပါသည်။

ဦးဒွမ်တူးဂျာ

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇(သမိုင်း)၊ မြေကွက်အမှတ် ၂/က၅/၂၊ ဧရိယာ ၀ဒသမ ၁၀၁ဧကရှိ မြေကွက်[ယင်းမြေကွက်ကို မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ သံလွင်သစ်ခွလမ်း၊ အမှတ်-၂/A/၁ဟုခေါ်တွင်ပါသည်။] ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မာလာဝင်း ၁၂/မဂတ(နိုင်)၀၀၃၃၇၁ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် LL.B — **ဦးမျိုးသူရအောင် (စဥ်-၄၂၂၁၀)၊ ဦးဝေယံဦး (စဥ်-၄၂၂၂၇)**
တရားလွှတ်တော်ရှေ့နေ(စဥ်-၄၃၁၄) — **အထက်တန်းရှေ့နေများ**

အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
၁။	1(Q)Office Equipments/Local Purchase/IRR/2014-2015	Office Equipments (4)Items
၂။	2(Q)Survey Equipments/Local Purchase/IRR/2014-2015	Survey Equipments (3)Items

၂။ အဆိုပါအိတ်ဖွင့်တင်ဒါကို ၃၁-၇-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီတွင် နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၁၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ပင်မသုံးထပ်စာသင်ဆောင်တည်ဆောက်ခြင်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါတက္ကသိုလ်များတွင် ပင်မသုံးထပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က)	နည်းပညာတက္ကသိုလ်(သန်လျင်)	ပင်မသုံးထပ်တိုးချဲ့စာသင်ဆောင် (သံကူကွန်ကရစ်) Basement အပါအဝင် (၉၄၂၀၆ စ/ပေ)
(ခ)	နည်းပညာတက္ကသိုလ်(မန္တလေး)	မူလပင်မသုံးထပ်စာသင်ဆောင်၏ ရှေ့မျက်နှာစာဘယ်/ညာနှစ်ဖက်တွင် တစ်ဖက်(၄၀၀၀ စ/ပေ) ဝန်းကျင်ခန့်ရှိ နှစ်ဖက်အတွက် စုစုပေါင်း(၈၀၀၀၀ စ/ပေ) သံကူကွန်ကရစ်ပင်မသုံးထပ်စာသင်ဆောင် တည်ဆောက်ခြင်း(မူလပင်မဆောင်နှင့် လိုက်ဖက်ညီသော ဗိသုကာဒီဇိုင်းပုံစံရေးဆွဲတင်ပြရမည်)
(ဂ)	မန္တလေးနည်းပညာတက္ကသိုလ်	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၁၈၀၀၀၀ စ/ပေ)
(ဃ)	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၁၈၀၀၀၀ စ/ပေ)
(င)	ကွန်ပျူတာတက္ကသိုလ်(မုံရွာ)	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၁၃၀၀၀၀ စ/ပေ)
(စ)	ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၈၀၉၆၉ စ/ပေ)
(ဆ)	ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)	ပင်မသုံးထပ်စာသင်ဆောင် (သံကူကွန်ကရစ်) (၈၀၉၆၉ စ/ပေ)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ရုံးအမှတ်(၂၁)၊နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၅-၇-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁ နှင့် ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅/၈၅၇၉ ထော်လာဂျီ/လယ်ယာသုံးထရပ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ရွှေဦး ၁၀/မလမ(နိုင်)၀၇၈၅၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့



ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ ကန်သာယာလမ်း၊ မြေကွက်အမှတ် ၃၁၉၊ အကျယ်အဝန်း ပေ (၄၀×၆၀)ရှိ ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြို့မြေစာရင်းတွင် ဒေါ်လှမူအမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း မြေဧရိယာပေ (၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်များဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး အထက်ဖော်ပြပါ အိမ်နှင့်မြေကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဒေါ်စန်းမြင့် ၁၂/ဗဟန(နိုင်)၀၃၀၈၀၇ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း LL.B
အထက်တန်းရှေ့နေ
အမှတ် (၇၇၉)၊ စာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၈၅၀၀၃၂၃၊ ၀၁-၅၆၃၄၁၉

(၃၉)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၌ ပုရိမဝါဆိုတော်မူကြမည့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်ဆရာတော်ကြီးအမှူးရှိသော ပရိယတ်၊ ပဋိပတ်သာသနာပြု သံဃာတော်အပါး ၅၄၀ကျော်တို့အား စုပေါင်းဝါဆိုသင်္ကန်း လှူဒါန်းပွဲအလှူတော်မင်္ဂလာကို ကျင်းပမည်ဖြစ်ကြောင်းနှင့် မိမိသဒ္ဓါတရားအလျောက် ဆရာတော်ကြီးအား အလှူရှင်များကိုယ်တိုင် လှူဒါန်းနိုင်ရန် သင်္ကန်း၊ ထီး၊ ဖိနပ်တို့ကို စီစဉ်ထားပါသည်။

ကျင်းပမည့်နေ့ရက် - ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့ (၁၁-၇-၂၀၁၄)ရက် သောကြာနေ့
တရားနာရေစက်ချချိန် - မွန်းတည့် ၁၂ နာရီ

ဝေယျာဝစ္စအဖွဲ့
တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
ဖုန်း-၀၉-၂၅၀၃၆၅၁၁၅၊ ၀၉-၈၆၃၀၃၁၃

ဝန်ထမ်းအလိုရှိသည်

Marketing မ ၄
Sail driver ကျား ၂ (နီ+နက်)

ဆက်သွယ်ရန် အမှတ်(၁၉)၊ မြေညီထပ်၊ ၁၃၅ လမ်း၊
မအူကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၃၀၃၂၅၈၄၊ ၀၉-၂၅၀၉၁၅၈၂၆၊ ၀၉-၂၅၀၇၃၀၇၄၄

မြေညီထပ်တိုက်ခန်းရောင်းရန်ရှိသည်

မြေနီကုန်း၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်(၁၂½'×၅၀') မြေညီထပ်၊ ကြမ်းခင်းကြွေပြားခင်းပြီး၊ ပြင်ဆင်ပြီး၊ တိုက်ခန်းရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၈၃၀၃၉၉၉၊
၀၉-၈၃၀၃၈၈၈၊ ၀၉-၈၃၀၂၀၀၀

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်
ဝန်ထမ်းအလိုရှိသည်

ယာဉ်မောင်း ကျား ၃ ဦး
- အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- အသက် (၂၅)နှစ်မှ (၅၀)အတွင်းဖြစ်ရမည်။
- ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ကင်းရှင်းရမည်။
- ဘဏ်တွင် အနည်းဆုံး (၃)နှစ်တိတိ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ယာဉ်မောင်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- ယာဉ်မောင်းလိုင်စင်အနက်၊ အညို၊ အနီများ လျှောက်ထားနိုင်သည်။

လျှောက်ထားလိုသူများသည်
- ကိုယ်ရေးရာဇဝင်အပြည့်အစုံ
- ပညာရေးအောင်လက်မှတ်မိတ္တူများ
- နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- သန်းခေါင်စာရင်းမိတ္တူ
- သက်ဆိုင်ရာရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူ
- အလုပ်သမားမှတ်ပုံတင်မိတ္တူ (လေဘာ)
- ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
- ယခင်က အလုပ်လုပ်ကိုင်ဖူးပါက ယခင်အလုပ်မှ ထောက်ခံစာ (သို့)နုတ်ထွက်စာများနှင့် အတူ

ဆက်သွယ်ရမည့်လိပ်စာ

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ အမှတ် ၁၉၀/၁၉၄၊ ခုနစ်လွှာ၊ ကျော်အဆောက်အအုံ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ စီမံရေးရာဌာနတွင် ၁၅-၇-၂၀၁၄ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၁-၃၇၈၇၀၄၊ ၃၇၈၇၀၅

မှတ်ချက်။ ။ **မူရင်းစာရွက်စာတမ်းများ တစ်ပါတည်းယူဆောင်လာကြပါရန်။**

အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးအောင်ဝင်း ၁၂/ဥကတ(နိုင်)၁၃၄၆၃၀ နှင့် မအိမွန် ၇/မလန(နိုင်) ၁၀၅၁၇၇ တို့သည် ၃၀-၆-၂၀၁၄ ရက်တွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တရားသူကြီးရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

၂၆-၄-၂၀၁၄ရက်က နေအိမ်မှဆင်းသွားစဉ် ယူဆောင်သွားသောငွေများအား ကလေးစရိတ်အဖြစ် ပေးအပ်လိုက်ပါသည်။

၃၀-၆-၂၀၁၄ ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မှမသက်ဆိုင်တော့ပါကြောင်းနှင့် လာရောက်ပတ်သက်နှောင့်ယှက်ခဲ့ပါက တရားဥပဒေအတိုင်း ဖြေရှင်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ဝင်း ၁၂/ဥကတ(နိုင်)၁၃၄၆၃၀

ကျေးဇူးဆပ်ပါမည်

၁၉၈၉ခုနှစ်တွင် နိုင်ငံတော်မှ ချထားပေးသော ရဲတပ်ကြပ်မောင်မောင်သန်း အမည်ပေါက် သဲကုန်းမြို့နယ်၊ အင်းမမြို့ တံခွန်တိုင်အုပ်စု၊ ရေပြာတိုးချဲ့၊ ကွက်သစ်အမှတ် (၃၆၅)နှင့်ပတ်သက်သော ငွေသွင်းချလန်လက်ခံစာရွက်နှင့် မြေရရှိကြောင်း အကြောင်းကြားစာမှတ်ပုံတင်ကတ်တို့ ခရီးသွားစဉ် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပါရန် ဆက်သွယ်ပေးပို့သူအား ကျေးဇူးအထူးဆပ်ပါသည်။ **လ-၁၀၂၈၅၂၊ ရဲတပ်ကြပ်ကြီး မောင်မောင်သန်း**
အင်းစိန်မြို့မရဲစခန်း၊ ဖုန်း-၀၉-၂၅၀၃၇၄၉၁၆

ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို
ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့်အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၂၉

ဦးခင်မောင်ထွန်း နှင့် ၁။ မစန်းစန်းဝင်း
၂။ ကိုချမ်းမြေ့အောင်
၃။ မခိုင်ခိုင်ဝင်း

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူအမှတ်(၂) ကိုချမ်းမြေ့အောင်၊ (၃)မခိုင်ခိုင်ဝင်း (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် မော်လမြိုင်မြို့နယ် တရားရုံးတော်က ချပေးသည့်ဒီကရီကို ဦးခင်မောင်ထွန်းက ပြင်ဆင်မှုလျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက်) နံနက် ၁၀ နာရီတွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင့်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကပြင်ဆင်နိုင်ခွင့်ရှိသော ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤပြင်ဆင်မှုရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဒေါ်အေးမြိုင်)
ဒုတိယခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၀

ဦးခင်မောင်ထွန်း နှင့် ၁။ မမြင့်မြင့်သန်း
၂။ ကိုချမ်းမြေ့အောင်
၃။ မခိုင်ခိုင်ဝင်း

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ အမှတ်(၂) ကိုချမ်းမြေ့အောင်၊ (၃) မခိုင်ခိုင်ဝင်း (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မော်လမြိုင်မြို့နယ် တရားရုံးတော်ကချပေးသည့် ဒီကရီကို ဦးခင်မောင်ထွန်းက ပြင်ဆင်မှုလျှောက်ထားလာရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက် (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက်) နံနက် ၁၀း၀၀နာရီတွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကပြင်ဆင်နိုင်ခွင့်ရှိသော ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤပြင်ဆင်မှုရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဒေါ်အေးမြိုင်)
ဒုတိယခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
ကုန်ကြမ်းစက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ကုန်ကြမ်း စက္ကူ၊ မင်၊ ဖလင်၊ ပလိပ်နှင့် ပုံနှိပ်ရေးပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(1) စက္ကူ

(a) Woodfree Paper (gsm)

(1)	28¼"(Reel 70 gsm)	1500	MT
(2)	28¼"(Reel 80 gsm)	30	MT
(3)	30"(Reel 80 gsm)	100	MT
(4)	40"(Reel 70 gsm)	200	MT
(5)	31"x43"(70 gsm) (500 Sht/Pkt)	20	Ream
(6)	31"x43"(80 gsm) (500 Sht/Pkt)	300	Ream
(7)	23½"x33"(A1) (70 gsm) (500 Sht/Pkt)	40	Ream
(8)	23½"x33"(A1) (80gsm) (500 Sht/Pkt)	800	Ream
(9)	23½"x33"(A1) (100 gsm) (500 Sht/Pkt)	40	Ream

(b) Art Card(gsm)

(1)	31"x43" (250 gsm) (500 Sht/Pkt)	200	Ream
(2)	31"x43"(260gsm) (500 Sht/Pkt)	25	Ream
(3)	31"x43"(200gsm) (500 Sht/Pkt)	150	Ream
(4)	31"x43"(210gsm) (500 Sht/Pkt)	3000	Ream
(5)	23½"x33"(A1) (210gsm) (500 Sht/Pkt)	70	Ream
(6)	23½"x33"(A1) (250gsm) (500 Sht/Pkt)	50	Ream
(7)	23½"x33"(A1) (200gsm) (500 Sht/Pkt)	20	Ream

(c) Art Paper(gsm)

(1)	31"x43"(85/90 gsm) (500 Sht/Pkt)	20	Ream
(2)	23½"x33"(A1)(105 gsm) (500 Sht/Pkt)	20	Ream
(3)	31"x43"(105 gsm) (500 Sht/Pkt)	20	Ream
(4)	31"x43"(200 gsm) (500 Sht/Pkt)	15	Ream

(d) Crome Coated

(1)	Crome Coated (270 gsm) A-1(500 Sht/Pkt)	10	Ream
(2)	Goat Skin A1 (150 gsm) (500 Sht/Pkt)	15	Ream

(e) MG Pressing Paper

(1)	MG Pressing Special (Blue) 25"x37" (210 gsm) (500 Sht/Pkt)	2	Ream
(2)	MG Pressing Special (Green) 25"x37" (140 gsm) (500 Sht/Pkt)	2	Ream
(3)	MG Pressing Special (Red) 31"x43" (134 gsm) (500 Sht/Pkt)	2	Ream
(4)	MG Pressing (Green) 31"x43" (210 gsm) (500 Sht/Pkt)	150	Ream
(5)	MG Pressing (Orange) 31"x43" (205 gsm) (500 Sht/Pkt)	50	Ream
(6)	MG Pressing (Orange) 31"x43" (210 gsm) (500 Sht/Pkt)	5	Ream
(7)	MG Pressing (Blue) 31"x43" (205 gsm) (500 Sht/Pkt)	20	Ream

(f)	White Pulp Board A1 (200 gsm) (500 Sht/Pkt)	25	Ream
(g)	Colour Pulp Board 22"x29"(210 gsm)(Pink) (500 Sht/Pkt)	25	Ream
(h)	Colour Pulp Board 31"x43"(200 gsm)(Blue) (500 Sht/Pkt)	5	Ream
(i)	Colour Pulp Board 31"x43"(210 gsm)(Yellow) (500 Sht/Pkt)	5	Ream
(j)	Colour Pulp Board 31"x43"(210 gsm)(Green) (500 Sht/Pkt)	5	Ream
(k)	Surface Colour 20"x30" 28Lb (Green)	1	Ream
(l)	Surface Colour 20"x30" 28Lb (Yellow)	1	Ream
(m)	Surface Colour 20"x30" 28Lb (Blue)	1	Ream
(n)	Surface Colour 20"x30" 28Lb (Red)	1	Ream
(o)	Straw Board A1 2Lb	10	Ream

(2) Ink

(a) Web Offset Ink

(1)	Black (20Kg/Tin)	6500	Kg
(2)	Yellow (20Kg/Tin)	3500	Kg
(3)	Magenta (20Kg/Tin)	2000	Kg
(4)	Cyan (20Kg/Tin)	2900	Kg

(b) Sheetfed Offset Ink

(1)	Black (1Kg/Tin)	800	Kg
(2)	Yellow (1Kg/Tin)	300	Kg
(3)	Magenta (1Kg/Tin)	100	Kg
(4)	Cyan (1Kg/Tin)	180	Kg
(5)	Green (1Kg/Tin)	500	Kg
(6)	Gold (1 Kg/Tin)	2	Kg

(3) Film & Chemicals

(a)	Orthro Film 22"x32" (50 Sht/Pkt)	10	Pkts
(b)	Fuji Film 22"	30	Rolls
(c)	Fuji Film 18"	27	Rolls
(d)	Developer(5 Lit/Bot)	45	Bots
(e)	Fixer (5 Lit/ Bot)	30	Bots
(f)	Fuji Film 18"x24" (50 Sht/Pkt)	7	Pkts

(g) Imagesetter Film & Chemicals

(1)	Developer (5 Lit/Can)	100	Bots
(2)	Fixer (5 Lit/ Bot)	120	Bots
(3)	18"(60m) Film KATANA	25	Rolls
(4)	22"(60m) Film KATANA	97	Rolls
(5)	Imagesetter Film (460 mmx 60m)	25	Rolls

(4) Plate & Chemicals

(a) Negative Plate

(1)	915x626x0.3 mm	5600	Sht
(2)	889x609x0.3 mm	3400	Sht
(3)	745x605x0.3 mm	1100	Sht
(4)	550x650x0.3 mm	1380	Sht
(5)	508x635x0.3 mm	340	Sht
(6)	745x635x0.3 mm	400	Sht

(b) Negative Plate Developer (5 Lit/Bot) 200 Bot

(c) Positive Plate

(1)	740x615x0.3mm(50 Sht/Pkt)	130	Sht
(2)	635x745x0.3 mm	800	Sht
(3)	1065x785x0.3mm(30 Sht/Pkt)	1800	Sht

(d)	Positive Plate Developer (10 Lit/Can)	20	Can
(e)	Positive Plate Cleaner (1 Lit/Bot)	100	Bot

(f) Wipe On Developer & Others

(1)	Coating Solution(A+B)	80	Sets
(2)	Lacquer (5 Lit/Bot)	40	Bots
(3)	Gum Solution (5 Lit/Bot)	175	Bots
(4)	Fountion Solution (5 Lit/Bot)	100	Bots
(5)	Plate Cleaner (1 Lit/Bot)	170	Bots
(6)	Gum Arabic (20 Lit/Bot)	35	Bots
(7)	Rubber Spong	70	Nos
(8)	Opaque Red	2	Bots
(9)	Image Remover (Positive)	5	Bots

(5) Stitching Wire

(a)	20 Guage	60	Coils
(b)	22 Guage (2 Kg)	40	Coils
(c)	23 Guage (2 Kg)	700	Coils
(d)	24 Guage (2 Kg)	500	Coils
(e)	GI	2	Coils

(6) Binding Cloth

(a)	Binding Cloth 1400 mm (Red)	70 Metres
(b)	Binding Cloth 1400 mm (Blue)	70 Metres
(c)	Binding Cloth 1400 mm (Green)	30 Metres
(d)	Binding Cloth 1400 mm (Black)	20 Metres

(7) Materials

(a)	CTP Plate (889x609x0.3mm)(KODAK)	1400 Shts
(b)	CTP Plate (745x605x0.3mm)(KODAK)	800 Shts
(c)	CTP Plate (745x635x0.3mm)(KODAK)	600 Shts
(d)	CTP Developer	450 Bots
(e)	Replenisher	200 Lits
(f)	E.C Fountain Solution	50 Lits
(g)	Manilar Paper (0.45 mm)	5 Rolls

(8) Rubber Blanket (With T-Bar)

(a)	1063x850x1.95 mm	30 Shts
(b)	910x600x1.93 mm	60 Shts
(c)	889x626x1.96 mm	50 Shts
(d)	665x650x1.95 mm	40 Shts
(e)	760x780x1.95 mm	30 Shts
(f)	889x626x1.68 mm	30 Shts
(g)	772x627x1.95 mm	20 Shts

(9) Rubber Blanket (Without T-Bar)

(a)	1136x770x1.96 mm	20 Shts
(b)	915x636x1.95 mm	50 Shts
(c)	995x835x1.96 mm	20 Shts
(d)	840×865×1.95mm	20 Shts
(e)	785×740×1.96mm	20 Shts
(f)	670×750×1.95mm	40 Shts
(g)	889×626×1.65mm	20 Shts
(h)	780×760×1.95mm	20 Shts
(i)	Rubber Blanket Bar Clip (အထူ 5"×အရှည် 990mm)	20 Shts

(10) Dampaning Roller House

(a)	180 mm (30m)	12 Coils
(b)	220 mm (25m)	3 Coils
(c)	220 mm (30 m)	5 Coils
(d)	230 mm (25m)	3 Coils
(e)	3.75 (25 m/Roll)	2 Rolls
(f)	3" (25 m/Roll)	2 Rolls

(11)	Duplex Board 32"×40" (Foreign)	1500 Pkts(ပြည်တွင်း)
(12)	ATM ကော်	7000 Lbs(ပြည်တွင်း)

၂။ အိတ်ဖွင့်တင်ဒါများကို ၇-၇-၂၀၁၄ရက်မှ ၁၈-၇-၂၀၁၄ရက်အထိ ရုံးဖွင့်ရက်များ၌ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၄ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူလိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊	**ရုံးအမှတ် (၇)၊ နေပြည်တော်**
ဖုန်း-၀၆၇-၄၁၂၃၂၇	

ဝန်ထမ်းအလိုရှိသည်

MEDICAL EQUIPMENT INSTALLATION ကျွမ်းကျင်တစ်ဦး ကျား/မ
B.E(EC)/(EP) ELECTRONIC PIC, PLC
CIRCUIT BOARD စမ်းသပ်စစ်ဆေးကျွမ်းကျင်သူတစ်ဦး ကျား/မ
ကျောင်းဆင်း Position (1 to 10) အတွင်းဖြစ်ရမည်။
လုပ်သက်အနည်းဆုံး နှစ်နှစ်ရှိရမည်။
CV Formတွင် ပြည့်စုံစွာရေးသား၍ အောက်ပါ E:mail address သို့
ပေးပို့လျှောက်ထားနိုင်ပါသည်။
Online application: info@shwelarngwelar.com

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၀ နှင့်ဆက်သွယ်သည့်
၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၃၃

ဦးတင်အုန်း	နှင့်	၁။ ဒေါ်နီနီမြင့်
		၂။ ဒေါ်နီနီဝင်း
		၃။ ဦးစောအိုလန်ဒိုး
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ဓမ္မာရုံလမ်းသွယ် (ယခင် ကင်ပွန်းခြံလမ်း)၊ အမှတ် ၅၀၊ ပထမထပ်(ဝဲ)နေ (၁) တရားပြိုင် ဒေါ်နီနီမြင့်၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်၊ စက်မှုလမ်း၊ အမှတ် ၄၃၅ နေ (၂)တရားပြိုင် ဒေါ်နီနီဝင်းနှင့် ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်လှရိပ်သာလမ်း၊ အမှတ် ၅၃ နေ ဦးစောအိုလန်ဒိုး (ယခုနေရပ်လိပ်စာမသိ) တရားရှုံးတို့ သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၀တွင် ရရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးတင်အုန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဇွန် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေလင်း)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၆၉

ဒေါ်ဝင်းသီတာ	နှင့်	၁။ ဒေါ်တင်စိန်
		၂။ ဒေါ်သီတာဆွေ
တရားနိုင်		**တရားရှုံးများ**

အမှတ် ၁၅၊ ပုသိမ်ညွှန့်(၄)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ(ယခုနေရပ် လိပ်စာမသိ)(၁)တရားရှုံး ဒေါ်တင်စိန်သိစေရမည်။

သင့်အပေါ်၌ တရားနိုင်က ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂၄တွင် တရားလိုက တရားပြိုင်များအပေါ် မြေနှင့်အိမ်အား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုတွင် အနိုင်ဒီကရီချမှတ်ခဲ့ပြီး ယခုဇာရီမှုတွင် ဒီကရီကိုအတည်ပြုပေးရန် ဆောင်ရွက်ခဲ့ရာ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့် ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးတင့်)
ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
မော်လမြိုင်မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၃

ဦးတင်အေး	နှင့်	၁။ ဦးဆန်းဝင်း
		၂။ ဦးဆန်းမြင့်
		၃။ ဒေါ်မိချို
တရားလို		**တရားပြိုင်များ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ ပတ္တလားလမ်း၊ အမှတ်(၈အေ)နေ အမှတ်(၂) တရားပြိုင် ဦးဆန်းမြင့်(ယခုနေရပ် လိပ်စာမသိ)သိစေရမည်။

သင့်အပေါ် ဦးတင်အေးက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၃၀ရက် (၁၃၇၆ခုနှစ် ဝါခေါင်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြမြဦး)
တွဲဖက်မြို့နယ်တရားသူကြီး
မော်လမြိုင်မြို့နယ်တရားရုံး

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

[illegible] ဇူလိုင်လ ၁၉ - ၂၀၊ (၁၅)ကြိမ်မြောက် [illegible]

[illegible] KBZBank Account No. [illegible]

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြိတ်မြို့နယ်အသင်း(ရန်ကုန်)ရာသက်ပန်အသင်းဝင်အမှတ်(၅၁၉၄)ဦးမျိုးနိုင် + ဒေါ်သီတာခင်တို့၏သမီး မသီရိထက်နိုင်(ခုံအမှတ်၊ထကရ - ၂၆၄)သည် ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ (၆)ဘာသာ (ဘာသာစုံ)ဂုဏ်ထူးဖြင့် ထူးချွန်စွာ "မြန်မာတစ်နိုင်ငံလုံးတွင် သိပ္ပံဘာသာတွဲရမှတ်ပေါင်း (၅၅၈)မှတ်ဖြင့် အဆင့် (၁)" ရရှိခဲ့ခြင်းအတွက် မြိတ်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ် (၁၀၀)ပြည့် (၁၉၁၄ - ၂၀၁၄) မင်္ဂလာအခါကာလသမယနှင့်အတူ လိုက်လိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့
မြိတ်မြို့နယ်အသင်း (ရန်ကုန်)

Microsoft .Net Framework

Skill - based Hands-on Courses

[illegible] Software [illegible] Programmer [illegible]

.Net Framework with OOP

[illegible] .Net Framework [illegible] Techniques [illegible] Object Oriented Programming [illegible] Case Study [illegible]

Web Application Development with C#.Net & ASP.Net

3-tier Dynamic Web Application [illegible] ASP.Net, ADO.Net [illegible] C# .Net Programming Language [illegible]

Gusto IT Professional Institute

Ph: 09-730 31302, 01-504632

289 (A), Pyay Road, Sanchaung Township, Yangon.

ပျောက်ဆုံးကြောင်း

မြတ်အိန္ဒြေ ကုမ္ပဏီများအုပ်စုလီမိတက် (MYAT EAINDRAY GROUP OF COMPANIES LIMITED) ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် (ယာယီ) အမှတ် ၂၀၃၁/၂၀၁၃-၂၀၁၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၁၆၃၀၁၊ ၀၉-၄၉၂၁၄၆၁၂

[illegible]

[illegible]

ဝန်ထမ်းအလိုရှိသည်

MOON SUN TRADING CO., LTD

၁။ HR-ASSISTANT MANAGER ကျား/မ(၁)ဦး

- [illegible]
- HR [illegible]
- English & Computer (Microsoft office/ DTP) [illegible]

၂။ HR-Staff မ(၁)ဦး

- [illegible]
- DTP [illegible]
- [illegible] (၁)နှစ်ရှိရမည်။

MOON SUN ဓာတ်ဆီဆိုင်

၁။ Pump Man ကျား(၄)ဦး

- [illegible]

၂။ Cashier ကျား/မ(၄)ဦး

- [illegible]

၃။ Driver ကျား(၁)ဦး

- Light Truck, Mobile Bowser မောင်းနိုင်ရမည်။ [illegible] (၂)နှစ်ရှိရမည်။

[illegible] CV Form [illegible]

MOON SUN TRADING CO., LTD

[illegible]

Ph: 95-1-692482, 01-691366, Fax-95-1-692482

[illegible]

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြည်လွင် ၁၂/ကမန(နိုင်)၀၀၃၀၇၃၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၅၀၇၁၉၊ ၀၉-၇၃၀၃၉၆၆၉

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

[illegible] Myanmar Liwayway Food Industries Ltd. [illegible]

[illegible] "Oishi" [illegible]

[illegible] "Oishi" [illegible]

[illegible] "Oishi" [illegible]

[illegible] "Oishi" [illegible] "Oishi" GREEN TEA [illegible] "Oishi" [illegible]

[illegible] "Oishi" [illegible]

[illegible]

[illegible] -

ဦးစိန်လှ B.A., B.L., DIR, DMA [illegible]

ဒေါ်ချိုချိုဝင်း LL.B., DBL [illegible]

[illegible]

ဖခင် အမည်မှန်

မောက်မယ်မြို့ အထကမှ မောင်မြင့်သန်းထက်၏ ဖခင် အမည်မှန်မှာ (ဦးလှိုင်ဝင်း) ကွယ်လွန်ဖြစ်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ကြော်ငြာကဏ္ဍ

မြေကွက်ရောင်းရန်ရှိသည် (ပွဲခ ၁ ရာခိုင်နှုန်း)

၁။ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်းမကြီးပေါ်ရှိ အကျယ်ပေ(၃၅×၅၄)၊ ၁၈၆၃ စတုရန်းပေ၊ ထောင့်ခြံ၊ မျက်နှာစာ နှစ်ဖက်လှည့်၊ ပိုင်ရှင်အမည်ပေါက် နှစ်၆၀ဂရန်။

၂။ တောင်ဥက္ကလာပမြို့နယ် (၁၄/၃) ရပ်ကွက်၊ သံသုမာလမ်းမကြီးမှ ပေ၁၂၀အကွာ၊ တစ်ထပ်၊ BN အသင့်နေနိုင်၊ အကျယ် ပေ(၂၈×၅၅) ၁၅၉၆ စတုရန်းပေ၊ ပိုင်ရှင်အမည်ပေါက် နှစ်၆၀ ဂရန်။

ဆက်သွယ်ရန်-၀၁-၅၅၈၁၄၀၊ ၀၉-၅၁၉၈၇၁၆

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၃)၊ ဦးပိုင်အမှတ် ၁၃၅၊ ၆၂×၆၄ကြား၊ စိန်ပန်း×အောင်မင်္ဂလာကြားရှိ ဦးသောင်းရွှေ အမည်ပေါက်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်လှဲ့လှဲ့ဝင်း ၉/ခအဇ(နိုင်)၀၁၅၂၉၂က မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာကဏ္ဍ

ရွှေလီလှိုင်း အသားကင်ဆိုင်မှ သတင်းကောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမပေါ်တွင် ရွှေလီလှိုင်းအသားကင်ဆိုင်ခွဲအား ၇-၇-၂၀၁၄ ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကြွရောက်အားပေးသော လူကြီးမင်းများအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် Discount အစီအစဉ်ကို အောက်ပါအတိုင်း ဆိုင်သစ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

၇-၇-၂၀၁၄ ရက်မှ ၁၇-၇-၂၀၁၄ ရက်	20 Discount
၁၈-၇-၂၀၁၄ ရက်မှ ၈-၁၀-၂၀၁၄ ရက်	10% Discount

ကျေးဇူးတင်စွာဖြင့်
ရွှေလီလှိုင်းအသားကင်ဆိုင် မိသားစု

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၀၊ မြေကွက်အမှတ် ၁၃/က၊ မြေအကျယ်အဝန်းပေ(၄၅×၁၂၀)ရှိ ဒေါ်ခင်ဝင်း N/KGN-၀၄၄၂၇၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်၊ အရပ်ခေါ် အမှတ် ၁၃/က၊ လယ်ယာ ၄လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတ မြို့နယ်ရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်အမည်ပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဝင်း ၁၂/ရကန(နိုင်)၀၀၅၅၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးနိုင်ထွဋ်လင်း (ဥပဒေတွဲ) အထက်တန်းရှေ့နေ
(ဖူးပွင့်ဝေစာချုပ်စာတမ်းအထူးဝန်ဆောင်မှု)
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၆၁၅၇

ကြော်ငြာကဏ္ဍ

ဖခင် အမည်မှန်

မော်လမြိုင်မြို့၊ အထက(၉) တက္ကသိုလ်ဝင်တန်း (F)မှ မောင်ကျော်သူအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မာမက်ရှာဖီ ဖြစ်ပါကြောင်း။

မာမက်ရှာဖီ ၁၀/ကမရ(နိုင်)၀၈၁၂၇၂



ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

သာသနာရောင်ဝါထွန်းစေဖို့ သမ္ဗုဒ္ဓ ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့ .....

သုခစုစ် ကုမ္ပဏီ တွင် စင်ကာပူနိုင်ငံ ITE မှ (Low Levy)လက်မှတ်ပေးအပ်သည့် General Fitter သင်တန်း၊

Basic Engineering Course (BEc)နှင့် (လျှပ်စစ်၊ ဂဟေဆော်၊ ပိုက်ဆက်၊ ဝယောဆက်) ကျွမ်းကျင် သင်တန်း

ISO 9001 : 2008

တက်လိုသူများ ပြည်တွင်း/ပြည်ပ - အလုပ်အကိုင် ရှာနေသူများ လူကိုယ်တိုင် စိစစ်၊ စာရင်းပေးသွင်းနိုင်ပါပြီ။

ITE

သုခစုစ် ကုမ္ပဏီ - ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(ဒုတိယလမ်းဆောင်)၊ တိုက်အမှတ်(၅၀၆)။ Ph:(01) 377343, 377344, 385758, 386877, 392233

သုခစုစ် သင်တန်းကျောင်း - Ph:(01) 9648080, Email.thukhasusan2012@gmail.com

မွန်ပြည်နယ်မီးသတ်ဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူလိုပါကြောင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	အသက်ရှူကိရိယာ(BA set)	(၁၀)လုံး
(ခ)	အပေါ့စားမီးသတ်စက်(Portable Fire Pump)	(၅)လုံး
(ဂ)	Cylinder Air Filling Maching	(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၌ လာရောက်ထုတ်ယူနိုင်ပြီး ၂၀-၇-၂၀၁၄ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

အသေးစိတ်သိလိုပါက ၀၅၇-၂၇၂၄၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၈၊ မြေကွက်အမှတ် ၂၇၀ဟုခေါ်တွင်သော အကျယ်အလျားပေ(၄၀×၆၀)ရှိ ပါမစ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးမင်းအောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ ယခုလက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝဏ္ဏ ၃/ကကရ(နိုင်)၀၃၄၁၈၉ထံမှ ကျွန်ုပ်ကအပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မအေးအေးခိုင်
၁၄/ဘကလ(နိုင်)၀၀၀၂၄၉
ဖုန်း-၀၉-၇၃၁၅၈၆၂၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၈၆၇၊ မြေအကျယ်အဝန်း(အလျား×အနံ)ပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ နှစ် ၆၀ဂရန်မြေကွက်ပေါ်ရှိ အမှတ် ၈၆၇၊ ယုဇနလမ်း၊ (၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် နှစ်ထပ်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး တရားဝင်ပြန်လည်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးရွှေသိမ်း ၁၂/မရက(နိုင်)၀၃၈၅၄၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ အချို့တစ်ဝက်ကို ပေးချေထား ပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အကြောင်းပြချက်စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဒင်(LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၃၊ အခန်း ၁၆/ဘီ၊ ပန်းဆိုးတန်းလမ်း၊ ၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၂၇၇၄၊ ၀၁-၅၄၅၄၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ/၇၊ မြေကွက်အမှတ် ၁၅၇(က) ပါမစ်မြေ၊ ဒေါ်ပုမအမည်ပေါက်၊ အကျယ်အဝန်း အလျား ×အနံ ပေ(၂၀×၆၀) မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ပုမ ISN- ၀၈၈၂၄၁ ထံမှ ဦးလှဝင်း ၁၂/အစန(နိုင်)၀၃၀၇၉၉ က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးလှဝင်းကွယ်လွန်ပြီးနောက် ဦးလှဝင်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်တင့်တင့် ၁၂/အစန(နိုင်)၀၃၀၇၆၈ ထံမှ အဆိုပါမြေကွက် အား ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း — **LL.B,D.B.L,D.M.L** — **တရားလွှတ်တော်ရှေ့နေ**
ဒေါ်ခင်ခင်ကြည် — **LL.B,D.B.L,D.M.L** — **အထက်တန်းရှေ့နေ**

အမှတ် ၉/၁၁၊ အခန်း ၁၀၁၊ (ပထမထပ်)၊ ၃၆လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၇၆၄၆၊ ၀၉-၇၃၁၄၇၉၅၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ/၇၊ မြေကွက်အမှတ် ၁၅၇(ခ)ပါမစ်မြေ၊ အကျယ်အဝန်း အလျား×အနံပေ(၂၀×၆၀) မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းသူ MHLG-၀၀၂၇၈၁က အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးမင်းသူ၏အမွေဆက်ခံသူ ဦးအောင်ခင်ထံမှ ဦးလှဝင်း NMK-၀၂၂၉၃၈က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးလှဝင်းကွယ်လွန်ပြီးနောက် ၎င်း၏တရားဝင်ဇနီး ဒေါ်တင့်တင့် ၁၂/အစန(နိုင်)၀၃၀၇၆၈ထံမှ အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း LL.B,D.B.L,DM.L — **တရားလွှတ်တော်ရှေ့နေ**
ဒေါ်ခင်ခင်ကြည် LL.B,D.B.L,D.M.L — **အထက်တန်းရှေ့နေ**

အမှတ် ၉/၁၁၊ အခန်း ၁၀၁(ပထမထပ်)၊ ၃၆ လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၇၆၄၆၊ ၀၉-၇၃၁၄၇၉၅၁

မောင်သန်းထွန်းဝင်း ၁၂/ရပက(နိုင်)၀၄၃၅၆၄၏ ၂၁-၆-၂၀၁၄ ရက်စွဲတွင် မြန်မာ့အလင်းသတင်းစာ၌ ထည့်သွင်းကြေညာခြင်းအား ပြန်လည်ရှင်းလင်းခြင်းနှင့် အသိပေးကြေညာခြင်း

မအေးအေးကြူ(ခ) Assumta TKA- ၀၉၂၅၄၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ မအေးအေးကြူ (ခ)Assumta နှင့် လူကြီးမင်း မောင်သန်းထွန်းဝင်း(ခ) Joseph Mariano တို့သည် ရိုမင်ကက်သလစ် ဘာသာဝင်များဖြစ်ကြပြီး ၇-၅-၂၀၁၁ ရက်တွင် ရန်ကုန်မြို့၊ စိန့်အန်ထော်နီရိုမင်ကက်သလစ် ဘုရားကျောင်းတော်ကြီးတွင် ဘုန်းတော်ကြီးသုံးပါးရှေ့မှောက်၌ Christian Marriage Act အရ တရားဝင် ထိမ်းမြားလက်ထပ်ခဲ့ကြပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းနှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီးနောက် လူကြီးမင်း နေထိုင်သည့်အိမ်တွင် အတူလိုက်ပါနေထိုင်ခဲ့ရာ လူကြီးမင်းသည် လူကြီးမင်း၏ မိခင်နှင့်အဒေါ် ပြောစကားကိုသာ နားဝင်ပြီး ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းတို့ ဘုရားရှိခိုးကျောင်းသို့ အတူသွားခြင်း၊ အခြားသို့ အတူသွားခြင်းတို့အား ကြိုက်နှစ်သက်ခြင်းမရှိ၍ သီးခြားအိမ်ခွဲနေလိုကြောင်း လူကြီးမင်းအား ပြောဆိုခဲ့သော်လည်း လက်ခံခြင်းမရှိဘဲ လူကြီးမင်းသည် အစပိုင်းတွင် ကျွန်ုပ်မိတ်ဆွေအပေါ် ရိုင်းပျသော စကားများပြောဆိုလာပါသည်။

၃။ ပို၍ဆိုးသည်မှာ ၁၆-၁၂-၂၀၁၂ရက် လူကြီးမင်း၏သား ခြောက်လခန့်အရွယ်တွင် လူကြီးမင်းက ကျွန်ုပ်၏မိတ်ဆွေမီးဖွားစဉ်က ခွဲမွေးထားသည့်ဗိုက်ကို ကိုယ်ထိလက်ရောက် ရက်ရက်စက်စက် ဇော်ကားနှိပ်စက်ခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှာ လူကြီးမင်း၏ အိမ်တွင် ဆက်လက်အတူနေထိုင်ပါက အသက်အန္တရာယ်ရှိနိုင်၍ မည်သည့်ပစ္စည်းမျှ ယူဆောင်ခြင်းမရှိဘဲ ကလေးနှင့်အတူ လူကြီးမင်း၏အိမ်ပေါ်မှ ဆင်းလာခဲ့သည်ကို လူကြီးမင်းသိပါသည်။

၄။ ကျွန်ုပ်၏မိတ်ဆွေက ၁၇-၁၂-၂၀၁၂ ရက်တွင် လူကြီးမင်းနေထိုင်သည့် သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးတို့အား သွားရောက်တွေ့ဆုံ၍ အကျိုးအကြောင်းရှင်းပြရာ အုပ်ချုပ်ရေးမှူးက အတူဆက်လက်နေထိုင်ပါက ပြဿနာပေါ်ပေါက်မည်ကို စိုးရိမ်မိသဖြင့် အခန်းသီးခြားခွဲနေရန် လူကြီးမင်းအား ခေါ်ယူပြောဆိုခဲ့ခြင်းကို လူကြီးမင်းက ကျွန်တော်စီစဉ်ပြီး သွားရောက်ခေါ်ဆိုမည်ဖြစ်ကြောင်း ပြောဆိုရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လူကြီးမင်း အား ကိုယ်တိုင်သွားရောက်ခေါ်ယူရန်ပြောဆိုခဲ့သော်လည်း လူကြီးမင်းသည် လူကြီးမင်း၏ ဦးလေး၊ အဒေါ်တို့နှင့်အတူ အမည်မသိအမျိုးသမီးတစ်ဦးတို့ကို စေလွှတ်ခဲ့၍ ကျွန်ုပ်၏ မိတ်ဆွေနေထိုင်သည့် အနောက် ၃ ရပ်ကွက်၊ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူး သာကေတမြို့နေထိုင်သူတို့က ကာယကံရှင်ကိုယ်တိုင်လာရောက်ခေါ်ယူ ခြင်းမဟုတ်သဖြင့် ကျွန်ုပ်မိတ်ဆွေအား ထည့်ပေးလိုက်ခြင်းမပြုသည်ကို လူကြီးမင်း အသိပင်ဖြစ်သည်။

၅။ ကျွန်ုပ်မိတ်ဆွေ၏ မိဘနှစ်ပါးက ကျွန်ုပ်မိတ်ဆွေအား လူကြီးမင်းအိမ်သို့ ပြန်သွားရန်ပြောသော်လည်း လူကြီးမင်းအား ကြောက်ရွံ့နေသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ အစ်ကိုက လူကြီးမင်းအား ဖုန်းဆက်ညှိနှိုင်းသောအခါ လူကြီးမင်းက မချေမငံပြန် လည်ဆက်ဆံပြီး တယ်လီဖုန်းချလိုက်သည်ကို လူကြီးမင်းကိုယ်တိုင်သိရှိပြီး တစ်ကြိမ်တစ်ခါမျှ ကျွန်ုပ်မိတ်ဆွေအား လာရောက်ခေါ်ဆိုခြင်းမရှိပါဘဲလျက် မဟုတ်မမှန် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခြင်းဖြစ်ပါသည်။

၆။ လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေနှင့် Christian Marriage Act နှင့်အညီ ဘုရားရှေ့၊ ဘုန်းတော်ကြီးများရှေ့နှင့် ဘာသာတူများရှေ့မှောက်တွင် တစ်လင်တစ်မယားစနစ် (Monogamy System) အား လက်ခံကြောင်း၊ ရိုးမြေကျသည်အထိ အတူတကွ ပေါင်းသင်းနေထိုင်သွားကြမည်ဖြစ်ကြောင်း ကတိသစ္စာပြုထွက်ဆို လက်ခံထားသည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေသည် လူကြီးမင်း၏ တရားဝင်ဇနီးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါကြောင်းနှင့် လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေအား ထိခိုက်နစ်နာစေရန် မဟုတ်မမှန် သွားပုပ်လေလွင့်ပြောဆိုခြင်း ပြန်လည်ကြားသိရပါ က လူကြီးမင်းအား တည်ဆဲဥပဒေအရ အရေးယူတရားစွဲမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးစောဒေမီယံ (LL.B)
တရားလွှတ်တော်ရှေ့နေ (၄၇၄၈)
Blessing Law Firm
အမှတ် ၆၂၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၀၅၂၇၊ ၀၉-၇၃၀၈၁၆၅၉

Aiming For Success
edexcel
Myanmar Noble College တွင်ဖွင့်လှစ်မည့်
BTEC HND သင်တန်းများ

UK နိုင်ငံ Edexcel ပညာရေးအဖွဲ့ အစည်း၏ BTEC HND Certificate ရရှိမည့် ဘာသာရပ်များကို(၇.၇.၂၀၁၄)ရက်နေ့တွင် Myanmar Noble College ၌ တန်းခွဲသစ် (7th Batch) ဖွင့်လှစ်ရန်ရှိပါသည်။

သင်ယူနိုင်သော ဘာသာရပ်များ -
- HND Engineering
  - Construction & the Built Environment (Civil)
  - Electrical & Electronics
  - Mechanical
- HND Business
- HND Computing & System Development (IT)

အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ၊ IGCSE (or)GCE'O' Level အောင်မြင်ထားသူများသည် Foundation မှတက်ရောက်နိုင်ပြီး LCCI Level(3) ပြီးသူများသည် Year I မှဆက်လက်တက်ရောက်နိုင်ပါသည်။

Edexcel ၏ Syllabus အတိုင်းသင်ကြားလျက်ရှိပြီး(ဗြိ)လတစ်ကြိမ် External Verifier များမှ မှန်မှန်စစ်ဆေးကြီးကြပ်လျက်ရှိရာ 1st Batch ကျောင်းသား/ကျောင်းသူများ HND Certificate များရရှိခဲ့ပြီးဖြစ်ပါသည်။

Myanmar Noble College မှ HND Certificate ရပြီးနောက်ဘာသာရပ် အလိုက် Bachelor Degree ရရှိရန်အတွက် UK နိုင်ငံ University of Portsmouth, University of the West of England (Bristol), Singapore နိုင်ငံ PSB Academy, MDIS နှင့် Shelton College များသို့ ဆက်လက်တက်ရောက်နိုင်ရန် ဆောင်ရွက်ထားပါသည်။

Myanmar Noble College
No.(108), Hninsi Street (Upper), Ahlone Township, Yangon, Myanmar. Ph-01-220479, 09-73163975
www.myanmarnoblecollege.com

ကြော်ငြာကဏ္ဍ

ခေတ္တစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့နေ

ဦးတင်မောင်ကြီး (Mariner Shipping FG) + ဒေါ်ခင်ထွေးထွေးအေး တို့၏ဒုတိယသား

မောင်သိန်းမျိုးနိုင် @ Georgie

(San Diego, California, USA)

နှင့်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့နေ

Capt ဦးဇော်လွင် (Mariner Enterprise Ltd.) + ဒေါ်သန်းသန်းဆွေ (ခ) ဒေါ်ခင်ထွေးထွေးဝင်း တို့၏ သမီးကြီး

မဝတ်ရည်လွင် @ Wendy

MBA - James Cook University Australia (Singapore)

တို့သည် (၂၆-၆-၂၀၁၄)ရက် ကြာသပတေးနေ့တွင် မိဘများ၏သဘောတူညီချက်ဖြင့် ခေတ္တစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်သိန်းမျိုးနိုင် + မဝတ်ရည်လွင်

[illegible]

မမေ့နိုင်စရာ ခရီးသွားအမှတ်တရများ

စိန်မျိုးမြင့်

[illegible]

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(၀)၊ ဦးပိုင်အမှတ် ၂၂၊ (ခစင်း)၊ ၆၃×၆၄ကြား၊ ၃၆×၃၇ လမ်းကြားရှိ ဦးသန်းဦးနှင့် ဦးခင်မောင်ထွေးတို့နှစ်ဦးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးသန်းလှိုင် ၉/မရမ(နိုင်)၀၄၈၃၇၁က မြေကွက်၏မြောက်ဘက်ခြမ်းနှင့် ဒေါ်မြင့်မြင့်အေး ၉/မနမ(နိုင်)၀၄၃၉၁၇က မြေကွက်၏တောင်ဘက်ခြမ်းတို့အား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာကဏ္ဍ

အများသိစေရန်ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	ဦးထွန်းကြိုင်+၁	၁၂/သဃက(နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၂	ဦးစာရည် အောင်အောင်	၁၂/အစန(နိုင်) [illegible]	[illegible]	၂½-ထပ်တိုက် ဆောက်လုပ်ရန်
၃	ဦး ARJUNAN အဖွဲ့ဖွဲ့	၁၂/ဗဟန(ပြု) [illegible]	(၄)၊ [illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၄	ဒေါ်[illegible]	၉/ပသန(နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၅	ဒေါ်[illegible]	၁၄/[illegible](နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၆	ဒေါ်[illegible]	TOKN-[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၇	ဒေါ်[illegible]	TOKN-[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၈	ဦး[illegible]	၁၂/[illegible](နိုင်) [illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်
၉	ဒေါ်[illegible]	၁၂/အစန(နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၀	ဦး[illegible]	၅/[illegible](နိုင်) [illegible]	(၃/A+B)၊ [illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၁	ဒေါ်[illegible]	၁၂/သဃက(နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၂	ဒေါ်[illegible]	ISH-[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၃	ဒေါ်[illegible]	TOKN-[illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၄	ဦး[illegible]	၁၂/သဃက(နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၅	ဦး[illegible]+၁	၁၂/သဃက(နိုင်) [illegible]	[illegible]	၃-ထပ်တိုက် ဆောက်လုပ်ရန်
၁၆	ဒေါ်[illegible]	၁၄/[illegible](နိုင်) [illegible]	[illegible]	၂-ထပ်တိုက် ဆောက်လုပ်ရန်

[illegible]

[illegible]

စဉ်	[illegible]		[illegible]					[illegible]
	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	လိပ်စာ	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	V 254	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	[illegible]		[illegible]					[illegible]
	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	လိပ်စာ	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

[illegible]

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော လှိုင်မြို့နယ်အတွင်းရှိ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးမာမက်ရှော်ဖီ HZA -၂၁၆၇၅၄ ၁၂/လမန(နိုင်)၁၂၆၇၀၁(မှ)	ဒေါ်အိအိခိုင် ၁၂/လမန(နိုင်)၀၆၆၇၇၃	တိုက်(၁)၊ အခန်း ၆၆၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ်

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

အများသိစေရန်သတိပေးကြေညာခြင်း

[illegible]

095 095 095, ☎ 01-682944

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ် ၅၈၃/Aက၊ မြေကွက်တည်နေရာအမှတ် ၅၈၃/Aက၊ မြို့မ ၂လမ်း၊ ၄/တောင် ရပ်ကွက်၊ သာကေတမြို့နယ် (ဦးအောင်ငွေ၊ ဒေါ်ညွှန့်တင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ညွှန့်တင်(ဇနီး) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ ကျန်အမည်ပေါက် ဦးအောင်ငွေ ၁၂/သကတ(နိုင်)၀၇၆၈၇၀ကကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၇၈/က၊ မြေကွက်တည်နေရာ အမှတ် ၈၇၈/က၊ မေခလာလမ်း၊ ၁၂ ရပ်ကွက် ဦးတင်ညွှန့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ညွှန့်နှင့် ဇနီး ဒေါ်ကြည်သန်း ကွယ်လွန်သဖြင့် ဒေါ်ရီရီလွင် ၁၂/ဥကတ(နိုင်)၀၃၁၀၆၀ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၀၂၀ (၁၇-၁၂-၁၃) ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်း ၁၂/သကတ(နိုင်)၀၃၁၀၉၁ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၇၆၆ (၁၆-၅-၁၄) ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၇၃/၅၊ ဧရိယာ ၀ဒသမ ၀၄၂ ဧက၊ မြေကွက်တည်နေရာအမှတ် ၉၉/၁၀၁၊ အောင်မေတ္တာ(၁) လမ်းသွယ်၊ ၁ရပ်ကွက်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အမည်ပေါက် အစိုးရမြေအား ၁၉၇၉ခုနှစ်က လှိုင်မြို့နယ်ပြည်သူ့ကောင်စီနှင့် လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ မီးလောင်မြေ၌ နေရာပြန်လည်ချထားပေးသော ကတိခံဝန်ချက်နှင့် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ အရပ်ကတိအရောင်း အဝယ်စာချုပ် အဆက်ဆက်တို့ကို တင်ပြ၍ ဦးမန်းနီး ၁၂/လမန(ပြု)၀၀၀၂၆၈က(၁)ရပ်ကွက် ဂရန်ပေးရေးစီမံချက်အရ နှစ်၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိမြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ^{2}၊ မြေကွက်အမှတ် ၄/၂၉၈၊ မြေကွက်တည်နေရာအမှတ် ၅၊ အမှတ် ၃လမ်း၊ သဃ်ၤန်းကျွန်းကြီးကျေး ရွာအုပ်စု၊ ကာယဉာဏရပ်ကွက် မြေဂရန် ချထားပေးရေးအထောက်အကူပြုအဖွဲ့၏ ၉-၅-၂၀၁၄ ရက်စွဲဖြင့် ပြင်ဆင်ဖြည့်စွက် အတည်ပြုထားသည့်ငယ်စာရင်းအမည်ပေါက် ဒေါ်ခင်မာဌေး(ခ)ချောချော ၇/သကန(နိုင်)၀၉၃၅၁၄က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၏အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၈၃အရ အမွေထိန်းစာ ထုတ်ဆင့်ပေးစေလိုမှုစီရင်ချက်တို့ကို တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထား လာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

[illegible]
[illegible]

[illegible]
[illegible]

မြန်မာ့အလင်း

Brasil 2014

ကမ္ဘာ့ဖလားအထူးကဏ္ဍ

၂၀၁၄ခုနှစ်၊ ဂျူလိုင် ၅ ရက်၊ စနေနေ့။

AIR KBZ

ဟော်လန်အသင်းအနိုင်ရပြီး အာဂျင်တီးနား နိုင်ပွဲအတွက် ရုန်းကန်ရမှာပါ

ထက်အောင်

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာ နာမည်ကြီး အာဂျင်တီးနားဟာ ကစားသမားကောင်းအများစုနဲ့ ဖွဲ့စည်းထားတဲ့ ဘယ်လ်ဂျီယံကို ရင်ဆိုင်ရမှာမို့ ရလဒ်ကောင်းရဖို့ အားစိုက်ရနိုင်ပါတယ်။ အံ့အားသင့်ဖွယ်ရလဒ်တွေနဲ့အတူ ကွာတားအဆင့်ကို တက်လာတဲ့ ကော်စတာရီကာကတော့ ဟော်လန်ကို ဖြတ်ကျော်နိုင်ဖို့ခက်တယ်။

အာဂျင်တီးနား Vs ဘယ်လ်ဂျီယံ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၅-၇-၂၀၁၄၊ ည ၁၀း၃၀ Nacional Mane Garrincha
နောက်ဆုံးဆုံတွေ့မှုရလဒ်	အာဂျင်တီးနား ၂-၀ ဘယ်လ်ဂျီယံ (၂၆-၆-၁၉၈၆)

အာဂျင်တီးနားဟာ နောက်ပိုင်း ကမ္ဘာ့ဖလားပွဲစဉ်တွေမှာ ရုန်းကန်နေရတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်တယ်ဆိုပေမယ့် ဂိုးသွင်းခွင့်နဲ့ ဂိုးဖန်တီးမှုတွေအတွက် မက်ဆီ၊ ဒီမာရီယာတို့နှစ်ဦးအပေါ် အဓိကမှီခိုနေရတာမို့ နောက်ပိုင်းပွဲစဉ်တွေမှာ အာဂျင်တီးနားဟာရလဒ်ကောင်းရရှိဖို့ခက်ခက်ခဲခဲ ရုန်းကန်နေရတာကိုသတိပြုရမယ်။ ဟီဂွာရင်၊လာဗက်ဇီတို့ဟာ အကောင်းဆုံးခြေစွမ်းမျိုးပျောက်ဆုံးနေတာကြောင့် အာဂျင်တီးနားတိုက်စစ်ဟာ ထက်မြက်သင့်သလောက် ထက်မြက်မှုမရှိတာမို့ ဘယ်လ်ဂျီယံခံစစ်ကို ခက်ခက်ခဲခဲ ထိုးဖောက်ရနိုင်တယ်။ ဒ့ါအပြင် အခုပွဲမှာ အာဂျင်တီးနားအသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ ဘယ်တောင်ပံခံစစ်မှူး ရိုဂျိုက ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်မှာမဟုတ်လို့ ဘယ်လ်ဂျီယံတောင်ပံတိုက်စစ်ကစားသမား ဟာဇက်ရဲ့ထိုးဖောက်မှုကို ခက်ခဲစွာထိန်းချုပ်ရဖို့ရှိနေတယ်။ ဒါပေမယ့် မာရှေယာနို၊ ဂါဂိုတို့လို ကွင်းလယ်ကစားသမားတွေရှိနေတာကြောင့် ဘယ်လ်ဂျီယံအနေနဲ့ အာဂျင်တီးနားကို ကစားကွက်အသာစီးနဲ့ ကစားနိုင်ဖို့တော့ ခက်ခဲနိုင်တယ်။ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အသင်းကြီးတွေဟာ အသင်းငယ်တွေကို ခက်ခက်ခဲခဲရင်ဆိုင်နေရတဲ့ အစဉ်အလာအတိုင်း အခုပွဲမှာလည်း ရုန်းအားကောင်းတဲ့ ဘယ်လ်ဂျီယံဟာ အာဂျင်တီးနားကို အခက်တွေ့စေမှာပါ။ ဘယ်လ်ဂျီယံရဲ့ ကွင်းလယ်မှာ ဒီဘရူနီ၊ ဝစ်ဆဲလ်၊ ဖယ်လာနီတို့လို ကစားသမားတွေ ရှိနေတာမို့ အာဂျင်တီးနားကွင်းလယ်ကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်စွမ်းရှိတယ်။ အထူးသဖြင့် ကွန်ပါနေ၊ ဗန်ဘိုင်တန်၊ အယ်ဒါဝီရက်တို့လို ခံစစ်မှူးကောင်းတွေရှိနေပြီး ဗာမေလန်လို ကစားသမားမျိုးလည်း ပြန်လည်ပါဝင်လာနိုင်တာကြောင့် မက်ဆီ၊ ဒီမာရီယာတို့ကိုသာ အဓိကအားပြုနေရတဲ့ အာဂျင်တီးနားတိုက်စစ်ကို အကောင်းဆုံး ထိန်းချုပ်နိုင်စွမ်းရှိတယ်။ ဒါပေမယ့် အိုရီဂျီ၊ လူကာကူတို့လို ဘယ်လ်ဂျီယံအသင်းရဲ့ တိုက်စစ်ကစားသမားတွေဟာ ပုံမှန်ဂိုးသွင်းခြေ အနည်းငယ်အားနည်းနေတာမို့ အာဂျင်တီးနားခံစစ်ကိုတော့ ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့ခက်တယ်။ ဘယ်လ်ဂျီယံဟာ အခုပွဲမှာကွင်းလယ်ပိုင်းကို အဓိကအားပြုကစားလာနိုင်တာမို့ အာဂျင်တီးနားအနေနဲ့လည်း ဒီပွဲမှာ ခက်ခက်ခဲခဲရုန်းကန်ရနိုင်တယ်။ ကွာတားအဆင့်ပွဲစဉ်တွေမှာ ရုန်းကန်ရလေ့ရှိတဲ့ အာဂျင်တီးနားအနေနဲ့ သာမန်ပွဲချိန်အတွင်း သရေရလဒ်သာ ရရှိနိုင်တယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁

ဟော်လန် Vs ကော်စတာရီကာ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၆-၇-၂၀၁၄၊ နံနက် ၂း၃၀ Arena Fonte Nova
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

ချီလီနဲ့ပွဲမှာ ပြိုင်ဘက်ရဲ့ ဖိအားပေးမှုကို ခံခဲ့ရပေမယ့် မက္ကဆီကိုနဲ့ကစားခဲ့တဲ့ ၁၆သင်းရှုံးထွက်အဆင့်မှာ နောက်ဆုံးအချိန်အထိ မလျှော့ဘဲ ကြိုးစားကစားခဲ့တဲ့ ဟော်လန်ရဲ့ ရုန်းအားကြောင့် ကော်စတာရီကာ အခက်တွေ့မှာပါ။ ဟော်လန်အသင်းရဲ့ ခံစစ်ပိုင်း အနည်းငယ်အားနည်းမှုရှိနေတာ မှန်တယ်။ ဒါပေမယ့် ဟော်လန်အသင်းရဲ့ ကွင်းလယ်စုဖွဲ့မှုကောင်းမွန်တာကြောင့် ကော်စတာရီကာအနေနဲ့ အခုပွဲမှာ ဟော်လန်ခံစစ်ကို ဖိအားပေးနိုင်ဖို့ ခက်ခက်ခဲခဲ ရုန်းကန်ရမှာပါ။ ဟော်လန်ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ အာဂျန်ရော်ဘင်၊ စနိုက်ဒါတို့ဟာ အသင်းဖော်တွေအတွက် ဂိုးဖန်တီးပေးနိုင်စွမ်းရှိသလို ကိုယ်တိုင်လည်း ဂိုးသွင်းယူနိုင်သူတွေဖြစ်ပြီး ဗန်ပါစီ၊ ဟန်တယ်လာတို့ကလည်း ခြေစွမ်းပိုင်းထက်မြက်တဲ့ တိုက်စစ်ကစားသမားတွေမို့ ကော်စတာရီကာအသင်းကို ဖိအားပေးနိုင်စွမ်းရှိတယ်။ ဥရုဂွေး၊ အီတလီတို့ကို အနိုင်ယူပြီး အင်္ဂလန်ကို သရေကစားနိုင်ခဲ့သလို ၁၆ သင်း

စာမျက်နှာ ၂ သို့

ကွာတားဖိုင်နယ်အဆင့်ထက် ပိုမိုအောင်မြင်မှုရလိုသည်ဟု ကော်စတာရီကာကစားသမား ဘောဂတ်စ် ပြောဟု

ဖြိုးဒေါ်လာ

ကော်စတာရီကာအသင်း ကွင်းလယ်ကစားသမား ဘောဂတ်စ်က ကော်စတာရီကာအသင်းသားများသည် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာသွားရန်အလိုမရှိဖြစ်နေကြောင်း ပြောဆိုလိုက်သည်။

ကော်စတာရီကာအသင်းသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီ၊ ဥရုဂွေးအစရှိသည့်အသင်းကြီးများကို အနိုင်ရရှိအောင် ကစားထားနိုင်သည်အထိ ခြေစွမ်းကောင်းများ ပြသထားနိုင်ခဲ့သည်။

ထို့အပြင် ကော်စတာရီကာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်လာနိုင်ခြင်းဖြစ်သော်လည်း ဘောဂတ်စ်အနေဖြင့် ယခုထက် ပိုမိုသည့် အောင်မြင်မှုများ ရယူသွားလိုကြောင်း ပြောသွားသည်။

ဘောဂတ်စ်က "ကျွန်တော်တို့အသင်းဟာ ပွဲတိုင်းကိုတစ်ပုံစံတည်း ကစားသွားမှာပါ။ ဒီလိုကစားခဲ့လို့လည်း ရလဒ်ကောင်းတွေ ရရှိခဲ့ပါတယ်။ အသင်းသားတွေဟာ ဟော်လန်နဲ့ပွဲအတွက် ယုံကြည်မှုရှိနေပါတယ်။ ဒီအတွက်လည်း အသင်းရဲ့ စုစည်းမှုအားနဲ့ ပြီးခဲ့တဲ့ပွဲတွေမှာ ဘယ်လိုမျိုးတွေလုပ်ပြနိုင်ခဲ့တယ် ဆိုတာတွေအတွက် သက်သေပြရမှာပါ။ ကျွန်တော်တို့ဟာ အောင်မြင်မှုတွေကို ဆာလောင်နေတဲ့ အသင်းဖြစ်သလို ရည်မှန်းချက်ရှိတဲ့အသင်းဖြစ်ပါတယ်။ ရည်မှန်းချက်ကတော့ ပျောက်ပျက်လို့မရတဲ့ အရေးကြီးဆုံးအချက်ပါ" ဟု ပြောသွားသည်။

ထို့နောက် ပြီးခဲ့သည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယ ရရှိခဲ့သည့် ဟော်လန်အသင်း၏ ခြေစွမ်းထက် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းက ပိုမိုကောင်းမွန်နေသော်လည်း ကော်စတာရီကာအသင်းမှာ ရလဒ်ကောင်းများကို ရယူသွားနိုင်မည်ဟု ပြောဆိုသွားသည်။

မိမိတို့အသင်းကို ကမ္ဘာသိအောင်ပြမယ်လို့ ပြောလိုက်တဲ့ ခံစစ်မှူး ဂွန်ဇာလက်

ဒီနှစ် ကမ္ဘာ့ဖလားမှာ လူတိုင်းအတွက် အံ့သြဖွယ်ရာရလဒ်တွေ ရယူပေးနိုင်တဲ့ အသင်းကတော့ ကော်စတာရီကာ အသင်းပဲဖြစ်ပါတယ်။ ကော်စတာရီကာအသင်းရဲ့ ခံစစ်မှူး ဂွန်ဇာလက်ကအသင်းနဲ့အတူ အောင်မြင်မှုတွေရယူသွားပြီး အသင်းရဲ့ အရည်အချင်းကောင်းတွေကို ကမ္ဘာကသိအောင် ချပြသွားမယ်လို့လည်း ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ယခုနှစ်အပါအဝင် ကမ္ဘာ့ဖလားဝင်ခွင့်ကို လေးကြိမ်သာရရှိထားခဲ့တဲ့ ကော်စတာရီကာအသင်းဟာ ဒီနှစ် ကမ္ဘာ့ဖလားအုပ်စု(D)မှာ အင်္ဂလန်၊ အီတလီ၊ ဥရုဂွေးတို့လို အသင်းကြီးတွေနဲ့ တွေ့ဆုံခဲ့ရပေမယ့် အကောင်းဆုံးဖြတ်ကျော်နိုင်ခဲ့ပြီး အုပ်စုပထမနဲ့ ၁၆သင်းအဆင့်ကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ကော်စတာရီကာအသင်းဟာ ၁၆သင်းအဆင့် ပြိုင်ပွဲမှာလည်း ဂရိအသင်းကိုပယ်နယ်တီနဲ့ အနိုင်ကစားနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ကော်စတာရီကာ အသင်းနဲ့ပတ်သက်ပြီး ခံစစ်မှူးဂွန်ဇာလက်က "ယခုနှစ်ကမ္ဘာ့ဖလားမှာ ကျွန်တော်တို့အသင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကော်စတာရီကာအသင်းကို ကမ္ဘာ့က သိအောင်ပြသနိုင်ဖို့ပါပဲ။ ကျွန်တော်တို့အသင်းမှာကစားနေတဲ့ ကစားသမားတိုင်းဟာ ဥရောပထိပ်တန်း ကလပ်အသင်းတွေမှာ ကစားနေကြတဲ့ ကစားသမားတွေပါ။ ဒါ့ကြောင့်သူတို့ဟာ အသင်းအတွက် အောင်မြင်မှုတွေကို ဆောင်ကြဉ်းပေးကြမှာပါ။ ကျွန်တော်တို့အသင်းဟာ အရာအားလုံးကို အကောင်းဆုံးရင်ဆိုင်သွားဖို့လည်း အဆင်သင့်ပါပဲ။ လာမယ့်ပွဲဟာ ကျွန်တော်တို့အသင်းအတွက်တော့ တိုက်ပွဲတစ်ပွဲလိုပါပဲ။ ဟော်လန်အသင်းဟာ ခံစစ်သာမက တိုက်စစ်ပါကောင်းမွန်မှုရှိတဲ့ အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အသင်းဟာအကောင်းဆုံး ယှဉ်ပြိုင်ဖို့ကို အဆင်သင့်ဖြစ်နေပါပြီ" လို့ ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ကော်စတာရီကာအသင်းရဲ့အဓိက ဂိုးသမားနာဗက်စ်နဲ့ပတ်သက်ပြီးလည်း ခံစစ်မှူးဂွန်ဇာလက်က "နာဗက်စ်ဟာ အသင်းရဲ့ အဓိကအရေးကြီးတဲ့ ဂိုးသမားတစ်ဦးပါ။ သူ့ရဲ့စပိန် လာလီဂါအတွေ့အကြုံတွေဟာ အသင်းအတွက် များစွာလည်း အထောက်အကူပြုပါတယ်။ သူဟာအသင်းရဲ့ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး သူလိုကစားသမားတစ်ဦးအသင်းမှာရှိတဲ့အတွက် နိုင်ငံအနေနဲ့လည်း ဂုဏ်ယူရပါတယ်"လို့ ပြောဆိုခဲ့ပါတယ်။

ကော်စတာရီကာ အသင်းဟာ လာမယ့် ကွာတားဖိုင်နယ်ပွဲစဉ်မှာ ဟော်လန်အသင်းနဲ့ တွေ့ဆုံကစားရမှာဖြစ်ပါတယ်။

အောင်က

ဂွန်ဇာလက်

ဟော်လန်ကစားသမားများ ယုံကြည်မှုအပြည့်ရှိနေဟု ခံစစ်မှူး ရွန်ဗာလား သတိပေးစကားဆို

ဟော်လန်နောက်တန်း ကစားသမား ရွန်ဗာလားက နယ်သာလန်အသင်းသည် ကွာတားဖိုင်နယ်ပွဲအတွက် ယုံကြည်မှုအပြည့်ရှိနေပြီဖြစ်ကြောင်း ပြိုင်ဘက်ကော်စတာရီကာအသင်းကို သတိပေးစကား ဆိုလိုက်သည်။ ဟော်လန်အသင်းသည် ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိလာသည်အထိ နိုင်ပွဲများရယူနိုင်ခဲ့သည့်အသင်းလည်း ဖြစ်သည်။ ဟော်လန်အသင်းသည် ၁၆ သင်းအဆင့်တွင် မက္ကဆီကိုအသင်းကို ပွဲပြီးခါနီးသွင်းယူခဲ့သည့် ဂိုးများဖြင့် အနိုင်ရရှိခဲ့ပြီး ယခုအဆင့်သို့ တက်ရောက်နိုင်ခဲ့သလို ကော်စတာရီကာအသင်းမှာလည်း ၁၆ သင်းအဆင့်တွင် ဂရိအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရွန်ဗာလားက "အသင်းသားတွေရဲ့ စိတ်ဓာတ်ကတော့ အမြင့်ဆုံးအခြေအနေမှာရှိနေပါတယ်။ ကျွန်တော်တို့ ကစားခဲ့တဲ့ လေးပွဲစလုံးကို အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့ နောက်လာမယ့် စိန်ခေါ်မှုတစ်ခုဖြစ်တဲ့ အသင်းကောင်း ကော်စတာရီကာကိုလည်းအနိုင်ယူပြီး နောက်တစ်ဆင့်ကို တက်ရောက်ချင်ပါတယ်။ အသင်းသားတွေဟာ လေ့ကျင့်ရေးလုပ်ငန်းစဉ်တွေမှာ ကြိုးကြိုးစားစားလုပ်နေကြသလို စုစည်းမှုလည်း ရှိနေပါတယ်။ ကော်စတာရီကာနဲ့ ကစားရမယ့်ပွဲဟာ ခက်ခဲမယ့် ပွဲတစ်ပွဲဖြစ်လာမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ဟာ ဒီပွဲအတွက် အထူးအာရုံစိုက်ထားပါတယ်"ဟု ပြောသွားသည်။

ဖြိုးဒေါ်လာ

ကွာတားဖိုင်နယ်ကိုဖြတ်ကျော်မယ့် ကွန်ပါနေ

၂၀၁၄ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ကို တက်ရောက်လာခဲ့တဲ့ ဘယ်လ်ဂျီယံအသင်းဟာ အနိုင်ရလိုစိတ်ပြင်းထန်ပြီး ကစားသမားတွေ အားလုံးကြိုးစားကြလို့ ဖြစ်ပါတယ်လို့ ဘယ်လ်ဂျီယံအသင်းရဲ့အဓိကကစားသမားတစ်ဦးဖြစ်တဲ့ ကွန်ပါနေက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ၁၉၈၆ ခုနှစ်က ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စတုတ္ထရရှိခဲ့တဲ့မှတ်တမ်းသာ အမြင့်ဆုံးဖြစ်ပြီး ကျန်တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာတော့ ၁၆ သင်းအဆင့်ထိပဲတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လ်ဂျီယံအသင်းအတွက်ကတော့ ကမ္ဘာ့ဖလားသမိုင်းမှာ ဒုတိယမြောက် ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

"ကျွန်တော်တို့အသင်းဟာ ခြေစစ်ပွဲ ၁၀ ပွဲကစားခဲ့စဉ်က တစ်ပွဲမှ ရှုံးပွဲမရှိခဲ့ပါဘူး။ သရေနှစ်ပွဲပဲရှိခဲ့ပြီး ကျန်တဲ့ရှစ်ပွဲက အနိုင်ယူခဲ့တာ ဖြစ်ပါတယ်။ အခု ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ဘယ်လ်ဂျီယံအသင်းက အကောင်းဆုံး ရလဒ်တွေကို ဖော်ဆောင်နိုင်ခဲ့တာကို ပြိုင်ဘက်အသင်းတွေ သတိပြုမိဖို့တော့လိုပါတယ်"လို့ ကွန်ပါနေက ပြောကြားနေပါတယ်။

ဘယ်လ်ဂျီယံအသင်းရဲ့ နည်းပြဝီမော့ဟာ ၂၀၁၂ ခုနှစ်ကတည်းက ဘယ်လ်ဂျီယံအသင်း နည်းပြအဖြစ်တာဝန်ယူခဲ့ပြီး အသင်းကို စိတ်ကြိုက်ရွေးချယ်ဖွဲ့စည်းခဲ့တာမို့ အခုလို ကွာတားဖိုင်နယ်အထိ တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

"နည်းပြ ဝီမော့ဟာ တကယ်လေးစားထိုက်တဲ့သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့အသင်း အောင်မြင်မှုရရှိအောင် နည်းဗျူဟာချမှတ်နိုင်သူ တစ်ဦးပါပဲ။ ကျွန်တော်တို့အားလုံး အခုအချိန်မှာ စုစုစည်းစည်းနဲ့ ကွာတားဖိုင်နယ်ကိုဖြတ်ကျော်ဖို့အသင့် ရှိနေပါပြီ"ဟုလည်း ကွန်ပါနေက ပြောကြားပါတယ်။

ကိုဝ

အာဂျင်တီးနားကို ကြောက်ရွံ့သွားမှာမဟုတ်ဘူးလို့ဆိုလိုက်တဲ့ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဝစ်ဆဲလ်

ဘယ်လ်ဂျီယံအသင်းရဲ့ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဝစ်ဆဲလ်ကတော့ ကွာတားဖိုင်နယ်အဆင့်မှာတွေ့ရမယ့် အာဂျင်တီးနားအသင်းကို လုံးဝကြောက်ရွံ့သွားမှာမဟုတ်ဘဲ အကောင်းဆုံးရင်ဆိုင်ဖို့အတွက် အဆင်သင့်ဖြစ်နေပြီလို့ ပြောဆိုလိုက်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ၁၆ သင်း ရှုံးထွက်အဆင့်မှာတော့ အမေရိကန်အသင်းကို အချိန်ပိုရောက်မှသာ ၂-၁နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ကွာတားဖိုင်နယ် အသင်းအဆင့်ကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းနဲ့ ကွာတားဖိုင်နယ်အဆင့်မှာ တွေ့ဆုံကစားရမယ့် အာဂျင်တီးနားအသင်းကလည်း ၁၆ သင်းအဆင့်မှာတော့ ဆွစ်ဇာလန်အသင်းကို အချိန်ပိုရောက်မှသာ ဒီမာရီယာရဲ့ သွင်းဂိုးနဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီး ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဝစ်ဆဲလ်က "ကျွန်တော်တို့ အသင်းရဲ့ ရည်မှန်းချက်ကတော့ ကွာတားဖိုင်နယ်အဆင့်ကို ရောက်ရှိရေးပါပဲ။ အခုအချိန်မှာ ကျွန်တော်တို့ အသင်းဟာ ကွာတားဖိုင်နယ်အဆင့်ကို ရောက်ရှိနေခဲ့ပြီ ဖြစ်တာကြောင့် အကောင်းဆုံးကစားသွားဖို့လည်း အဆင်သင့်ဖြစ်နေပါပြီ။ ဒါဟာ ကျွန်တော်တို့အသင်းအတွက်တော့ ဆီမီးဖိုင်နယ်အဆင့်ကို ဖြတ်ကျော်နိုင်ဖို့အတွက် အခွင့်ကောင်းဖြစ်ပါတယ်။ အာဂျင်တီးနား အသင်းဟာ မက်ဆီ၊ ဒီမာရီယာ၊ ဟီဂွာရင်တို့လို့ အကောင်းဆုံးကစားသမားတွေရှိတဲ့ အသင်းကောင်း တစ်သင်းလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကလည်း အရည်အချင်းကောင်း တွေရှိတဲ့အသင်းပါ။ ကျွန်တော်တို့ဟာ အာဂျင်တီးနားအသင်းကို ကြောက်ရွံ့မှုမရှိဘဲ အနိုင်ရရှိအောင် ကစားသွားမှာပါ။ ဒါတွေဟာ ကျွန်တော်တို့ အသင်းအတွက် အထူးလို့တောင်ပြောနိုင်ပါတယ်။ ကျွန်တော်တို့ အသင်းဟာ အံ့သြဖွယ်ရာ ရလဒ်တွေနဲ့အတူ ကမ္ဘာ့ဖလားမှာ ဆုဖလားရယူနိုင်မလားဆိုတာကတော့ မသိနိုင်သေးပါဘူး။ တစ်ပွဲပြီးတစ်ပွဲ အကောင်းဆုံးသာ ကစားသွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ စိတ်ကူးယဉ်အိပ်မက်ဟာ တကယ်ဖြစ်လာမှာပါ"လို့ ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင်ပြီးခဲ့တဲ့ အမေရိကန်ပွဲနဲ့ပတ်သက်ပြီးလည်း ဝစ်ဆဲလ်က "အမေရိကန်နဲ့ပွဲဟာ ကျွန်တော်တို့အတွက်တော့ စိတ်ကသိကအောက်ဖြစ်ရပါတယ်။ ကျွန်တော်တို့အသင်းဟာ ဂိုးသွင်းယူနိုင်ဖို့အတွက် အခွင့်အရေးတွေ အများကြီးရရှိခဲ့ပါတယ်။ ကျွန်တော်တို့ အသင်းဟာ ဂိုးပေါက်ကန်သွင်းမှုအနေနဲ့ ၃၈ ကြိမ်တောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကန်ချက်တိုင်းဟာ ဂိုးဝင်ခြင်းတော့ မရှိခဲ့ပါဘူး။ ဒါပေမယ့် နောက်ဆုံးမှာ အနိုင်ရရှိခဲ့တဲ့အတွက်တော့ အလွန်ပဲ ပျော်ရွှင်မိခဲ့ပါတယ်" လို့ ပြောဆိုခဲ့ပါတယ်။

■ အောင်က

ဝစ်ဆဲလ်

ဟော်လန်အသင်းအနိုင်ရပြီး အာဂျင်တီးနားနိုင်ပွဲအတွက် ရှန်းကန်ရမှာပါမှ

ရှုံးထွက်အဆင့်မှာလည်း ဂရိကို ဖြတ်ကျော်ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာတဲ့ ကော်စတာရီကာဟာ အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပရိသတ်စောင့်ကြည့်မှု အခံရဆုံးအသင်းတွေအနက်က တစ်သင်းဖြစ်တယ်။ ကော်စတာရီကာဟာ ပြိုင်ဘက်အသင်းတွေကို ဘောလုံးပိုင်ဆိုင်မှုအရ အသာစီးမရခဲ့ပေမယ့် ဘရိုင်ယန်ရုဇ်၊ ကင့်ဘဲလ်တို့လို အဆုံးသတ်ပိုင်းသေချာတဲ့ ကစားသမားတွေ ပါဝင်နေတာမို့ ရလဒ်ပိုင်း ကောင်းမွန်နေတယ်။ ဒါပေမယ့် ကော်စတာရီကာဟာ အခုပွဲမှာ ဟော်လန်ရဲ့ ထိုးဖောက်မှုကို ပွဲချိန်အတော်များများမှာခံရမှာမို့ ကော်စတာရီကာတိုက်စစ်က ဂိုးသွင်းဖို့ အခွင့်အရေး နည်းပါးမှာပါ။ ဒါ့အပြင် ကော်စတာရီကာအသင်း ဗဟိုခံစစ်မှူး ဒူအာတီကလည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ခံစစ်မှာ အနည်းငယ်အားနည်းမှု ရှိလာနိုင်တာကို သတိပြုရမယ်။ ကော်စတာရီကာကွင်းလယ်ရဲ့ ရှန်းအား မဆိုးပေမယ့် စနိုက်ဒါ၊ ရော်ဘင်တို့ ဦးဆောင်လာမယ့် ဟော်လန်ကွင်းလယ်ကိုတော့ ဖိအားပေးနိုင်ဖို့ ခက်တယ်။ ရှန်းအားကောင်းတဲ့ အသင်းနှစ်သင်းဆုံတွေ့တာဖြစ်ပေမယ့် ကစားသမားတစ်ဦးချင်း ခြေစွမ်းပိုင်း၊ ကမ္ဘာ့ဖလားပြိုင်ပွဲအတွေ့အကြုံတို့မှာ ကော်စတာရီကာဟာ ဟော်လန်ကို ယှဉ်နိုင်စွမ်းမရှိတာကြောင့် အခုပွဲမှာ ဟော်လန်ကသာ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဟော်လန်အသင်းကသာ နှစ်ဂိုးအသာနဲ့ အနိုင်ရရှိသွားလိမ့်မယ်လို့ သုံးသပ်မိတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၂-၀

ကမ္ဘာ့ဖလားနှင့် အသင်းများ၏ စွမ်းဆောင်မှုများ-၁ မှ

၃။ ဖြတ်တင်ဘော

ဒါပေမယ့် အာဂျင်တီးနားဟာ ဖြတ်တင်ဘောတွေပေးပို့နိုင်မှုမှာတော့ လက်ရှိအချိန်အထိ အားအကောင်းဆုံး အသင်းအဖြစ် ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာရပ်တည်နေတာ တွေ့ရတယ်။ အာဂျင်တီးနားဟာ ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ၉၇ ကြိမ်တိတိ ဖြတ်တင်ဘောတွေ ပေးပို့ထားနိုင်တာကို အခုလိုတွေ့ရတယ်။

အသင်း	ဖြတ်တင်ဘော	အသင်း	ဖြတ်တင်ဘော
အာဂျင်တီးနား	၉၇	ဂါနာ	၆၉
ပြင်သစ်	၈၇	ပေါ်တူဂီ	၆၇
ဂရိ	၈၁	နိုင်ဂျီးရီးယား	၆၅
ဘရာဇီး	၇၈	ဂျာမနီ	၆၂
ဘယ်လ်ဂျီယံ	၇၀	ခရိုအေးရှား	၆၁

၄။ ရှင်းထုတ်နိုင်မှု

ဒါပေမယ့် ဒီကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း ဘောလုံးရှင်းထုတ်မှုအပိုင်းမှာတော့ အဆိုပါအသင်းကြီးတွေဟာ အမေရိကန်ကိုတောင် မမီကြဘူး။ အမေရိကန်ဟာ ဒီပြိုင်ပွဲမှာ ဘောလုံးရှင်းထုတ်မှု ၁၆၅ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး ကော်စတာရီကာဟာလည်း ဘောလုံးရှင်းထုတ်မှု ၁၂၇ကြိမ်တိတိ ပြုလုပ်နိုင်ခဲ့တာကို တွေ့ရတယ်။ အရှင်းဆုံးပြောရရင် ဘောလုံးရှင်းထုတ်မှုအပိုင်းမှာ အားအကောင်းဆုံး ၁၀ သင်းအနက် အသင်းကြီးဆိုလို့ ဘရာဇီးနဲ့ ဟော်လန်တို့နှစ်သင်းသာ ဝင်ရောက်ပါဝင်နိုင်ခဲ့တာကို တွေ့ရတယ်။

အသင်း	ဘောလုံးရှင်းထုတ်မှု	အသင်း	ဘောလုံးရှင်းထုတ်မှု
အမေရိကန်	၁၆၅	နိုင်ဂျီးရီးယား	၁၁၅
ကော်စတာရီကာ	၁၂၇	ဘရာဇီး	၁၁၃
အယ်လ်ဂျီးရီးယား	၁၂၅	ဆွစ်ဇာလန်	၁၁၂
တောင်ကိုရီးယား	၁၂၀	ဟော်လန်	၁၁၂
အီရန်	၁၁၉	ချီလီ	၁၁၂

တကယ်တော့ ဒီအချက်တွေကို ဖော်ပြရမှုဟာ ပရိသတ်အနေနဲ့အသင်းတွေရဲ့ အဓိကအားသာချက်နဲ့ အားနည်းချက်တွေကို ထိထိမိမိသုံးသပ်နိုင်ဖို့ဖြစ်သလို ဒီအချက်တွေကိုအခြေခံပြီး ဘယ်အသင်းတွေ ဘာကြောင့် ထွက်ရတယ်၊ ဘယ်အသင်းတွေက ဘာကြောင့်တက်လာတယ်ဆိုတာကိုပါ သုံးသပ်နိုင်မှာဖြစ်ပါတယ်။

ဥပမာအားဖြင့် ဂျာမနီဟာ ဘောလုံးပေးပို့မှုအကောင်းဆုံးအသင်းဖြစ်ပေမယ့် ဂိုးကန်သွင်းမှု၊ ကန်သွင်းချက်တိကျမှုတွေမှာ အားနည်းခြင်းဟာ အဆုံးသတ်ပိုင်းသေချာတဲ့ ဗဟိုတိုက်စစ်မှူးကောင်း မပါဝင်မှုကို ရှင်းရှင်းလင်းလင်းပေါ်လွင်စေသလို ဖြတ်တင်ဘောတွေ အားအကောင်းဆုံးဖြစ်တဲ့ အာဂျင်တီးနားဟာလည်း ဂိုးကန်သွင်းမှု၊ ဂိုးပေါက်တည့်မှုတွေမှာ အားနည်းကာ ဂိုးပေါက်လွဲချော်မှုမှာ အများဆုံးဖြစ်နေမှုအရ တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်ပိုင်း အားနည်းမှုကိုပါ ချင့်ချိန်နိုင်မှာ ဖြစ်ပါတယ်။

ဒီအတွက်ကြောင့် ဒီလိုချင့်ချိန်တွက်ဆနိုင်ဖို့အတွက် ကျန်နေသေးတဲ့ အချက်တချို့ကို နောက်ရက်မှာ ထပ်မံဖော်ပြပေးသွားပါဦးမယ်။

ကမ္ဘာ့ဖလားနှင့် အသင်းများ၏ စွမ်းဆောင်မှုများ

ဝေမိုးဆက်

ဒီနှစ်ကမ္ဘာ့ဖလားက ဝိရောဓိတော်တော်ဖြစ်တယ်။ ထင်မှတ်ထားတဲ့ အသင်းကြီးအချို့က ထင်မှတ်ထားသလို ခြေစွမ်းမပြနိုင်ဘူး။ မထင်မှတ်ထားတဲ့ အသင်းငယ်တချို့ကျတော့ အကောင်းဆုံးခြေစွမ်းတွေထုတ်ပြပြီး မထင်မှတ်တဲ့ အဆင့်တွေအထိ တက်လာတယ်။ ဒီတော့ အဲဒီမှာ ဝိရောဓိဖြစ်တယ်။ ဘယ်အသင်းတွေ ဘယ်လိုကောင်းလို့ ဘယ်လိုဖြစ်သလဲ။ ဘယ်အသင်းတွေ ဘယ်နေရာတွေမှာ အားနည်းလို့ ဘယ်လိုဖြစ်သလဲကအစ ကမ္ဘာ့ဖလားနဲ့ပတ်သက်ပြီး ထိမိတဲ့ အချက်အလက်တချို့ကို သိလိုကြတယ်။ အဲဒါကြောင့် ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့တဲ့ အသင်းတွေရဲ့ အချက်အလက်အချို့ကို ပရိသတ်တွေလေ့လာနိုင်ဖို့ Daily Mail ရဲ့ ဖော်ပြမှုကိုအခြေခံကာ ပြန်လည်သုံးသပ်ဖော်ပြပေးလိုက်ရပါတယ်။

၁။ ပေးပို့မှုနှင့် ပေးပို့ခြင်းတိကျမှု

ဒီအချက်မှာတော့ ဂျာမနီက အကောင်းဆုံးပဲ။ ဂျာမနီက ဒီတစ်ကြိမ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စုစုပေါင်းဘောလုံးပေးပို့မှု ၂၆၉၅ ကြိမ်တိတိပြုလုပ်ထားနိုင်ကာ ဒီကမ္ဘာ့ဖလားပွဲအတွင်း ဘောလုံးပေးပို့မှုအများဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။ ဒ့ါအပြင် ဂျာမနီဟာ အဲဒီဘောလုံးပေးပို့မှု ၂၆၉၅ ကြိမ်အနက် ၂၃၇၈ ကြိမ် လိုရာရောက်အောင်ပေးပို့နိုင်ခဲ့မှုကြောင့်လည်း ဘောလုံးပေးပို့မှုတိကျတဲ့အသင်းတွေအနက်မှာလည်း အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေနိုင်တာတွေ့ရပါတယ်။ တကယ်တော့ ဒီပြိုင်ပွဲမှာ တီကီကာကာဘောလုံးကစားဟန်နဲ့ ပြိုင်ဘက်ကို အချိန်အဆက်မိမိတွဲဖက်ဖိအားပေးနိုင်တဲ့ စပိန်ကို အများစုက အထင်ကြီးခဲ့ကြပေမယ့် စပိန်ဟာ ဒီပြိုင်ပွဲမှာ ဘောလုံးပေးပို့မှု ၁၈၄၁ ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး အဲဒီအကြိမ်အရေအတွက်ဟာ ပဉ္စမမြောက်ဘောလုံးပေးပို့မှုအများဆုံးအသင်းအဖြစ်သာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပေးပို့မှုတိကျခြင်းမှာတော့ စပိန်ဟာ ချီလီထက် ပိုမိုကောင်းမွန်ခဲ့တဲ့အတွက် စတုတ္ထနေရာမှာရပ်တည်ထားနိုင်တာကို အခုလိုတွေ့ရပါတယ်။

အသင်း	ပေးပို့မှု	အသင်း	ပေးပို့မှုတိကျခြင်း
ဂျာမနီ	၂၆၉၅	ဂျာမနီ	၂၃၇၈
အာဂျင်တီးနား	၂၂၁၉	အာဂျင်တီးနား	၁၉၃၇
ချီလီ	၁၉၅၇	ပြင်သစ်	၁၆၆၀
ပြင်သစ်	၁၉၂၄	စပိန်	၁၅၇၄
စပိန်	၁၈၄၁	ချီလီ	၁၅၆၉
ဘယ်လ်ဂျီယံ	၁၇၃၉	အီတလီ	၁၄၅၁
အမေရိကန်	၁၆၅၄	ဘယ်လ်ဂျီယံ	၁၄၅၀
ဘရာဇီး	၁၆၄၆	အမေရိကန်	၁၃၆၇
ဆွစ်ဇာလန်	၁၆၃၇	ဆွစ်ဇာလန်	၁၃၅၄
အီတလီ	၁၆၂၇	ဘရာဇီး	၁၃၃၉

၂။ ဂိုးကန်သွင်းမှုတိကျခြင်း

ဒါပေမယ့် ဂျာမနီဟာ ဂိုးကန်သွင်းမှုအပိုင်းမှာတော့ ဟော်လန်ကို မမီဘူး။ ဒ့ါအပြင် ဂိုးပေါက်တည့်အောင်ကန်သွင်းနိုင်မှု အကြိမ်အရေအတွက်မှာလည်း ဘယ်လ်ဂျီယံကိုမမီဘူး။ ဟော်လန်က ဂိုးသွင်းမှုတိကျတဲ့ရာခိုင်နှုန်းအနေအထားမှာ ၆၂ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဂိုးကန်သွင်းမှု တိကျမှုအရှိဆုံးအသင်းအဖြစ် ရပ်တည်နေကာ ဂျာမနီကတော့ ဂိုးကန်သွင်းချက်တိကျမှုမှာ ၅၇ ဒသမ ၆ ရာခိုင်နှုန်းသာရှိတာတွေ့ရတယ်။ ဒ့ါအပြင် ဂိုးပေါက်တည့်မှုအနေအထားမှာလည်း အကောင်းဆုံးအသင်းအဖြစ် ၃၂ ကြိမ်တိုင် ဂိုးပေါက်တည့်အောင် ကန်သွင်းနိုင်တဲ့ ဘယ်လ်ဂျီယံက ထိပ်ဆုံးမှာရပ်တည်နေကာ ဂျာမနီကတော့ အကြိမ် ၃၀သာ ဂိုးပေါက်တည့်ခဲ့ပြီး ၂၂ကြိမ်တိတိ ဂိုးပေါက်လွဲချော်ခဲ့ကာ အဂ္ဂူရို၊ ဟီဂွာယင်တို့ ခြေစွမ်းမပြနိုင်တဲ့ အာဂျင်တီးနားကတော့ ဂိုးပေါက်လွဲချော်မှုအများဆုံးအသင်းအဖြစ် ရပ်တည်နေတာကို တွေ့ရတယ်။

အသင်း	ဂိုးကန်သွင်းမှုတိကျခြင်း	အသင်း	ဂိုးပေါက်တည့်မှု
ဟော်လန်	၆၂. ၇%	ဘယ်လ်ဂျီယံ	၃၂
ဂျာမနီ	၅၇. ၆%	ပြင်သစ်	၃၁
ဘရာဇီး	၅၆. ၈%	ဂျာမနီ	၃၀
ကိုလံဘီယာ	၅၅. ၅%	ဘရာဇီး	၂၉
တောင်ကိုရီးယား	၅၄. ၁%	ဟော်လန်	၂၇
စပိန်	၅၃. ၈%	အာဂျင်တီးနား	၂၇
နိုင်ဂျီးရီးယား	၅၁. ၄%	ဆွစ်ဇာလန်	၂၄
ပြင်သစ်	၅၀. ၈%	ကိုလံဘီယာ	၂၀
အယ်လ်ဂျီးရီးယား	၅၀. ၀%	ဂရိ	၁၉

အသင်း	ဂိုးပေါက်လွဲမှု	အသင်း	ဂိုးပေါက်လွဲမှု
အာဂျင်တီးနား	၃၄	ကင်မရွန်း	၂၅
ဂါနာ	၃၂	ဆွစ်ဇာလန်	၂၄
ဘယ်လ်ဂျီယံ	၃၂	မက္ကဆီကို	၂၃
ပြင်သစ်	၃၀	ဥရုဂွေး	၂၂
ဂရိ	၂၆	ဂျာမနီ	၂၂

စာမျက်နှာ ၃ သို့

ဂျာမနီကစားသမားများ